# ကြေးမုံ

The Mirror Daily

၁၉၅၇ မေ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**သူတော်ကောင်းတို့၏သတင်း ပျံ့နှံ့ကြိုင်လှိုင်**

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြက်ရုံးပန်းစသော ပန်းတို့၏အနံ့သည် လေထက်လေညာသို့ မပျံ့မလှိုင်၊ သူတော်ကောင်းတို့၏ သီလတည်းဟူသော ဂုဏ်သတင်းအနံ့သည် လေညာသို့ပင် ပျံ့နှံ့ကြိုင်လှိုင်၏၊ သူတော်ကောင်းတို့၏ သတင်းသည် အရပ်လေးမျက်နှာသို့ ပျံ့နှံ့ကြိုင်လှိုင်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၄)


၁၃၈၆ ခုနှစ်၊ တော်သလင်းလဆန်း ၁၃ ရက်၊ တနင်္ဂနွေနေ့။ Sunday, 15 September 2024 ၁၁၅၈၁


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပ နိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း နေပြည်တော်ကောင်စီနယ်မြေအတွင်း ရေကြီးရေလျှံမှုများကြောင့် ပျက်စီးမှုများနှင့်ပတ်သက်၍ ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန်အတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေးပြုလုပ်၊ ရေကြီးရေလျှံခဲ့မှုကြောင့် ပျက်စီးဆုံးရှုံးခဲ့သည့်အခြေအနေများအား လိုက်လံကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၁၄

နေပြည်တော်ကောင်စီနယ်မြေ အတွင်း ရေကြီးရေလျှံမှုများကြောင့် ပျက်စီးမှုများနှင့်ပတ်သက်၍ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်ရာ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တက်ရောက်အမှာစကား ပြောကြားသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ○

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ပျဉ်းမနားမြို့နယ် နတ်သူရဲကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်း၌ ရောက်ရှိနေသည့် ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ငွေများ ပေးအပ်စဉ်။




ပြည်လုံးကျွတ် သန်းခေါင်စာရင်း ကောက်ယူရန် ( ၁၅ ) ရက်သာ လိုတော့သည်။



ကြေးမုံ

# ရေကြီးရေလျှံသဘာဝဘေးဒဏ် ကျော်လွှားနိုင်ရေး လက်တွဲကြိုးပမ်း

ပြီးခဲ့သည့်ရက်သတ္တပတ်က တောင်တရုတ်ပင်လယ်ပြင်တွင် ဖြစ်ပေါ်ခဲ့သည့် အင်အားအလွန်ပြင်းထန်သော တိုင်ဖွန်းမုန်တိုင်း ရာဂီ၏အရှိန်နှင့် ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းနှင့် အနောက်မြောက်ပိုင်းတို့တွင် ဖြစ်ပေါ်ခဲ့သော လေဖိအားနည်းရပ်ဝန်းနှင့် မုန်တိုင်းငယ်အရှိန်တို့ကြောင့် စက်တင်ဘာလ ၁၀ ရက်နေ့မှစတင်ပြီး မြန်မာနိုင်ငံ နေရာအနှံ့အပြားတွင် မိုးအဆက်မပြတ် ရွာသွန်းမှုများ ဖြစ်ပေါ်ခဲ့သည်။

နေရာအနှံ့အပြားတွင် မိုးအဆက်မပြတ်ရွာသွန်းမှုများ ဖြစ်ပေါ်ခဲ့သောကြောင့် မြန်မာနိုင်ငံအတွင်းရှိ တောင်ပေါ်ဒေသများမှ တောင်ကျရေများ ဆင်းသက်လာမှု၊ မြစ်ရေနှင့်ချောင်းရေများ အဆက်မပြတ်မြင့်တက်လာမှုနှင့်အတူ နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ မြို့နယ်အချို့တို့တွင် ရုတ်တရက် ရေကြီးရေလျှံမှုများဖြစ်ပေါ်လာခဲ့သည်။ ရေကြီးရေလျှံဖြစ်ပေါ်ခဲ့သည့် မြို့နယ်၊ ကျေးရွာ၊ ရပ်ကွက်များရှိလမ်းပန်းဆက်သွယ်ရေးနှင့် လူနေအိမ်အဆောက်အအုံများ ပျက်စီးဆုံးရှုံးမှုဖြစ်ပေါ်ပြီး အများပြည်သူ ထိခိုက်ပျက်စီးဆုံးရှုံးမှုများနှင့် ကြုံတွေ့ခဲ့ရသည်။

ရေကြီးရေလျှံသဘာဝဘေးအန္တရာယ်နှင့် ကြုံတွေ့ခဲ့ရသော မြို့နယ်များတွင် သက်ဆိုင်ရာနယ်မြေအလိုက် နယ်မြေခံတပ်မတော်သားများက ဌာနဆိုင်ရာဝန်ထမ်းများ၊ ပရဟိတလူမှုရေးအသင်းအဖွဲ့များနှင့်အတူ ရေဘေးသင့်ပြည်သူများအား အရေးပေါ်ကယ်ဆယ်ပေးခြင်း၊ ရေဘေးလွတ်ရာနေရာများသို့ အလျင်အမြန် ရွှေ့ပြောင်းပို့ဆောင်ပေးခြင်း၊ ပျက်စီးသွားသော လမ်းတံတားများကို ပြန်လည်ပြုပြင်တည်ဆောက်ပေးခြင်း၊ ပြိုကျပျက်စီးသွားခဲ့သည့် အုတ်တံတိုင်းများနှင့် အဆောက်အအုံများကို ဖယ်ရှားရှင်းလင်းပေးခြင်း၊ လမ်းများ၌ ပိတ်ဆို့နေသော သစ်ပင်သစ်ကိုင်းများကို ခုတ်ထွင်ရှင်းလင်းပေးခြင်းနှင့် ရေဘေးသင့်ပြည်သူများအား စားရေရိက္ခာ၊ ဆေးဝါးစသည့် လိုအပ်သည်များ ကူညီဖြည့်ဆည်းပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်နေမှုအခြေအနေများနှင့် ရေကြီးရေလျှံဖြစ်ပေါ်ခဲ့သည့် အခြေအနေများကို စက်တင်ဘာလ ၁၃ ရက်နေ့က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ရာ ရေကြီးရေလျှံမှုဒဏ်ခံခဲ့ရသည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို အင်ပြည့်အားပြည့်ဖြင့် အမြန်ဆုံးဆက်လက်ဆောင်ရွက်သွားရန်၊ ရေဘေးသင့်ပြည်သူများ၏လက်ဝယ်သို့ ကူညီကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးပစ္စည်းများ အမြန်ဆုံးရောက်ရှိရေးအတွက် ဆောင်ရွက်သွားရန်၊ တိုင်ဖွန်းမုန်တိုင်း ရာဂီ၏အရှိန်ကြောင့် ရေကြီးရေလျှံမှုများ ကြုံတွေ့ခံစားခဲ့ရသည့် အခြားနိုင်ငံများနည်းတူ ပြည်ပနိုင်ငံများမှ ကူညီကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးပစ္စည်းများ အမြန်ဆုံးရရှိရေးအတွက်လည်း နိုင်ငံတော်အစိုးရမှ တာဝန်ရှိသူများအနေဖြင့် အမြန်ဆုံးချိတ်ဆက်ရယူနိုင်ရေး ဆောင်ရွက်သွားရန်နှင့် ရေဘေးသင့်ပြည်သူများအား အမြန်ဆုံးထောက်ပံ့ပေးနိုင်ရေး ဆက်လက်ဆောင်ရွက်သွားရန် မှာကြားခဲ့သည်။

ဖြစ်ပေါ်ခဲ့သော မုန်တိုင်းနှစ်ခု၏ အရှိန်များကြောင့် အခြားနိုင်ငံများနည်းတူ မြန်မာနိုင်ငံတွင်လည်း ရေကြီးရေလျှံအန္တရာယ်များ ဆိုးဆိုးရွားရွား ခံစားခဲ့ကြရသည်။ ယခုအခါ ရေများပြန်လည်ကျဆင်းသွားပြီး ပျက်စီးဆုံးရှုံး ထိခိုက်ခံစားရမှုများကို နိုင်ငံတော်အစိုးရ၊ လူမှုရေးအသင်းအဖွဲ့များ၊ စေတနာရှင်ပြည်သူများနှင့် အလှူရှင်များက မေတ္တာကရုဏာရှေ့ထားပြီး စာနာထောက်ထားမှုဖြင့် ပြန်လည်ကုစားပေးလျက်ရှိသည်။ စက်တင်ဘာလ ၁၃ ရက်နေ့ ည ၉ နာရီခွဲအချိန် မိုးလေဝသနှင့် ဇလဗေဒမှ တိုင်းထွာချက်အရ ဘင်္ဂလားပင်လယ်အော် အရှေ့မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားဒေ့ရှ်နိုင်ငံ အရှေ့တောင်ပိုင်းကမ်းခြေတို့တွင် အားကောင်းသော လေဖိအားနည်းရပ်ဝန်းတစ်ခုသည် ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိလာပြန်သည်။ ယင်းမုန်တိုင်းငယ်သည် မြန်မာနိုင်ငံသို့ ဦးတည်ရွေ့လျားခြင်းမရှိသော်လည်း အဆိုပါမုန်တိုင်းငယ်အရှိန်ကြောင့် မြန်မာနိုင်ငံဘက်တွင် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်လာနိုင်သည်။

ထို့ကြောင့် ကြုံတွေ့ခဲ့ရသည့် သဘာဝဘေးအန္တရာယ်ဖြစ်စဉ်ကဲ့သို့ စက်တင်ဘာလ ၁၃ ရက်နေ့ နံနက်ပိုင်းမှ စက်တင်ဘာလ ၁၅ ရက်နေ့အထိ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်လာနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက အသိပေးထားသည်။ မုန်တိုင်းအန္တရာယ်သည် မြန်မာနိုင်ငံသို့ ဦးတည်တိုက်ခတ်ခြင်းမရှိသော်လည်း ပတ်ဝန်းကျင်တွင် ဖြစ်ပေါ်ခဲ့သည့်မုန်တိုင်းများ၏အရှိန်ကြောင့် မြန်မာနိုင်ငံတွင်လည်း သဘာဝဘေးဒဏ်ကို ခံကြရသည်။

ဖြစ်ပေါ်ခဲ့သည့် သဘာဝဘေးအန္တရာယ်ထိခိုက်မှုများကို အလျင်အမြန် ပြန်လည်ထူထောင်ပေးလျက်ရှိပြီး ထပ်မံဖြစ်ပေါ်လာနိုင်သည့် မိုးသည်းထန်စွာရွာသွန်းမှုနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များကို သက်ဆိုင်ရာအဖွဲ့အစည်းများက ထိခိုက်ဆုံးရှုံးနိုင်ခြေအနည်းဆုံးဖြစ်အောင် လျှော့ချနိုင်ရေးနှင့် ပြည်သူများအနေဖြင့် သတိပြုနေထိုင်ရေးတို့ကို ကြိုတင်အသင့်ပြင်ဆင်၍ တက်ညီလက်ညီ လက်တွဲကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။

## ၂၀၂၄ ခုနှစ်၊ (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက် (၄)ရပ်

၁။ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

၂။ တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအနုပညာအမွေအနှစ်များနှင့် အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်စေရန် ဖော်ထုတ်၊ ထိန်းသိမ်း၊ မြှင့်တင်ရေး၊

၃။ မျိုးဆက်သစ်လူငယ်များအကြားတွင် ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ထုတ်ထိန်းသိမ်းခြင်းနှင့်ထပ်တူ အမျိုးသားရေးစိတ်ဓာတ်များ ပိုမိုထွန်းကားပြန့်ပွားနေစေရေး၊

၄။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် အမျိုးသားယဉ်ကျေးမှု အခန်းကဏ္ဍမှ တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

## အဓမ္မခိုင်းစေမှုဆိုင်ရာတိုင်ကြားမှုများကို အမျိုးသားအဆင့် အဓမ္မခိုင်းစေမှုဆိုင်ရာတိုင်ကြားမှု ယန္တရား (National Complaints Mechanism-NCM)ဖြင့် ဆက်လက်ဖြေရှင်းဆောင်ရွက်လျက်ရှိ တိုင်ကြားသူနှင့်အဓမ္မခိုင်းစေခံရသူများမှ လုံခြုံစိတ်ချစွာ ဆက်သွယ်တိုင်ကြားနိုင်

မြန်မာနိုင်ငံသည် ၄-၃-၁၉၅၅ ခုနှစ်တွင် အဓမ္မခိုင်းစေမှုဆိုင်ရာပြဋ္ဌာန်းချက်အမှတ် ၂၉ ကို လက်ခံကျင့်သုံးလိုက်နာဆောင်ရွက်ခဲ့ပြီး အဓမ္မခိုင်းစေမှုပပျောက်စေရေးဆောင်ရွက်ရာ၌ မြန်မာနိုင်ငံအစိုးရကို ပိုမိုထိရောက်စွာအထောက်အကူပြုနိုင်ရန် ၂၀၀၂ ခုနှစ်တွင် ILO ဆက်သွယ်ရေးအရာရှိတစ်ဦးကို မြန်မာနိုင်ငံတွင် လက်ခံထားရှိရန် မြန်မာနိုင်ငံအစိုးရနှင့် ILO တို့အကြား နားလည်မှုစာချွန်လွှာတစ်ရပ် (Memorandum of Understanding-MoU) ကို လက်မှတ်ရေးထိုးခဲ့သည်။

နောက်ဆက်တွဲနားလည်မှုစာချွန်လွှာ (Supplementary Understanding-SU) ကို ၂၀၀၇ ခုနှစ်တွင် လက်မှတ်ရေးထိုးခဲ့ပြီး အဓမ္မခိုင်းစေမှုဆိုင်ရာတိုင်ကြားမှုယန္တရား (Complaints Mechanism) ထူထောင်ကာ တိုင်ကြားချက်များကို လက်ခံဖြေရှင်းဆောင်ရွက်ပေးခဲ့သည်။ အမျိုးသားအဆင့် အဓမ္မခိုင်းစေမှုဆိုင်ရာတိုင်ကြားမှုယန္တရား (National Complaints Mechanism-NCM)ကို ၂၀၂၀ ပြည့်နှစ်တွင် ထူထောင်ပြီးလည်ပတ်ဆောင်ရွက်ခဲ့ရာတွင် အလုပ်သမားဝန်ကြီးဌာနအပါအဝင် သက်ဆိုင်သည့်ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ကိုယ်စားလှယ်၊ အလုပ်ရှင်နှင့် အလုပ်သမားအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ ပါဝင်ဖွဲ့စည်းထားသော အမျိုးသားအဆင့် အဓမ္မခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုယန္တရား အကောင်အထည်ဖော်ရေးအမျိုးသားကော်မတီမှ အဓမ္မခိုင်းစေမှုတိုင်ကြားချက်များကို ကိုင်တွယ်ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိသည်။

ဤကဲ့သို့ အဓမ္မခိုင်းစေမှုဆိုင်ရာ တိုင်ကြားချက်များကို အမျိုးသားအဆင့်အဓမ္မခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုယန္တရား (National Complaints Mechanism-NCM) မှ ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိရာ မည်သူမဆိုအဓမ္မခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့၊ နေပြည်တော်ကောင်စီ၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၊ ILO ဆက်သွယ်ရေးအရာရှိရုံး(ရန်ကုန်)နှင့် အခြားအဖွဲ့အစည်းများမှတစ်ဆင့်လည်းကောင်း၊ အလုပ်သမားဝန်ကြီးဌာန ရုံးအမှတ်(၅၁) နေပြည်တော်သို့ လူကိုယ်တိုင် (သို့မဟုတ်) စာဖြင့်လည်းကောင်း၊ ဖုန်းနံပါတ် ၀၆၇-၃၄၃၀၁၈၄၊ ၀၆၇-၃၄၃၀၂၂၉၊ ၀၆၇-၃၄၃၀၂၇၄ နှင့် E-mail လိပ်စာ directorgeneral.dol@gmail.com, moloffice 51@ gmail.com, research. org.dol.mm@gmail.com များသို့လည်းကောင်း တိုင်ကြားသူနှင့် အဓမ္မခိုင်းစေခံရသူများမှ လုံခြုံစိတ်ချစွာဆက်သွယ်တိုင်ကြားနိုင်ကြောင်း ရုံးအဖွဲ့၊ အမျိုးသားအဆင့်အဓမ္မခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုယန္တရားနှင့် အလုပ်သမားဝန်ကြီးဌာနမှ အသိပေးကြေညာထားသည်။

## လှည်းကူးမြို့၌ သန်းခေါင်စာရင်းကောက်ယူရေး ခရိုင်အဆင့်နည်းပြသင်တန်းဆင်းပွဲ ကျင်းပ

လှည်းကူး စက်တင်ဘာ ၁၄ ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်တွင် ခရိုင်အဆင့်နည်းပြသင်တန်းဆင်းပွဲအခမ်းအနားကို အခြေခံပညာ အထက်တန်းကျောင်း (လှည်းကူး) အောင်ဆန်းခန်းမ၌ ယနေ့မွန်းလွဲ ၂ နာရီက ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ဝင်းဦးက သင်တန်းဆင်းအမှာစကားပြောကြားခဲ့ပြီး သင်တန်းသား သင်တန်းသူများအား သင်တန်းနည်းပြ ခန့်အပ်လွှာများကို တာဝန်ရှိသူများက ပေးအပ်သည်။

အဆိုပါသင်တန်းကို စက်တင်ဘာ ၃ ရက်မှ စက်တင်ဘာ ၁၄ ရက်အထိ ဖွင့်လှစ်သင်ကြားခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**


ကြေးမုံ

| | | | |
|---|---|---|---|
| **စာတည်းမှူးချုပ်** | - ဦးစိုးစိုးနိုင် | **အကြီးတန်း သတင်းထောက်များ** | - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ |
| **စာတည်းမှူး** | - ဦးဝင်းနိုင် | **အငယ်တန်း သတင်းထောက်များ** | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| **စာတည်းများ** | - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ | **သုတေသန** | - ဒေါ်ဇင်မာဝင့် |
| | | **စာပြင်** | - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့ |
| **ဘာသာပြန် စာတည်းများ** | - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့ |
| | | **အီးမေးလ်နှင့် အွန်လိုင်း** | - ဦးစိုးချစ်ဦးနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com

www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁

ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂

မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

○ ရှေ့ဖုံးမှ

အစည်းအဝေးသို့ အမျိုးသား သဘာဝဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း နှင့်အတူ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ဦးမျိုးသန့်၊ ဒေါက်တာ သက်ခိုင်ဝင်း၊ ဒေါက်တာစိုးဝင်း၊ ဦးမင်းနောင်၊ နေပြည်တော် ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီး ချုပ်ရုံးမှ တပ်မတော်အရာရှိကြီး များ၊ နေပြည်တော်တိုင်းစစ်ဌာန ချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း နေပြည်တော်ကောင်စီနယ်မြေအတွင်း ရေကြီးရေလျှံမှုများကြောင့် ပျက်စီးမှုများနှင့်ပတ်သက်၍ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

**ချောင်းရေများ ရုတ်ချည်းမြင့်တက်**

ဦးစွာ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဦးသန်းထွန်းဦးက နယ်မြေ အတွင်း ဗီယက်နမ်နိုင်ငံ ဟန္နိုင်းမြို့ အနီးမှ ဝင်ရောက်ခဲ့သည့် ရာဂီ မုန်တိုင်း၏ နောက်ဆက်တွဲ ကြွင်းကျန် မိုးတိမ်တိုက်များကြောင့် ကမ္ဘောဒီးယားနိုင်ငံ၊ လာအိုနိုင်ငံ၊ ထိုင်းနိုင်ငံအပါအဝင် မြန်မာနိုင်ငံ ၏နိုင်ငံတစ်ဝန်းနီးပါး မိုးသည်း ထန်စွာရက်ဆက်ရွာသွန်းခဲ့သဖြင့် ချောင်းရေ၊ မြစ်ရေများ ရုတ်တရက် မြင့်တက်၍ ရေကြီးရေလျှံမှု ဖြစ်ပေါ်ခြင်း၊ မြေသားနူးပြီး မြေပြို ခြင်း၊ တောင်ကျချောင်းရေများ ရုတ်ချည်းစီးဆင်းခြင်းများ ဖြစ်ခဲ့ ရာ စက်တင်ဘာ ၉ ရက် ညပိုင်းမှ ၁၁ ရက် နံနက်ပိုင်းအတွင်း နေပြည် တော်ကောင်စီ၏ မြို့နယ် ရှစ်မြို့နယ်အနက် တပ်ကုန်း မြို့နယ်မှစ၍ ပုဗ္ဗသီရိမြို့နယ်၊ ဇေယျာသီရိမြို့နယ်၊ ပျဉ်းမနား မြို့နယ်နှင့် လယ်ဝေးမြို့နယ်တို့ အတွင်း စီးဆင်းလျက်ရှိသည့် ဆင်သေချောင်းမှတစ်ဆင့် ချောင်း ရေများ ရုတ်ချည်းမြင့်တက်လျက် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့ ကြောင်း၊ ဆင်သေချောင်းအတွင်း သို့ နဝင်းချောင်း၊ မုန်ချောင်းနှင့် ကင်းသာချောင်း သုံးချောင်း၏ ချောင်းရေများသည် စက်တင်ဘာ ၉ ရက် တစ်ညအတွင်း မိုးရေချိန် ၁၁ လက်မအထိ ရွာသွန်းခဲ့သဖြင့် တောင်ကျရေနှင့် မြေပြိုမှုများမှ တစ်ဆင့် အရှိန်အဟုန်ဖြင့် တိုက်စား မှုများ ဖြစ်ပေါ်ခဲ့ခြင်း၊ ၎င်းမှ ကျန် မြို့နယ်လေးမြို့နယ်တို့ တစ်ဆင့် ပြီးတစ်ဆင့် ရောက်ရှိပြီး ရေလျှံမှု များ ဖြစ်ပေါ်ခဲ့ကြောင်း၊ စက်တင် ဘာ ၁၀ ရက်တွင် တပ်ကုန်းမြို့မှ အရှေ့ဘက် ၁၄ မိုင်အကွာ တောင် ခြေအထိသည် ရေပြင်ဖုံးလွှမ်းလျက် ခရိုင်ချင်းဆက်လမ်းများ၊ ကျေးရွာ ချင်းဆက် လမ်းများအထက် ၁၀ ပေမှ ၁၄ ပေခန့် မြင့်တက် လျက်ရှိ၍ ကယ်ဆယ်ရေးအဖွဲ့ များက အသက်ကယ်စက်လှေများ ဖြင့် ခက်ခက်ခဲခဲ ကူညီကယ်ဆယ် ရေးဆောင်ရွက်လျက် ရေလွတ် ရာသို့ ပို့ဆောင်ခြင်းများ ဆောင် ရွက်ခဲ့ရကြောင်း။

**၄၂ ဦးသေဆုံး**

သက်ဆိုင်ရာ မြို့နယ်အုပ်ချုပ် ရေးအဖွဲ့များမှ သဘာဝဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေး အဖွဲ့ခွဲများနှင့် လူမှုရေးအသင်း အဖွဲ့များမှလည်း သဘာဝဘေး အန္တရာယ်ဆိုင်ရာ စီမံချက်ပါအတိုင်း ကူညီကယ်ဆယ်ရေးအား အချိန် နှင့်တစ်ပြေးညီ ခက်ခက်ခဲခဲဆောင် ရွက်ခဲ့ရကြောင်း၊ စက်တင်ဘာ ၁၁ ရက် ညနေပိုင်းမှစ၍ တပ်ကုန်း မြို့နယ်မှတစ်ဆင့် ဆင်သေချောင်း ရေ ကျဆင်းခဲ့ရာ စက်တင်ဘာ ၁၂ ရက် နေ့လယ်ပိုင်းမှစ၍ ပျက်စီး ခဲ့သည့် လမ်း/တံတား/အဆောက် အအုံများ၊ အမှိုက်သရိုက်များ စတင်၍ ရှင်းလင်းနိုင်ပြီဖြစ် ကြောင်း၊ လက်ရှိအချိန်အထိ ကောက်ယူရရှိသည့် စာရင်းဇယား အရ ၄၂ ဦး သေဆုံးပြီး အိမ်ပေါင်း ၃၃ လုံး ရေမျောပါခြင်း၊ ရေမြုပ် အဆောက်အအုံ ၃၈၁၉ လုံး အပါ အဝင် ပျက်စီးမှုများကို စတင်၍ သန့်ရှင်းရေးပြုလုပ်ခြင်း၊ ကြွင်းကျန် ရေဘေးသင့်သူများ ဆက်လက် ရှာဖွေကယ်ဆယ်ခြင်းနှင့် ပြန်လည် ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်နေပြီ ဖြစ်ကြောင်း၊ ရုတ်ချည်းချောင်းရေ မြင့်တက် လာမှုကြောင့် သဘာဝဘေး အန္တရာယ်သင့်သည့် လူဦးရေ ၂၅၀၀၀ ခန့်အား နီးစပ်ရာ ဘုန်းတော်ကြီးကျောင်းများ အပါ အဝင် ကယ်ဆယ်ရေးစခန်း ၈၂ ခု ဖွင့်လှစ်၍ ကူညီကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်လျက် ရှိကြောင်း ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အစည်းအဝေးသို့ တက်ရောက်လာကြသည့် အမျိုး သား သဘာဝဘေးအန္တရာယ် ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌ(၁)နှင့်(၂)၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီး ဌာန၊ ဆောက်လုပ်ရေးဝန်ကြီး ဌာနတို့မှ ပြည်ထောင်စုဝန်ကြီး များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော် အရာရှိကြီးများ၊ နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများက ကဏ္ဍအလိုက် လက်တလော ဆောင်ရွက်ချက်များ၊ ဆက်လက် ဆောင်ရွက်သွားမည့် အစီအမံများ နှင့် လုပ်ငန်းအလိုက် ပြင်ဆင် ဆောင်ရွက်ထားရှိမှု အခြေအနေ များကို ရှင်းလင်းတင်ပြကြ သည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း နဝင်းချောင်း ယာယီဘေလီတံတား တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

ရှင်းလင်းတင်ပြမှုများအပေါ် အမျိုးသားသဘာဝဘေးအန္တရာယ် ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယ ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူး ကြီး စိုးဝင်းက ပျဉ်းမနားမြို့နယ်၊ တပ်ကုန်းမြို့နယ်၊ လယ်ဝေးမြို့နယ် အပါအဝင် နေပြည်တော်ကောင်စီ နယ်မြေအတွင်း သက်ကြီးရွယ်အို ရှေးမီနောက်မီ အဘိုးအဘွားတို့က ၎င်းတို့၏ သက်တမ်းတစ်လျှောက် ယခုကဲ့သို့ ရုတ်ချည်းရေကြီးရေလျှံ မှု၊ ရေလွှမ်းမိုးမှုများနှင့် မိုးသည်း ထန်စွာရွာသွန်းမှုများကို မကြုံခဲ့ဖူး ဟု သိရပါကြောင်း၊ ယခုဖြစ်ပွားမှု သည် ကမ္ဘာလုံးဆိုင်ရာ ရာသီဥတု ဖောက်ပြန် ပြောင်းလဲမှု၏ လက်တွေ့ဖြစ်စဉ်ဖြစ်ရပ်များ ဖြစ် ကြောင်း၊ သို့ရာတွင် မိမိတို့နိုင်ငံ တွင် ၂၀၂၃ ခုနှစ်တွင် ဖြစ်ပွားခဲ့ သည့် ဆိုင်ကလုန်းမုန်တိုင်းမိုခါ၏ အတွေ့အကြုံ၊ ၂၀၀၈ ခုနှစ် နာဂစ် မုန်တိုင်း အတွေ့အကြုံတို့အရ

စာမျက်နှာ ၄ သို့ ○



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ရန်ကုန်-မန္တလေးလမ်းဟောင်းတွင် ရေတိုက်စားမှုကြောင့် ထိခိုက်ပျက်စီးမှုများကို ကြည့်ရှုစစ်ဆေးစဉ်။

**☆ လက်ရှိအချိန်အထိ ကောက်ယူရရှိသည့် စာရင်းဇယားအရ ၄၂ ဦး သေဆုံးပြီး အိမ်ပေါင်း ၃၃ လုံး ရေမျောပါခြင်း၊ ရေမြုပ် အဆောက်အအုံ ၃၈၁၉ လုံးအပါအဝင် ပျက်စီးမှုများကို စတင်၍ သန့်ရှင်းရေး ပြုလုပ်ခြင်း၊ ကြွင်းကျန်ရေဘေးသင့်သူများ ဆက်လက် ရှာဖွေကယ်ဆယ်ခြင်းနှင့် ပြန်လည် ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေပြီဖြစ်**

❍ စာမျက်နှာ ၃ မှ
သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုကော်မတီအဆင့်ဆင့်ကို စီမံချက်နှင့်အညီဖွဲ့စည်းလျက် အောင်မြင်စွာ စီမံကျော်လွှားဆောင်ရွက်နိုင်ခဲ့မှုကြောင့် အဆိုပါအတွေ့အကြုံအရလည်း ယခုဖြစ်ပေါ်ခဲ့သည့် သဘာဝဘေးအန္တရာယ်ကိုလည်း ဆက်လက်၍ အောင်မြင်စွာ ကျော်လွှားနိုင်ရေး ဝိုင်းဝန်းကူညီဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ယခုဆိုင်ကလုန်းမုန်တိုင်းရာဂိ၏ အရှိန်ကြောင့် နေပြည်တော်ကောင်စီနယ်မြေအတွင်း သာမကရှမ်းပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ကျန်ပြည်နယ်အချို့နေရာတို့တွင်လည်း ရေကြီးရေလျှံမှု၊ တောင်ပြိုမှုများရှိပြီး အဆိုပါ ဖြစ်ပေါ်မှုများကိုလည်း သက်ဆိုင်ရာ ပြည်နယ်နှင့် တိုင်းဒေသကြီး သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုကော်မတီများက စီမံချက်နှင့်အညီ ကူညီကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း။


နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တပ်ကုန်းမြို့ရှိ ချမ်းမြေ့မြိုင်ရိပ်သာကျောင်းတိုက်၌ရောက်ရှိနေသော ရေဘေးသင့်ပြည်သူများအား တွေ့ဆုံအားပေးစကားပြောကြားစဉ်။


နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တပ်ကုန်းမြို့ အထွေထွေရောဂါကုဆေးရုံကြီး ခုတင် (၁၀၀) ၌ တက်ရောက်ဆေးကုသမှုခံယူနေသူတစ်ဦးအား ရင်းရင်းနှီးနှီးအားပေးစကားပြောကြားစဉ်။

## စနစ်တကျလှူဒါန်းနိုင်ရေး

နေပြည်တော်ကောင်စီနယ်မြေအတွင်း၌လည်း ရေဘေးသင့်ပြည်သူများကို အချို့သော အလှူရှင်များက တစ်နိုင်တစ်ပိုင် မိမိအစီအစဉ်ဖြင့် လာရောက်လှူဒါန်းမှု ပြုသည်ကိုလည်း တွေ့မြင်ကြားသိရ၍ ဝမ်းသာပါကြောင်း၊ အကြံပြုလိုသည်မှာ မိမိတို့တွင် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုကော်မတီ (Disaster Management Committee) ဖွဲ့စည်းထားရှိပြီး ၂၄ နာရီအရေးပေါ်ရုံးဖွင့်လှစ်ထားပြီးဖြစ်၍ မည်သည့်အလှူရှင်ကဖြစ်စေ မိမိတို့လှူဒါန်းလိုမှုအား ပိုမိုစနစ်တကျဖြစ်စေရေး၊ အညီအမျှ အကူအညီရရှိစေရေး စိတ်ဆန္ဒရှိသည့်နေရာ (သို့မဟုတ်) အများပြည်သူအတွက် စသည့် ခေါင်းစဉ်ဖြင့် DMC သို့ အကြောင်းကြားလာပါက အဆိုပါ ၂၄ နာရီ ဖွင့်လှစ်ထားသည့် DMC ကော်မတီက လိုအပ်သည့်ကယ်ဆယ်ရေးစခန်း(သို့မဟုတ်) စိတ်ဆန္ဒရှိသည့် ကယ်ဆယ်ရေး စခန်းများသို့ လမ်းညွှန်လျက် စနစ်တကျလှူဒါန်းနိုင်ရေး ဆောင်ရွက်ပါက ပိုမိုထိရောက် တွင်ကျယ်ပါကြောင်း၊ ဝိုင်းဝန်းဆောင်ရွက်စေလိုကြောင်း၊ ကောလာဟလသတင်းနှင့်ပတ်သက်၍လည်း ယခုဖြစ်စဉ်မှာ တစ်ညအတွင်း မိုးရေချိန် ၁၁ လက်မခန့် ရွာသွန်းခဲ့မှုကြောင့် ဖြစ်ပေါ်ခဲ့မှုအပေါ် ဆည်တမံများ ကျိုးပေါက်ခြင်း၊ ဆည်တမံများမှ ရေအလုံးအရင်း ဖောက်ထုတ်ခြင်းကြောင့် ရေကြီးရေလျှံမှုဖြစ်သည့် အပြင် ထပ်မံ၍လည်း ဖြစ်ပေါ်လာနိုင်၍ မိမိတို့နေရာမှ အမြန်ရွှေ့ပြောင်းကြရေး တရားမဝင် ပြည်ဖျက်မီဒီယာများ၊ ဖုန်းသတိပေးချက်များ ဖြစ်ပေါ်မှုမှလည်း ဒေသခံပြည်သူများ စိတ်အနှောင့်အယှက်ဖြစ်စေခြင်း၊ စိုးရိမ်ပူပန်မှု မြင့်တက်ခြင်းများ ဖြစ်ပေါ်သည်ကိုကြားသိရပါကြောင်း၊ ဆည်တမံနှင့်ပတ်သက်၍ နေ့စဉ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ရေဝင်ရောက်မှု၊ စိုးရိမ်ရမှု၊ မစိုးရိမ်ရမှုများကို နေ့စဉ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသို့ တင်ပြစေလျက်ရှိကြောင်း၊ နေပြည်တော်ကောင်စီအတွင်း ဆည်ပေါင်း ၁၂ ခုနှင့် ရေလှောင်တမံ ၁၂ ခုရှိရာ ဆည်၊ တမံများအခြေအနေမှာ စိုးရိမ်ရသည့် အနေအထားမရှိပါကြောင်း၊ နေ့စဉ်တာဝန်ရှိသူများက ဆည်တမံများ ကြံ့ခိုင်မှုများကို စစ်ဆေးလျက် နီးစပ်ရာ ကြီးကြပ်ရေးတာဝန်ခံများက ကယ်ဆယ်ရေးစခန်းအလိုက် အသိပေးကြရန်လိုကြောင်း၊ ထို့အပြင် ကယ်ဆယ်ရေးစခန်းအလိုက် အချို့စခန်းများ၌ အလှူရှင်များနှင့် နီးစပ်ရာကျေးရွာများမှ နေ့စဉ် ဆန်နှင့် ရိက္ခာအမယ်များ လှူဒါန်းကြသော်လည်း အချို့သောကယ်ဆယ်ရေးစခန်းများရှိ သက်ဆိုင်ရာတာဝန်ခံများက ထမင်းဘူးနှင့် သောက်ရေသန့်များ ဝေငှရသည့် အနေအထားဖြစ်ရာ နေ့စဉ်ပုံမှန် နံနက်၊ ည ကျန်းမာရေးနှင့်ညီညွတ်သည့်ထမင်းဟင်း ပုံမှန်အတိုင်း စားသုံးနိုင်ရေး ဘေးအန္တရာယ်စီမံခန့်ခွဲရေး ရန်ပုံငွေနှင့် နေပြည်တော်ကောင်စီတို့မှ ဆန်၊ ဆီ၊ ကုလားပဲ၊ ဆား၊ ငါးပိ စသည့် အခြေခံငါးမျိုးအား ကယ်ဆယ်ရေးစခန်းအလိုက် အရေးပေါ်ထားရှိ၍ နီးစပ်ရာ ရပ်ရွာလူမှုရေးအသင်းအဖွဲ့များမှ ချက်ပြုတ်ကျွေးမွေးနိုင်ရေးကိုလည်း စီမံပေးရန်လိုကြောင်း။


နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တပ်ကုန်းမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ရောက်ရှိနေသည့် ရေဘေးသင့်ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးနေသည့်အဖွဲ့များကို တွေ့ဆုံအားပေးစကားပြောကြားစဉ်။

အချို့ကျေးရွာများ၌ ယနေ့အချိန်အထိ တောင်ကျချောင်းရေများ တစ်ပေမှ နှစ်ပေအထိ ကျန်ရှိနေသေး၍ သန့်ရှင်းသောသောက်သုံးရေရရှိရေး သောက်ရေသန့်စက်ယာဉ်များ စေလွှတ်ကူညီပေးခြင်း၊ လွယ်ကူပေါ့ပါးသည့် Life Straw ကဲ့သို့ တစ်ပိုင်တစ်နိုင် သောက်ရေသန့်စက်များ အခက်အခဲရှိသည့် ကျေးရွာများအလိုက် ဖြန့်ဝေခြင်း၊ Bleaching Powder နှင့် ရေသန့်ဆေးပြားများ ပံ့ပိုးပေးခြင်း စီစဉ်ဆောင်ရွက်ရန်လိုကြောင်း၊ ကျန်းမာရေးအရ ရေဘေးအန္တရာယ်နောက်ဆက်တွဲဝမ်းပျက်ဝမ်းလျှောနှင့် ရေဝပ်နေရာများမှ ခြင်၊ ယင် ပေါက်ဖွားခြင်းကြောင့် ဖြစ်ပေါ်နိုင်သော နောက်ဆက်တွဲရောဂါများအပါအဝင် အထွေထွေကူးစက်ရောဂါများ မဖြစ်ပွားစေရေး ကယ်ဆယ်ရေးစခန်းအလိုက် နေပြည်တော်ကောင်စီ နယ်မြေအတွင်းရှိသော ဆေးရုံများ၊ တိုက်နယ်ဆေးရုံများ၊ ကျေးလက်ဆေးပေးခန်းများနှင့် ကျေးရွာများရှိ သူနာပြုဝန်ထမ်းများက မိမိတို့တာဝန်ကျရာ ကျေးရွာအလိုက် ကျန်းမာရေးနှင့် ပတ်သက်၍ အဆင့်ဆင့် နီးစပ်ရာကုသရေးဌာနများသို့ ဆက်သွယ်အကြောင်းကြားရန်လိုကြောင်း၊ ကျန်းမာရေးဝန်ထမ်း လစ်လပ်နေရာများကိုလည်း နီးစပ်ရာကျေးရွာများမှ သွားရောက်စီစစ်ရန် လိုအပ်ကြောင်း၊ လိုအပ်ပါက ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့ ဖွဲ့စည်း၍ ကူညီဆောင်ရွက်ရန် ခက်ခဲနေသေးသည့် ကျေးရွာများသို့ စေလွှတ်ကုသရန် စီစဉ်ပေးရေးနှင့် ယခုဆွေးနွေး ဆောင်ရွက်ချက်များအား ယခုရက်ပိုင်းအတွင်း သဘာဝဘေးအန္တရာယ် ကျရောက်ခဲ့သည့် ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးများရှိ DMC အဖွဲ့များထံသို့ ဆက်လက် အကြောင်းကြားဆောင်ရွက်ကြရန် လိုအပ်ကြောင်း ဆွေးနွေးမှာကြားပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

## နဝင်းချောင်းတံတား

ထို့နောက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် အဖွဲ့ဝင်များသည် ရန်ကုန်-မန္တလေးကားလမ်းဟောင်းပေါ်ရှိ အရှည်ပေ ၁၉၀၊ အကျယ် ၂၈ ပေရှိ နဝင်းချောင်းတံတားအား ရေတိုက်စားမှုကြောင့် ပြိုကျပျက်စီးခဲ့မှု အခြေအနေများကို သွားရောက်ကြည့်ရှု၍ ခရီးသွားပြည်သူများ အဆင်ပြေစွာ သွားလာနိုင်ရေးအတွက် လမ်းတံတားဦးစီးဌာနမှ ဝန်ထမ်းများနှင့် တာဝန်ရှိသူများက ယာယီဘေလီတံတား တည်ဆောက်နေမှု အခြေအနေများကို ကြည့်ရှုကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားခဲ့သည်။

အဆိုပါ နဝင်းချောင်းတံတား ယာယီဘေလီတံတားကို တံတားခံနိုင်ဝန်တန် ၄၀၊ အရှည် ပေ ၁၀၀၊ ယာဉ်သွားလမ်းအကျယ် ၂၄ ပေ၊ သံဘေလီသုံးလွှာ တစ်ထပ်တံတားထိုးခြင်း လုပ်ငန်းကို စက်တင်ဘာ ၁၁ ရက်မှစ၍ အစားထိုး စတင်တည်ဆောက်လျက်ရှိရာ စက်တင်ဘာ ၁၆ ရက်တွင် ပုံမှန်အတိုင်း ပြန်လည်သွားလာနိုင်မည် ဖြစ်ကြောင်း သိရသည်။

ထို့နောက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် အဖွဲ့ဝင်များသည် ကင်းသာလမ်းဆုံမှ ရန်ကုန်-မန္တလေး လမ်းဟောင်းအတိုင်း နေပြည်တော်ကောင်စီနယ်မြေအတွင်း လူနေရပ်ကွက်များ၊ ကျေးရွာများအတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်၍ ရေတိုက်စားမှုကြောင့် ထိခိုက်ပျက်စီးနေမှု အခြေအနေများ၊

စာမျက်နှာ ၅ သို့ ❋

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

✻ စာမျက်နှာ ၄ မှ

ကျေးရွာများအတွင်း ရေဝင်ရောက်နေမှုများ၊ လူနေအိမ်များ ရေဝင်ရောက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

**ထောက်ပံ့ပေးအပ်**

ဆက်လက်၍ အမျိုးသားသဘာဝဘေးအန္တရာယ် ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် အဖွဲ့ဝင်များသည် ပျဉ်းမနားမြို့နယ် နတ်သူရဲကျေးရွာရှိ အခြေခံပညာ အထက်တန်း ကျောင်းတွင် ရောက်ရှိနေသည့် ဆင်သေ၊ ပေါစံခေါ၊ ပိန္နဲပင်၊ ဇီးဖြူပင်၊ နှမ်းတောကျေးရွာများမှ ရေဘေးသင့်ပြည်သူ ၆၀၀ ခန့်အား သွားရောက်တွေ့ဆုံ၍ နေထိုင်စားသောက်ရေးအတွက် လိုအပ်သည်များစီစဉ် ဆောင်ရွက်ပေးနေမှုနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် လိုအပ်သည်များ ကူညီဆောင်ရွက်ပေးသွားမည့် အခြေအနေများနှင့် ပတ်သက်ပြီး အားပေးစကားပြောကြားကာ ထောက်ပံ့ငွေများနှင့် စားသောက်ဖွယ်ရာများကို ထောက်ပံ့ပေးအပ်ပြီး ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့သည်။

ယင်းနောက် မွန်းလွဲပိုင်းတွင် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်အဖွဲ့ဝင်များသည် တပ်ကုန်းမြို့ရှိ ချမ်းမြေ့မြိုင်ရိပ်သာကျောင်းတိုက်သို့ သွားရောက်၍ ဆရာတော် ဘဒ္ဒန္တသီဟာဉာဏအား ဖူးမြော်ကြည်ညိုကာ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး အဆိုပါ ကျောင်းတိုက်တွင် ရောက်ရှိနေသည့် ရှောက်ကုန်း၊ ကျားသေအိုင်၊ ပုန္နမာ၊ သာယာကုန်း၊ ဆင်သေနှင့် ပိန္နကုန်းကျေးရွာများရှိ ရေဘေးသင့်ပြည်သူ ၅၀၀ ခန့်အား တွေ့ဆုံ၍ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် လိုအပ်သည်များ ကူညီဆောင်ရွက်ပေးသွားမည့်အခြေအနေများ၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီအနေဖြင့်လည်း လိုအပ်သည်များ ထောက်ပံ့ပေးသွားမည့် အခြေအနေများကို ရှင်းလင်းပြောကြားသည်။

**ထောက်ပံ့ပေးအပ်**

အလားတူ ခရီးစဉ်တွင် လိုက်ပါလာကြသည့် ပြည်ထောင်စုဝန်ကြီးများက နေပြည်တော်ကောင်စီနယ်မြေအတွင်း ရေများပြန်လည်ကျဆင်းသွားပြီ ဖြစ်သည့်အတွက် အဆိုပါ ကျေးရွာ/ရပ်ကွက်များတွင် ပြန်လည်နေထိုင်ကြမည့်သူများအတွက် လိုအပ်သည့် အခြေခံစားသောက်ကုန် ပစ္စည်းများ ထောက်ပံ့ပေးနိုင်ရေး၊ သန့်ရှင်းသော သောက်သုံးရေရရှိရေးနှင့် လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသွားမည့် အခြေအနေများ၊ ဆည်တမံများနှင့် ပတ်သက်၍ ကောလာဟလ ထုတ်ပြန်မှုများနှင့်ပတ်သက်၍လည်း ပြည်သူများ စိုးရိမ်ထိတ်လန့်မှုများ မဖြစ်ပေါ်စေရန်တို့အတွက် ဆွေးနွေးပြောကြားကြပြီး ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ငွေများနှင့် စားသောက်ဖွယ်ရာများကို ထောက်ပံ့ပေးအပ်ပြီး ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့သည်။

ယင်းနောက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် အဖွဲ့ဝင်များသည် တပ်ကုန်းမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းတွင် ရောက်ရှိနေသည့် အောင်ဇေယျရပ်ကွက်၊ အနော်ရထာရပ်ကွက်၊ ဘုရင့်နောင်ရပ်ကွက်၊ နားကုန်း၊ ဇီးကုန်းနှင့် ဖြိုက်အင်းကျေးရွာများမှ ရေဘေးသင့်ပြည်သူ ၁၀၀၀ ကျော် ထားရှိသည့်နေရာသို့ သွားရောက်၍ အုပ်ချုပ်မှုနှင့် ကျန်းမာရေးဆိုင်ရာများ ပြုလုပ်ပေးနေသည့် အဖွဲ့များအလိုက် တွေ့ဆုံအားပေးစကားပြောကြားပြီး အဆိုပါကျောင်း၌ ယာယီဆေးခန်းဖွင့်လှစ်ထားရှိမှု၊ စားသောက်ကုန် ပစ္စည်းများ၊ အဝတ်အထည်များနှင့် ထောက်ပံ့ရေးပစ္စည်းများ အသင့်စုဆောင်းထားရှိမှုကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားကာ ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ငွေများ၊ ဆေးပစ္စည်းများနှင့် စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ဆက်လက်၍ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်

စာမျက်နှာ ၆ သို့ ✻





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း နဝင်းချောင်းတံတား (သာယာအေး) ယာယီဘေလီတံတား တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။





သိုက်ချောင်းတံတား(ဆင်သေချောင်းကူး) ပြင်ဆင်ဆောင်ရွက်နေမှုကို တွေ့ရစဉ်။

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး သဘာဝဘေးအန္တရာယ်ကြောင့် ရထားလမ်းနှင့်တံတားများ ပျက်စီးမှုနှင့် ပြန်လည်ပြင်ဆင်ဆောင်ရွက်မှုအခြေအနေများအား ကြည့်ရှုစစ်ဆေး

**နေပြည်တော် စက်တင်ဘာ ၁၄**

နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဗိုလ်ချုပ်ကြီး မြထွန်းဦးသည် ဝန်ကြီးဌာနနှင့် မြန်မာ့မီးရထားမှ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မြန်မာ့မီးရထား တိုင်းအမှတ် (၅) မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်နှင့် ပျော်ဘွယ်မြို့နယ်အတွင်းရှိ ရန်ကုန်-မန္တလေး ရထားလမ်းတစ်လျှောက် မကြာမီက မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် ရေတိုက်စားပြီး ပျက်စီး ချို့ယွင်းမှုအခြေအနေနှင့် အဆိုပါပျက်စီးချို့ယွင်းသည့်နေရာများအား မြန်မာ့မီးရထား ဝန်ထမ်းများက မွမ်းမံပြင်ဆင်ဆောင်ရွက်နေမှု အခြေအနေကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးသည် နံနက်ပိုင်းတွင် ရမည်းသင်း ဘူတာသို့ရောက်ရှိပြီး ရမည်းသင်းဘူတာမှ အင်ဂျင်နီယာသံလမ်း ပြေးယာဉ်ဖြင့် ရမည်းသင်းဘူတာနှင့် အင်းကုန်းဘူတာအကြား မိုင်တိုင်အမှတ် ၂၇၁/၁၆-၁၇ ရှိ အစုန်နှင့်အဆန်ရထားလမ်းနှစ်ဖက်စလုံး၌ တာပေါင် ပေ ၃၀ ခန့်စီ ရေတိုက်စား ပြတ်တောက်



ပျက်စီးနေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ရမည်းသင်းဘူတာနှင့် အင်ကြင်းကန်ဘူတာအကြား မိုင်တိုင်အမှတ် ၂၇၇/၁-၃ အတွင်း အစုန်ရထားလမ်း တာပေါင် ရေတိုက်စားမှုနှင့် မိုင်တိုင် ၂၇၇/၇-၈ အနီး အဆန်ရထားလမ်းပေါ်ရှိ တံတားအမှတ် ၅၁၅ ၏ မန္တလေးဘက်ခြမ်း ကမ်းကပ်ခုံ အစွန်းခံအုတ်ခုံ ရေတိုက်စားမှုကြောင့် ပြိုကျပျက်စီးနေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးသည် ရွှေဒါးဘူတာနှင့် ပျော်ဘွယ်ဘူတာအကြား အဆန်ရထားလမ်းပေါ်ရှိ တံတားအမှတ် ၅၂၉ နေရာတွင် ယာယီအသုံးပြုထားသော ပေ ၁၀၀ ဘေလီတံတား၏ရေလယ်ဒေါက်တိုင် ရေတိုက်စား၍ ပြိုလဲနေမှုကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးသည် ပျော်ဘွယ်ဘူတာသို့ ရောက်ရှိပြီး မြန်မာ့မီးရထား ဦးဆောင်ညွှန်ကြားရေးမှူး ရုံးချုပ်နှင့် တိုင်းအဆင့်မှ တာဝန်ရှိဝန်ထမ်းများအား တွေ့ဆုံ၍ မကြာမီက မြန်မာနိုင်ငံ အရှေ့ပိုင်းမှဝင်ရောက်ခဲ့သည့် မုန်တိုင်း၏ အရှိန်ကြောင့် မိုးသည်းထန်စွာ ရွာသွန်းခဲ့ပြီး မြန်မာ့မီးရထား၏ ပဲခူးတိုင်းဒေသကြီး နေပြည်တော်ကောင်စီနယ်မြေ မန္တလေးတိုင်းဒေသကြီးတို့ ဆက်စပ်သည့် ရန်ကုန်-မန္တလေး ရထားလမ်းမကြီးနှင့် ရှမ်းပြည်(တောင်ပိုင်း) သာစည်-ရွှေညောင်-တောင်ကြီး ရထားလမ်းပိုင်းတို့တွင် ရထားလမ်းတာပေါင်နေရာများ၊ တံတားများ ရေတိုက်စား ပျက်စီးမှုခံထားရကြောင်း၊ အဆိုပါ ပျက်စီးမှုများကြောင့် ရထားများ ပြေးဆွဲနိုင်ခြင်းမရှိဘဲ ယာယီရပ်ဆိုင်း ထားရသဖြင့် ခရီးသည်နှင့် ကုန်စည်သွားလာပို့ဆောင်မှုကို ထိခိုက်နေကြောင်း။

ထို့ကြောင့် ရထားများ အမြန်ဆုံးပြန်လည် ပြေးဆွဲနိုင်ရေးအတွက် ရထားလမ်းနှင့် တံတားများ ပြင်ဆင်မွမ်းမံမှုကို တိုင်းနယ်နိမိတ်အလိုက် လူအင်အား၊ ပစ္စည်းအင်အား၊ ထိရောက်သောထောက်ပံ့ပို့ဆောင်ရေးအစီအစဉ်တို့ဖြင့် စနစ်တကျ စီမံကြီးကြပ်သွားရေး၊ အဓိက ရထားလမ်းပိုင်းများတွင် မိုင်နှုန်းတိုးမြှင့်နိုင်ရေးအတွက်လည်း စီမံချက် စနစ်တကျချမှတ် အကောင်အထည်ဖော်သွားရေး၊ အသုံးမပြုတော့သည့် သံလမ်းဟောင်း၊ ဇလီဖားအဟောင်းများကို ဘူတာများတွင် စနစ်တကျ သိမ်းဆည်းထိန်းသိမ်းရေးနှင့် ဘူတာသန့်ရှင်းသပ်ရပ်ရေးတို့ကို မှာကြားသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးသည် ပျော်ဘွယ်ဘူတာနှင့် ရှမ်းရွာဘူတာအကြား အစုန်၊ အဆန်ရထားလမ်း နှစ်နေရာတွင် ရေတိုက်စားပြီး လမ်းတာပေါင် ပြတ်ကျပျက်စီးနေမှုကို ကြည့်ရှုစစ်ဆေးကာ ရေမျောသွားသည့် လမ်းခင်းကျောက်များ လေလွင့်ဆုံးရှုံးမှုနည်းပါးအောင် ပြန်လည်ဆယ်တင်နိုင်ရေး၊ ပြန်လည်ပြင်ဆင်မှု လုပ်ငန်းများ ပိုမို ထိရောက်မြန်ဆန်စေရေးအတွက် စက်ယန္တရားများ အသုံးပြုပြင်ဆင်မွမ်းမံရေး၊ သတ်မှတ်ထားသည့် စံနှုန်းအတိုင်း ပြုပြင်ထိန်းသိမ်းမှုကို ဆောင်ရွက်ရေး လိုအပ်ချက်များကို လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

✻ စာမျက်နှာ ၅ မှ

အဖွဲ့ဝင်များသည် ရေဝင်ရောက်မှုများ ဖြစ်ပေါ်ခဲ့သည့် တပ်ကုန်းမြို့ အထွေထွေရောဂါကုဆေးရုံကြီး (ခုတင်-၁၀၀)သို့ သွားရောက်၍ ပြန်လည်ပြင်ဆင်ရေး လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကာ ဆေးရုံတွင် တက်ရောက်ကုသလျက်ရှိသော လူနာများအား လိုက်လံကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများအား ရင်းရင်းနှီးနှီးမေးမြန်း အားပေးစကားပြောကြားကာ စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် အဖွဲ့ဝင်များသည် ရေတိုက်စားမှုကြောင့် တံတားချဉ်းကပ်ကွန်ကရစ်လမ်းနှစ်ဖက် ပေ ၄၀၀၊ မြေသားကျိုးကျပျက်စီးခဲ့သည့် နဝင်းချောင်းတံတား (သာယာအေး)အား ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊

# နေပြည်တော်ကောင်စီနယ်မြေအတွင်း တစ်ညအတွင်း မိုးရေချိန် ၁၁ လက်မခန့် ရွာသွန်းခဲ့မှုကြောင့် ဆင်သေချောင်း၊ ငလိုက်ချောင်းနှင့် ပေါင်းလောင်းမြစ်အတွင်းသို့ တောင်ကျချောင်းရေများ အဆက်မပြတ်စီးဆင်းကာ မြို့နယ် ရှစ်မြို့နယ်အနက် မြို့နယ် ငါးမြို့နယ်တို့တွင် ထိခိုက်ပျက်စီး၊ သေဆုံးမှုများ ဖြစ်ပေါ်ခဲ့

# သက်ဆိုင်ရာ မြို့နယ်/ကျေးရွာအလိုက် ကယ်ဆယ်ရေးစခန်း ၈၂ ခု ဖွင့်လှစ်၍ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ အဖွဲ့အစည်းများနှင့် ပရဟိတအသင်းအဖွဲ့များက ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိပြီး လက်ရှိတွင် အကူအညီလိုအပ်သည့် နေရာများသို့လည်း ကူညီကယ်ဆယ်ရေးအဖွဲ့များက သွားရောက်ကူညီပေးလျက်ရှိ

စစ်အင်ဂျင်နီယာ ညွှန်ကြားရေးမှူးရုံးမှ တာဝန်ယူပြန်လည်တည်ဆောက်နေသည့် တံတားအဝင် ချဉ်းကပ်လမ်း အရှည်ပေ ၂၂၀ နှင့် အထွက် ချဉ်းကပ်လမ်း အရှည်ပေ ၁၈၀ ရှိတံတားချဉ်းကပ်လမ်းနှစ်ဖက်အား ယာယီဘေလီတံတားတည်ဆောက်ရေးလုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ပြန်လည်တည်ဆောက်ရာတွင် ရေရှည်တည်တံ့ခိုင်မြဲရေး၊ သဘာဝဘေးဒဏ် ခံနိုင်ရေးအတွက် စနစ်တကျ ထည့်သွင်းတွက်ချက်၍ အမြန်ဆုံး ပြန်လည်ပြီးစီးအောင် ဆောင်ရွက်ရန်လိုအပ်သည့် အခြေအနေများနှင့် လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေးတို့အား မှာကြားသည်။ အဆိုပါ ယာယီဘေလီတံတားတည်ဆောက်ရေး လုပ်ငန်းကို စက်တင်ဘာလ နောက်ဆုံးအပတ်တွင် အပြီးတည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

ဆက်လက်ပြီး အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် အဖွဲ့ဝင်များသည် ဆင်သေချောင်းတစ်လျှောက် ရေကြီးရေလျှံခြင်းများကြောင့် တံတားကမ်းကပ်ခုံများ ပျက်စီးခြင်း၊ ချဉ်းကပ်လမ်း ရေတိုက်စား၍ လမ်းတာပေါင် ပျက်စီးခြင်း ဖြစ်ပေါ်ခဲ့သည့် နေပြည်တော်ကောင်စီ နယ်မြေ ဇေယျာသီရိမြို့နယ်နှင့် ပုဗ္ဗသီရိမြို့နယ်တို့အား ဆက်သွယ်ထားသော ပုဗ္ဗသီရိမြို့ပတ်လမ်းပေါ်ရှိ အရှည် ပေ ၃၆၀၊ အကျယ် ၅၅ ပေရှိ သိုက်ချောင်းတံတား (ဆင်သေချောင်းကူး) ပြင်ဆင်ဆောင်ရွက်နေမှုအခြေအနေများကိုသွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

နေပြည်တော်ကောင်စီ နယ်မြေအတွင်း ရေကြီးရေလျှံမှုများကြောင့် လမ်း/ တံတားများ ပျက်စီးမှုများဖြစ်ပေါ်ခဲ့ရာ ပြန်လည်ပြင်ဆင်ခြင်းလုပ်ငန်းများကိုလည်း အချိန်နှင့်တစ်ပြေးညီ အမြန်ဆုံးဆောင်ရွက်လျက်ရှိပြီး လက်ရှိအချိန်တွင် တပ်ကုန်းမြို့နှင့် ပျဉ်းမနားမြို့နယ်အတွင်း ကူညီကယ်ဆယ်ရေးလုပ်ငန်းများ၊ ထောက်ပံ့ရေးပစ္စည်းများနှင့် အခြားကုန်စည်ပို့ဆောင်ရေးလုပ်ငန်းများကို နှောင့်နှေးကြန့်ကြာမှု မရှိစေရေးအတွက် ခရိုင်ချင်းဆက်လမ်းမှတစ်ဆင့် ဆောင်ရွက်လျက်ရှိသည်။

နေပြည်တော်ကောင်စီနယ်မြေအတွင်း တစ်ညအတွင်း မိုးရေချိန် ၁၁ လက်မခန့် ရွာသွန်းခဲ့မှုကြောင့် ဆင်သေချောင်း၊ ငလိုက်ချောင်းနှင့် ပေါင်းလောင်းမြစ် အတွင်းသို့ တောင်ကျချောင်းရေများ အဆက်မပြတ်စီးဆင်းကာ မြို့နယ် ရှစ်မြို့နယ်အနက် မြို့နယ် ငါးမြို့နယ်တို့တွင် ထိခိုက်ပျက်စီး၊ သေဆုံးမှုများ ဖြစ်ပေါ်ခဲ့သည်။

ထို့ကြောင့် သက်ဆိုင်ရာ မြို့နယ်/ကျေးရွာအလိုက် ကယ်ဆယ်ရေးစခန်း ၈၂ ခု ဖွင့်လှစ်၍ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ အဖွဲ့အစည်းများနှင့် ပရဟိတအသင်းအဖွဲ့များက ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိပြီး လက်ရှိတွင် အကူအညီလိုအပ်သည့် နေရာများသို့လည်း ကူညီကယ်ဆယ်ရေးအဖွဲ့များက သွားရောက် ကူညီပေးလျက်ရှိသည်။

အလားတူ နေပြည်တော်ကောင်စီနယ်မြေမှ ကျဆင်းသွားသည့်ရေများသည် စစ်တောင်းမြစ်ဝှမ်းတစ်လျှောက် စီးဆင်း၍ ပဲခူးတိုင်းဒေသကြီး အတွင်း ဆက်လက် ဝင်ရောက်နေသည့်အတွက် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် သက်ဆိုင်ရာမြို့နယ်အလိုက် တာဝန်ရှိသူများက စစ်တောင်းမြစ်ဝှမ်းတစ်လျှောက်ရှိ ရေကြီးရေလျှံမှုများ ဖြစ်ပေါ်နိုင်သည့် ကျေးရွာများရှိ ပြည်သူများအား ကြိုတင်အသိပညာပေးခြင်းနှင့် ရေဘေးလွတ်ရာနေရာများသို့ ရွှေ့ပြောင်းနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ စစ်တောင်းမြစ်၏ ရေအခြေအနေမှာလည်း စိုးရိမ်ဖွယ်ရာ မရှိကြောင်းနှင့် အလားတူ စစ်တောင်းမြစ်ဝှမ်းတစ်လျှောက်မှ စစ်တောင်းမြစ်ဝတစ်ဝိုက်ရှိ ကျေးရွာများ ရေကြီးမှုကြောင့် ထိခိုက်ဆုံးရှုံးမှု မရှိစေရေး ကြိုတင်ပြင်ဆင်ထားရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ပျဉ်းမနားမြို့နယ်အတွင်း ရေဘေးသင့် ဘုန်းတော်ကြီးကျောင်း ၂၂ ကျောင်းမှ ဆရာတော် သံဃာတော်များအား လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် စက်တင်ဘာ ၁၄**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့နယ်အတွင်းရှိရေဘေးသင့်ဘုန်းတော်ကြီးကျောင်း ၂၂ ကျောင်းမှ ဆရာတော် သံဃာတော်များ ခေတ္တသီတင်းသုံးလျက်ရှိသော ပျဉ်းမနားမြို့ မာရ်အောင်ကျောင်းတိုက်၌ လှူဖွယ်ဝတ္ထုပစ္စည်းများ၊ နဝကမ္မအလှူတော်ငွေများ ဆက်ကပ်လှူဒါန်းခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါကျောင်းတိုက်၌ ကျင်းပရာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ အမြဲတမ်းအတွင်းဝန်၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်ပရိသတ်များက ပျဉ်းမနားမြို့နယ်သံဃနာယကအဖွဲ့ဒုတိယဥက္ကဋ္ဌ အောင်တံခွန်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တပဏ္ဍဝထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး အောင်တံခွန်ကျောင်း၊ မအူပင်ကျောင်းနှင့် သနပ္ပင်ဆိပ်(ရှေ့)ကျောင်းတိုက်၊ သနပ္ပင်ဆိပ်(နောက်)ကျောင်း၊ နှမ်းတောကျောင်းနှင့် မဂ္ဂင်ရိပ်သာကျောင်း၊ ဆင်သေရွာဦးကျောင်း၊ ဆင်သေဈေးကုန်းကျောင်းနှင့် သကြားစက်ကျောင်း၊ ကျွန်းဦးကျောင်း၊ သဲကျွန်းအလယ်ကျောင်းနှင့် ပေါစံခေါကျောင်း၊ သစ်ဆိမ့်ပင်ကျောင်း၊ ဇီးဖြူပင်ကျောင်း၊ ကျီးဖြူရိုးကျောင်းနှင့် ဥယျာဉ်ကျောင်းတို့မှ ဆရာတော်များအား နဝကမ္မအလှူငွေ၊ သင်္ကန်းနှင့် လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် အောင်တံခွန်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တပဏ္ဍဝထံမှ အနုမောဒနာတရားနာကြား၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ရေဘေးသင့်ပြည်သူများအား ထိန်းသိမ်းစောင့်ရှောက်ထားသော နေပြည်တော် တိုင်းသံဃနာယကအဖွဲ့ဝင် အုန်းတောကျောင်းတိုက်ဆရာတော် မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တတိသဆရာတော်အား သွားရောက်ဖူးမြော်ကြည်ညို၍ နဝကမ္မအလှူငွေ၊ သင်္ကန်းနှင့် လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းပြီး ကျောင်းတိုက်အတွင်းရှိ ရဟန်း၊ သာမဏေများအား ဆွမ်းအလှူရှင်များနှင့်အတူ နေ့ဆွမ်းလောင်းလှူကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ကျောင်းအတွင်း ရေဘေးရှောင်နေသော ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့နယ်နှင့် ဇေယျာသီရိမြို့နယ်အတွင်းရှိ ဆင်သေရွာ၊ ဈေးကုန်းရွာ၊ နှမ်းတောရွာ၊ သစ်ဆိမ့်ပင်ရွာ၊ သနပ္ပင်ဆိပ်ရွာ၊ အိုင်စောက်ရွာ၊ ကျောက်ချပ်ရွာ၊ စစ်အေးရွာ၊ ရွာသစ်ကြီးရွာတို့မှ ရေဘေးသင့်ဒေသခံပြည်သူ ၅၂၃ ဦး အား တွေ့ဆုံ အား ပေး စ ကား ပြော ကြား ၍ ဓမ္မလက်ဆောင်များနှင့် ပန်းပေါင်းစုံ ဗုဒ္ဓရုပ်ပွားဆင်းတုတော် အဆူ ၂၇၀ ပေးအပ်လှူဒါန်းပြီး စားသောက်ဖွယ်ရာများ၊ အဝတ်အထည်များကို ကျေးရွာနေ အိမ်ထောင်စုအလိုက်၊ တစ်ဦးချင်းအလိုက် ပေးအပ်လှူဒါန်းသည်။

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနေဖြင့် ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့နယ်အတွင်းရှိ ရေဘေးသင့် ဘုန်းတော်ကြီးကျောင်း ၂၂ ကျောင်းရှိဆရာတော် သံဃာတော်ကြီးများအား ဝတ္ထုငွေကျပ် ၄၄ သိန်း၊ သင်္ကန်း၊ ဆပ်ပြာမှုန့်၊ သွားတိုက်ဆေး၊ သွားတိုက်တံနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ လှူဒါန်းခဲ့သဖြင့် ယမန်နေ့က သွားရောက်လှူဒါန်းခဲ့သည့် နေပြည်တော် ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ ရေဘေးသင့်ဘုန်းတော်ကြီးကျောင်း၊ သီလရှင်ကျောင်း ၃၃ အပါအဝင် စုစုပေါင်း ၅၅ ကျောင်း လှူဒါန်းခဲ့ပြီးဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း မိုးသည်းထန်စွာရွာသွန်း၍ ရေကြီးရေလျှံမှုကြောင့် ပြိုလဲပျက်စီးသွားသည့် ဓာတ်အားလိုင်းများ ပြန်လည်ပြုပြင် တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၁၄**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်းသည် ဒုတိယဝန်ကြီး ဦးအေးကျော်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း မိုးသည်းထန်စွာရွာသွန်း၍ ရေကြီးရေလျှံမှုကြောင့် ပြိုလဲပျက်စီးသွားသည့် ဓာတ်အားလိုင်းများ ပြန်လည်ပြုပြင်တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။



**ရှင်းလင်းတင်ပြ**

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တပ်ကုန်းမြို့နယ်အတွင်း ဓာတ်အားလိုင်းများ၊ တာဝါတိုင်များ ပြန်လည်ပြုပြင်တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေသည့် လုပ်ငန်းခွင်သို့ရောက်ရှိရာ တာဝန်ရှိသူများက ဓာတ်အားအမြန်ပို့လွှတ် ဖြန့်ဖြူးပေးနိုင်ရေး ဆောင်ရွက်သွားမည့် အစီအမံများနှင့် လက်ရှိပြုပြင်တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးသည် လုပ်ငန်းခွင်အတွင်း ဓာတ်အားလိုင်းများ စစ်ဆေးပြုပြင်ခြင်းနှင့် ပြန်လည်တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု ၊ ဓာတ်အားလိုင်းတိုင်များစိုက်ထူနေမှု၊ တာဝါသံပေါင်ပျက်ပြုပြင်တပ်ဆင်နေမှုနှင့် တာဝါတိုင်များ ပြန်လည် စိုက်ထူနိုင်ရေး ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ဓာတ်အားပြတ်တောက်လျက်ရှိသည့် ဓာတ်အားလိုင်းတစ်လျှောက် ပျက်စီးမှုများကို အသေးစိတ်လိုက်လံစစ်ဆေး၍ ဓာတ်အားအမြန်ပြန်လည်ရရှိရေး ပြန်လည်ပြုပြင်ခြင်း လုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်သွားရန်နှင့် ပြုပြင်ရေးလုပ်ငန်းများ လျင်မြန်စွာဖြင့် ဆောလျင်စွာ ပြီးစီးနိုင်ရေး လူအင်အား၊ ယာဉ်ယန္တရားအင်အားများနှင့် ဓာတ်အားလိုင်းသုံး ဆက်စပ်ပစ္စည်းများကို စုဖွဲ့၍ အင်ပြည့်အားပြည့် အသုံးပြုပြီး ကြိုးပမ်း ဆောင်ရွက်သွားရန်၊ လုပ်ငန်းများ ဆောင်ရွက်စဉ် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ လုပ်ငန်းသုံးပစ္စည်းများ အရည်အသွေးစံချိန်စံညွှန်းပြည့်မီရေးနှင့် လေလွင့်ဆုံးရှုံးမှုမရှိစေရေး အလေးထားဆောင်ရွက်သွားကြရန်မှာကြားပြီး လိုအပ်သည်များအား ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

**ကြိုးပမ်းဆောင်ရွက်လျက်ရှိ**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်နှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ဓာတ်အားပြတ်တောက်လျက်ရှိသည့် ဧရိယာများကို ဓာတ်အားအမြန် ပြန်လည်ရရှိရေးအတွက် နေပြည်တော်တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ အင်ဂျင်နီယာများ ဦးဆောင်၍ လျှပ်စစ်ကျွမ်းကျင်ဝန်ထမ်း ၄၅၀ ဖြင့် ဓာတ်အားလိုင်း ပြန်လည်ပြုပြင်တည်ဆောက်ခြင်း လုပ်ငန်းများကို လျင်မြန်စွာပြီးစီးနိုင်ရေး အရှိန်အဟုန်မြှင့်တင်၍ ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# လူကုန်ကူးမှု အသိပညာပေး ဆိုင်းဘုတ်စိုက်ထူခြင်း အခမ်းအနားကျင်းပ

**ရန်ကုန် စက်တင်ဘာ ၁၄**

အမှတ်(၆) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု(ရန်ကုန်)မှ (၁၂)ကြိမ်မြောက် မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ် လူကုန်ကူးမှုအသိပညာပေးဆိုင်းဘုတ်စိုက်ထူခြင်းအား ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ဆရာစံလမ်း ဆရာစံပန်းခြံရှေ့နှင့် နိုင်ငံကူးလက်မှတ်ထုတ်ပေးရေးရုံး(ရန်ကုန်)အနီး၌ စိုက်ထူခဲ့ပြီး မင်္ဂလာဒုံမြို့နယ် အောင်မင်္ဂလာအဝေးပြေးယာဉ်ရပ်နားစခန်း မုံရွာလမ်းရှိ ဆိုက်ရောက်/ ထွက်ခွာဂိတ်တွင် ယမန်နေ့နံနက် ၉ နာရီက အလျား ၁၄ ပေ x အနံ ၆ ပေ ဆိုင်းဘုတ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့သည်။

**တက်ရောက်**

အဆိုပါ လူကုန်ကူးမှုအသိပညာပေးဆိုင်းဘုတ် စိုက်ထူပွဲအခမ်းအနားတွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန(လမ်းနှင့်တံတား) ဒုတိယညွှန်ကြားရေးမှူး ဦးရန်ငြိမ်းချမ်း၊ မင်္ဂလာဒုံမြို့နယ် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဆွေဦး၊ ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိကသယ်ယူပို့ဆောင်ရေးကြီးကြပ်မှုကော်မတီ(YRTC)မှ ဒုတိယဌာနမှူး ဦးကျော်မင်းနိုင်၊ အောင်မင်္ဂလာအဝေးပြေးကားဝင်း၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနဦးစီးမှူး ဦးခင်မောင်နိုင်၊ စစ်ဘက်ကုန်းလမ်းပို့ဆောင်ရေး(RTO)မှ တာဝန်ခံဒုအရာခံဗိုလ်အုံးကျော်၊ မင်္ဂလာဒုံမြို့နယ် ချစ်တီးကုန်းရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးခင်မောင်ဦး၊ မင်္ဂလာဒုံမြို့နယ် ရပ်ရွာအခြေပြု လူကုန်ကူးမှုစိစစ်ဖော်ထုတ်ရေးအဖွဲ့ဝင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့မှ ဒေါ်ခင်စန်းမူ ဦးစီးသည့် အဖွဲ့ဝင် နှစ်ဦး၊ အမျိုးသမီးရေးရာအဖွဲ့မှ ဒေါ်ခင်သက် ဦးစီးသည့် အဖွဲ့ဝင် နှစ်ဦး၊ တပ်ဖွဲ့စု(၆) (ရန်ကုန်)မှ တပ်ဖွဲ့စုမှူး ရဲမှူး တိုးမြို့ ဦးစီးသည့် တပ်ဖွဲ့ဝင်များတက်ရောက်ခဲ့ကြပြီး (၁၂)ကြိမ်မြောက် မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ် မင်္ဂလာဒုံမြို့နယ် အောင်မင်္ဂလာအဝေးပြေးကားဝင်းအတွင်း၌ ခရီးသွားပြည်သူများအား လူကုန်ကူးမှုအသိပညာပေး လက်ကမ်းစာစောင်များဖြန့်ဝေခဲ့ကြောင်း သိရသည်။




**ကျော်ဆန်းမြင့်**

# နေပြည်တော်ကောင်စီနယ်မြေပတ်ဝန်းကျင်ရှိ ဆည်တမံများကြံ့ခိုင်ရေးနှင့် ရေကြီးရေလျှံသည့်နေရာများမှ ရေထုတ်နုတ်မှုမြန်ဆန်စေရေး ကွင်းဆင်းဆောင်ရွက်



**နေပြည်တော် စက်တင်ဘာ ၁၄**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင် သည် ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်၊ တာဝန်ရှိသူများနှင့်အတူ ယမန်နေ့က မိုးအဆက်မပြတ်ရွာသွန်းခြင်းကြောင့် မြန်မာနိုင်ငံအလယ်ပိုင်းဒေသတွင် ရေကြီးရေလျှံမှုများဖြစ်ပေါ်လျက်ရှိသည့်အတွက် နေပြည်တော်ကောင်စီနယ်မြေပတ်ဝန်းကျင်ရှိ ဆည်တမံများ၏ ရေဝင်ရောက်မှုနှင့်ကြံ့ခိုင်မှု၊ ရေများအမြန်ဆုံးပြန်လည်လျော့ကျစေရေးအတွက် ရေနုတ်မြောင်းများတွင် ရေထုတ်နုတ်မှုမြန်ဆန်စေရေး ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ဆောင်ရွက်နေမှုများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

**ရှင်းလင်းတင်ပြ**

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် နေပြည်တော် တပ်ကုန်းမြို့နယ် ကျောက်ဆည်ကျေးရွာအနီးရှိ ကင်းသာရေထိန်းတမံသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ကင်းသာရေထိန်းတမံ၏ ရေသိုလှောင်နိုင်မှု၊ မိုးသည်းထန်စွာရက်ဆက်ရွာသွန်းမှုကြောင့် ရေထိန်းတမံအတွင်းသို့ သိုလှောင်နိုင်သည့်ပမာဏထက် များစွာပိုမိုသော ရေများအလုံးအရင်းဖြင့် ဝင်ရောက်လာမှု၊ ရေနှင့်အတူ သစ်လုံးကြီးများ၊ အမှိုက်ဒိုက်သဲနုန်းများ တမံအတွင်းသို့ ဝင်ရောက်လာမှု၊ ရေပိုလွှဲတံတားမှ စတင်ရေကျော်စီးဆင်းမှု၊ ရေများထပ်မံ တိုးဝင်မြင့်တက်လာပြီး တမံထိပ်ပြင်ပေါ် ရေကျော်ခြင်း၊ တမံရေတိုက်စားခြင်းများ ဆက်လက်ဖြစ်ပေါ်ခဲ့မှုနှင့် တမံထိခိုက်ပျက်စီးခဲ့မှုဖြစ်စဉ်များကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက လိုအပ်သော ပြုပြင်ထိန်းသိမ်းမှုလုပ်ငန်းစဉ်များ အမြန်ဆုံးလုပ်ဆောင်နိုင်ရေး၊ ထူးကဲသောမိုးရွာသွန်းမှုကြောင့် ရေကြီးမှုဖြစ်စဉ်ဖြစ်ပွားပြီး ပတ်ဝန်းကျင်ဒေသများ ထိခိုက်ခဲ့မှုအပေါ် လိုအပ်သောကူညီစောင့်ရှောက်မှုများ ဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာဌာနအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန်ဆွေးနွေးမှာကြားသည်။

ကင်းသာရေထိန်းတမံ ထိခိုက်မှုရှိခဲ့သော်လည်း တမံအလျားပေ ၂၃၀ ခန့်သာ ကျိုးပေါက်ပျက်စီးခဲ့ပြီး ကျန်ရှိသည့်တမံပေါင်များ ထိခိုက်ပျက်စီးမှုမရှိဘဲ တမံအတွင်း သဲနုန်းများဖုံးလွှမ်းလျက်ရှိသကဲ့သို့ ကင်းသာရေထိန်းတမံအောက်ပိုင်းရှိ လယ်မြေများတွင် သဲနုန်းများ ဖုံးလွှမ်းပျက်စီးခြင်း၊ ချောင်းရိုးပြောင်းလဲခြင်းများဖြစ်ပေါ်ခဲ့သော်လည်း အချို့ကုန်းမြင့်ပိုင်းလယ်များမှာ လုံးဝထိခိုက်မှုနှင့် ရေဖုံးလွှမ်းမှုမရှိသည်ကိုတွေ့ရှိရပြီး ထိခိုက်မှုမရှိသောလယ်မြေများကို မြေဆီဩဇာအပြည့်အဝသုံးစွဲပြီး ပန်းတိုင်အထွက်ရရှိအောင် ဆောင်ရွက်ပံ့ပိုးကူညီပေးနိုင်ရေး စီမံဆောင်ရွက်လျက်ရှိသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ရေဆင်းဆည်ရေသောက်ဧရိယာတွင် မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုဖြစ်ပေါ်လျက်ရှိသည့်နေရာများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး ရေထုတ်နုတ်မှုပိုမိုမြန်ဆန်စေရန် ဒေသခံများ ထိခိုက်မှုမရှိနိုင်သည့် အနိမ့်ပိုင်းချောင်းများ၊ ရိုးများအတွင်းသို့ ရေများထုတ်နုတ်နိုင်ရေးအတွက် လိုအပ်သောစက်ယန္တရားများအသုံးပြု၍ အမြန်ဆုံးဆောင်ရွက်ရန် စီမံဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



## ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၌ ကမ္ဘာ့အိုဇုန်းလွှာ ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် ဟောပြောပွဲကျင်းပ

**ရန်ကုန် စက်တင်ဘာ ၁၄**

ရန်ကုန်အရှေ့ပိုင်းခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာနရုံးက ဦးစီး၍ ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အကြိုအသိပညာပေးလှုပ်ရှားမှုကို စက်တင်ဘာ ၁၂ ရက် နံနက်ပိုင်းတွင် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် ဒဂုံဆိပ်ကမ်းစက်မှုဇုန်ရှိ စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီရုံး ကနောင်ခန်းမ၌ ကျင်းပသည်။

အဆိုပါဟောပြောပွဲတွင် ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်နိုင်မိုးက အထိမ်းအမှတ်ဆောင်ပုဒ်ဖြစ်သော "မွန်ထရီရယ်နောက်ဆက်တွဲစာချုပ် ရည်မှန်းချက်အောင်မြင်ဖို့ ရာသီဥတုပြောင်းလဲမှုတိုက်ဖျက်ရေး တိုးမြှင့်ဆောင်ရွက်စို့" ခေါင်းစဉ်ဖြင့် မြန်မာနိုင်ငံတွင် အိုဇုန်းလွှာပျက်စီးစေသည့် ဒြပ်ပစ္စည်းများလျှော့ချ/ ရပ်ဆိုင်းရေးဆောင်ရွက်မှုများ၊ အိုဇုန်းလွှာပျက်စီးမှုမရှိသောကမ္ဘာ့ပူနွေးမှုအညွှန်းကိန်းနိမ့် ဒြပ်ပစ္စည်းများနှင့် ၎င်းတို့၏ဂုဏ်သတ္တိများ၊ အိုဇုန်းလွှာပျက်စီးခြင်းနှင့် ရာသီဥတုပြောင်းလဲမှု၊ ရာသီဥတုပြောင်းလဲမှုအကျိုးဆက်များ၊ အိုဇုန်းလွှာပျက်စီးခြင်းနှင့် ရာသီဥတုပြောင်းလဲမှုကာကွယ်ရန်နည်းလမ်းများကို ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရန် စက်မှုဇုန်ကော်မတီနှင့် ဇုန်အတွင်းရှိစက်ရုံများမှ တာဝန်ရှိသူများအား အသိပညာပေးဟောပြောခြင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **နေမျိုးအောင်**

## ကြေညာချက်

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့စာတိုက်လုပ်ငန်းမှ မြန်မာနိုင်ငံတစ်ဝန်းရှိ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများ စာဖတ်နှုန်းမြင့်တက်စေရန် ရည်ရွယ်၍ တစ်ဖက်တစ်လမ်းမှ ပါဝင်ဝန်ဆောင်မှုပေးသည့်အနေဖြင့် ပြန်ကြားရေးဝန်ကြီးဌာနမှ ဖွင့်လှစ်ထားသော လူထုအခြေပြုဗဟိုဌာန (စာကြည့်တိုက်)များသို့ စာအုပ်များပေးပို့လှူဒါန်းလိုပါက မြန်မာ့စာတိုက်လုပ်ငန်းရှိ စာတိုက်များတွင် (အခမဲ့)ပေးပို့နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြန်မာ့စာတိုက်လုပ်ငန်း**
**ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန**

# ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း မိုးအဆက်မပြတ်ရွာသွန်းပြီး ရေကြီးရေလျှံမှုများကြောင့် ရေဘေးသင့်ခဲ့သည့်ကျေးရွာများ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်



**နေပြည်တော် စက်တင်ဘာ ၁၄**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ သက်ဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း မိုးအဆက်မပြတ်ရွာသွန်းပြီး ရေကြီးရေလျှံမှုများကြောင့် ရေဘေးသင့်ခဲ့သည့် ပြည်သူများအား ထောက်ပံ့ပစ္စည်းများပေးအပ်ပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် မိုးအဆက်မပြတ်ရွာသွန်းပြီး ဆင်သေချောင်း ရုတ်တရက်ရေကြီးရေလျှံမှုကြောင့် ရေဘေးသင့်ခဲ့သည့် အေးမြင့်သာယာကျေးရွာသို့ ရောက်ရှိပြီး ကျေးရွာအတွင်း ရေကြီးနစ်မြုပ်ခဲ့သည့် စက်ရေတွင်းများ၊ လက်တူးတွင်းများကို တွင်းဆေး လေမှုတ်ဆောင်ရွက်ခြင်း၊ ကလိုရင်းဆေးခတ်ခြင်း လုပ်ငန်းဆောင်ရွက်နေမှုကိုလည်းကောင်း၊ ကျေးရွာတွင်းလမ်းများ သန့်ရှင်းရေး ဆောင်ရွက်နေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက အများပိုင် အဆောက်အအုံများဖြစ်သည့် စာသင်ကျောင်း၊ ဆေးပေးခန်း၊ မူကြိုကျောင်း၊ လူထုအခြေပြုဗဟိုဌာနများ အမြန်ဆုံးပြန်လည်ဖွင့်လှစ်နိုင်ရေး လိုအပ်သည့် သန့်ရှင်းရေးလုပ်ငန်းများ အမြန်ဆုံးဆောင်ရွက်သွားရန်နှင့် လိုအပ်သည်များကို ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မိုးအဆက်မပြတ်ရွာသွန်းပြီး ရုတ်တရက်ရေကြီးရေလျှံမှုကြောင့် ပုဗ္ဗသီရိမြို့နယ်ရှိ ကျည်တောင်ကန်-ဇီးကုန်း-လေသာကျေးရွာချင်းဆက်လမ်းပေါ်ရှိ ဆင်သေချောင်းကူးတံတားမှ ဆင်သေချောင်းတစ်လျှောက် တံတားကမ်းကပ်ခုံများပျက်စီးခြင်း၊ ချဉ်းကပ်လမ်းရေတိုက်စား၍ လမ်းတာပေါင်ပျက်စီးခြင်းများ ဖြစ်ပေါ်ခဲ့သဖြင့် လမ်းပန်းဆက်သွယ်မှု မပြတ်တောက်စေရေး ဘေလီတံတားထိုး၍ ပြင်ဆင်ဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးရာ ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာန တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးက ကျည်တောင်ကန်-ဇီးကုန်း-လေသာ ကျေးရွာချင်းဆက်လမ်းပေါ်ရှိ ဆင်သေချောင်းကူးတံတားအပြင် ရေကြီးရေလျှံမှုများကြောင့် ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည့် အခြားတံတားများကို ယာယီတံတားများ အမြန်ဆုံးဆောင်ရွက်ပေးရန်လိုအပ်ကြောင်း၊ အများပြည်သူသွားလာရေး အဆင်ပြေစေရေးနှင့် လမ်းပန်းဆက်သွယ်မှု မပြတ် တောက်စေရေးအတွက် ရေကြီးရေလျှံမှုများလျော့ပါးသွားချိန်တွင် ပျက်စီးသွားသော တံတားများ ပြန်လည်ပြုပြင်တည်ဆောက်ရာတွင် ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် သဘာဝဘေးဒဏ်များ ခံနိုင်ရေးတို့အတွက် စနစ်တကျ ထည့်သွင်းတွက်ချက်ပြီး ပြန်လည်ပြင်ဆင် ဆောင်ရွက်သွားရန်လိုအပ်ကြောင်း ဆွေးနွေးမှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ပုဗ္ဗသီရိမြို့နယ် ဝဲကြီး-ဝင်ပျံကျေးရွာချင်းဆက်လမ်းပေါ်ရှိ ဆင်သေချောင်းကူးတံတားပျက်စီးမှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး အများပြည်သူသွားလာရေး အဆင်ပြေစေရေးနှင့် လတ်တလော လမ်းပန်းဆက်သွယ်ရေးများ ပြတ်တောက်မှုမရှိစေရေး၊ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး အမြန်ဆုံးဆောင်ရွက်သွားရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုဖြစ်ပွားခဲ့သည့် အခြေခံပညာကျောင်းများသို့ သွားရောက်ကြည့်ရှုစစ်ဆေး

**နေပြည်တော် စက်တင်ဘာ ၁၄**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေသည် ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်နှင့် ဒေါက်တာမိုးဇော်ထွန်း၊ ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရာဂီမုန်တိုင်းအရှိန်ကြောင့် မိုးကြီးကာ ရေနစ်မြုပ်မှုများဖြစ်ပေါ်ခဲ့သည့် တပ်ကုန်းမြို့နယ်ရှိ အခြေခံပညာကျောင်းများသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် တပ်ကုန်းမြို့နယ် သူဌေးကုန်းရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)၌ ရေဘေးဒဏ်ကို ရင်ဆိုင်ကြုံတွေ့ခဲ့ရသော ကျောင်းအုပ်ဆရာမကြီး၊ ဆရာ ဆရာမများနှင့် တွေ့ဆုံ၍ ထောက်ပံ့ငွေများပေးအပ်ပြီး ပြန်လည်ပြုပြင်ထူထောင်ရေးလုပ်ငန်းများကို အမြန်ဆုံးဆောင်ရွက်ပြီး စာသင်ကြားရေးလုပ်ငန်းများ ပြန်လည်စတင်နိုင်ရေးဆောင်ရွက်ရန် မှာကြားကာ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း၍ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် တပ်ကုန်းမြို့နယ် အောင်ဇေယျရပ်ကွက်ရှိ အောင်ဇေယျအလယ်တန်းကျောင်း၊ ဘုရင့်နောင်ရပ်ကွက်ရှိ ဘုရင့်နောင်အလယ်တန်းကျောင်း(ခွဲ)၊ ဆရာစံရပ်ကွက်ရှိ အမှတ်(၁) အခြေခံပညာအလယ်တန်းကျောင်းများသို့ သွားရောက်၍ ရာဂီမုန်တိုင်းအရှိန်ကြောင့် မိုးကြီးရေနစ်မြုပ်ကာ ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် စာသင်ဆောင်အခြေအနေများသို့လည်းကောင်း၊ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ဖွင့်လှစ်ထားသည့် ယာယီရေဘေးရှောင် ကယ်ဆယ်ရေးစခန်းများသို့လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။



ထိုသို့ လှည့်လည်ကြည့်ရှုစဉ် အဆိုပါကျောင်းများမှ ဆရာ ဆရာမများနှင့်လည်းကောင်း၊ ကယ်ဆယ်ရေးစခန်းများရှိ ရေဘေးဒုက္ခသည်များနှင့်လည်းကောင်း တွေ့ဆုံ၍ အားပေးစကားပြောကြားကာ ချီးမြှင့်ထောက်ပံ့ငွေများ၊ ရေသန့်ဘူးနှင့် ခေါက်ဆွဲခြောက်ထုပ်များပေးအပ်၍ လိုအပ်သည်များကို ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

သတင်းစဉ်

# အခြေခံပညာကျောင်းများ၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၁၄**

၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် တက်ရောက် ပညာသင်ကြားလျက်ရှိသည့် ကျောင်းသားကျောင်းသူများ အဆင်ပြေချောမွေ့စွာ ပညာသင်ကြားနိုင်ရေးနှင့် စာသင်ကျောင်းများ ဥပစာရပ်ကောင်းမွန်စေရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာကျောင်းများတွင် ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေး လုပ်ငန်းများကို စုပေါင်း ဆောင်ရွက်ပေးလျက်ရှိသည်။

**စုပေါင်းဆောင်ရွက်**

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့ရှိ အခြေခံပညာ အလယ်တန်းကျောင်း၌လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး ဒေါပုံမြို့နယ် အပါအဝင် မြို့နယ် ၁၂ မြို့နယ်တို့၌လည်းကောင်း စာသင်ကျောင်းများ အတွင်း/အပြင်ရှိ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များ ရှင်းလင်းခြင်း၊ ခြင်ဆေးဖျန်းပေးခြင်း၊ အဘိတ်ဆေးများခတ်ပေးခြင်းနှင့် ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်းတို့ကို



နယ်မြေခံတပ်မတော်သားများက ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့်အတူ စုပေါင်းဆောင်ရွက်ပေးကြသည်။

ထို့အတူ ကချင်ပြည်နယ် တနိုင်းမြို့ရှိ တပ်မတော်ဆေးရုံ၌ နယ်မြေခံတပ်မတော်သားများနှင့် ဆေးရုံဝန်ထမ်းများက ဆေးရုံဝင်း အတွင်း/အပြင်ရှိ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များ ရှင်းလင်းခြင်းနှင့် ရေစီးရေလာ ကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်းများကို စုပေါင်းဆောင်ရွက်ပေးကြသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်



# မြန်မာနိုင်ငံ ကြက်ခြေနီအသင်း၏ ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့အခမ်းအနား ကျင်းပ

**ရေး စက်တင်ဘာ ၁၄**

မွန်ပြည်နယ် ရေးမြို့နယ်တွင် ၂၀၂၄ ခုနှစ် ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက ရေးမြို့ ရန်ကြီးအောင်ရပ်ကွက် အမှတ်(၃)အခြေခံပညာအလယ်တန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကိုကိုဦးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ကြက်ခြေနီအသင်းခွဲဥက္ကဋ္ဌ ဦးညွန့်ဆွေက မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာမျိုးညွန့်ကပေးပို့သော သဝဏ်လွှာကို ဖတ်ကြားခြင်း၊ မြို့နယ်ကြက်ခြေနီအသင်းခွဲဒုဥက္ကဋ္ဌ ဦးခင်စိုးဦးက ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့ ပေါ်ပေါက်လာခြင်းနှင့်ပတ်သက်၍ အကြောင်းအရာများ ရှင်းလင်းပြောကြားကာ ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့အထိမ်းအမှတ်အဖြစ် စာစီစာကုံး၊ ပန်းချီဆုရ ကျောင်းသားကျောင်းသူများအား ဆုချီးမြှင့်ပေးခြင်းနှင့် အမှတ်ပေးအကဲဖြတ်ဒိုင်အဖြစ် ဆောင်ရွက်ခဲ့ကြသော ဆရာ ဆရာမများအား အမှတ်တရလက်ဆောင်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# ဆည်မြောင်းချောင်းကန် ရေပြည့်လျှံ တမံသဘော ရေထိန်းတော



နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၄ ရက် နံနက် ၇ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး ဆိပ်ကြီးခနောင်တိုမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်သိန်းဦးဆောင်၍ ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များက ဆိပ်ကြီးခနောင်တိုမြို့နယ်ဆိပ်ကြီးအနောက်ရပ်ကွက်ဓမ္မပီတိ ဘုန်းတော်ကြီးကျောင်းဝင်း အတွင်း/အပြင်တို့တွင် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။

ဝေယံ(ဆိပ်ကြီးခနောင်တို)

နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် သပြေကုန်းရပ်ကွက် ကန်တော်ကြီး ပုဂံလုံးကျွန်းရှိ ခေမာဒီပဘုရားတွင် စက်တင်ဘာ ၁၄ ရက် နံနက် ၆ နာရီခွဲက မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး မျိုးမျိုးထွန်း ဦးစီးအရာရှိ ၁၄ ဦး၊ အခြားအဆင့် ၁၆ ဦး၊ ယာဉ်ထိန်းတပ်ဖွဲ့စု(၃၄)မှ အရာရှိနှစ်ဦး၊ အခြားအဆင့်ရှစ်ဦး စုစုပေါင်းအင်အား ၄၀ ဖြင့် သစ်ကိုင်းများ၊ အမှိုက်များ၊ သစ်ရွက်ခြောက်များ ဖယ်ရှားရှင်းလင်းခြင်း၊ ဘုရားရင်ပြင်ပေါ် တံမြက်စည်းလှည်းခြင်းများကို စုပေါင်းဆောင်ရွက်ကြစဉ်။

ကျော်စိုးမိုး(မင်္ဂလာတောင်ညွန့်)





နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အမှတ်(၄)ရထားရဲတပ်ဖွဲ့ခွဲမှူးရုံး(ပုဂံ) ကွပ်ကဲမှုအောက်ရှိ ပြည်ရထားရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် စက်တင်ဘာ ၁၃ ရက်တွင် ပြည်မြို့ ဆံတော်ရပ်ကွက် သိမ်လမ်းရှိ အမှတ်(၁)အခြေခံပညာအလယ်တန်းကျောင်းဝင်းအတွင်း၌ ရေနုတ်မြောင်းများတူးဖော်ခြင်း၊ ချုံနွယ်များနှင့် ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း စသည့်စုပေါင်းသန့်ရှင်းရေး အကျိုးပြုလုပ်ငန်း ဆောင်ရွက်စဉ်။

ကိုဆက်(ပြန်/ဆက်)

# ရွှေတိဂုံစေတီတော်မြတ်ကြီး လုံးတော်ပြည့်ရွှေသင်္ကန်းတော် ကပ်လှူပူဇော်ရေး ဩဝါဒခံယူပွဲအခမ်းအနားနှင့် ၂၀၂၄-၂၀၂၅ ခုနှစ် ရွှေတိဂုံစေတီတော်မြတ်ကြီး လုံးတော်ပြည့်ရွှေသင်္ကန်းတော် ကပ်လှူပူဇော်နိုင်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၄

ရွှေတိဂုံစေတီတော်မြတ်ကြီး လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူပူဇော်ရေး ဩဝါဒါစရိယဆရာတော်ကြီးများထံမှ ဩဝါဒခံယူပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်ရင်ပြင်တောင်ဘက်မုခ်ရှိ ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များတန်ဆောင်း၌ ကျင်းပသည်။

**တက်ရောက်ကြည်ညို**

အခမ်းအနားသို့ ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့၏ဩဝါဒါစရိယဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယပါမောက္ခချုပ် (စီမံ)နှင့် ဌာနဆိုင်ရာများ၊ ဂေါပကအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြည်ညိုကြသည်။

ဦးစွာ ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့၏ဩဝါဒါစရိယ နိုင်ငံတော်ဩဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တတိလောကာဘိဝံသထံမှ ညှော့ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဒုတိယဝန်ကြီး ဦးအေးထွန်းက ၂၀၂၄-၂၀၂၅ ခုနှစ်အတွက် ရွှေတိဂုံစေတီတော်မြတ်ကြီး လုံးတော်ပြည့်ရွှေသင်္ကန်းတော် ကပ်လှူပူဇော်ရေးနှင့်စပ်လျဉ်း၍ ဩဝါဒခံယူခြင်း



စာတမ်းကို ဖတ်ကြားလျှောက်ထားသည်။

ထို့နောက် ရွှေတိဂုံစေတီတော်ဘဏ္ဍာတော် ထိန်းဂေါပကအဖွဲ့၏ ဩဝါဒါစရိယဆရာတော်ကြီးများက ဩဝါဒကထာများ မိန့်ကြားတော်မူကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးနှင့် အခမ်းအနားတက်ရောက်လာကြသူများက ဆရာတော်ကြီးများထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြကာ ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဒေါက်တာဘဒ္ဒန္တအဂ္ဂသာမိထံမှ အနုမောဒနာတရားနာကြား၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းလောင်း အမျှပေးဝေကြသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်မြတ်များတန်ဆောင်း၌ ကျင်းပသည့် ၂၀၂၄-၂၀၂၅ခုနှစ် ရွှေတိဂုံစေတီတော်မြတ်ကြီး လုံးတော်ပြည့် ရွှေသင်္ကန်းတော် ကပ်လှူပူဇော်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားပြီး ဒုတိယဝန်ကြီးက ခုနှစ်အလိုက် လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူပူဇော်မှုအခြေအနေ၊ ၂၀၂၄-၂၀၂၅ ခုနှစ်တွင်လည်း နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ၏လမ်းညွှန်မှု၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဦးဆောင်ကွပ်ကဲမှုတို့ဖြင့် ရွှေတိဂုံစေတီတော်မြတ်ကြီးကို လုံးတော်ပြည့်ရွှေသင်္ကန်းတော် ကပ်လှူပူဇော်သွားမည့်လုပ်ငန်းအစီအစဉ်များနှင့် ဗုဒ္ဓါဘိသေကအနေကဇာတင်နှင့် ရေစက်ချအခမ်းအနားများ ကျင်းပသွားမည့် အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ရွှေတိဂုံစေတီတော်ဘဏ္ဍာတော် ထိန်းဂေါပကအဖွဲ့ အလှည့်ကျသဘာပတိ ဦးမျိုးအောင်ဌေးက ၂၀၂၄-၂၀၂၅ ခုနှစ် ရွှေတိဂုံစေတီတော်မြတ်ကြီး လုံးတော်ပြည့်ရွှေသင်္ကန်းတော်ကပ်လှူပူဇော်နိုင်ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသူများက အထွေထွေကိစ္စရပ်များကို ဆွေးနွေးတင်ပြကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဒုတိယဝန်ကြီးတို့က ဖြည့်စွက်ညှိနှိုင်းဆောင်ရွက်ပေးကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် ရွှေတိဂုံစေတီတော်မြတ်ကြီး လုံးတော်ပြည့်ရွှေသင်္ကန်းတော် ကပ်လှူပူဇော်ရန်လျာထားသည့် ရွှေပြားနမူနာများကို ကြည့်ရှုစစ်ဆေးပြီး ရွှေတိဂုံစေတီတော်အထက်ပစ္စယံသို့ တက်ရောက်၍ ဖူးမြော်ကြည်ညိုခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ဒုတိယဝန်ကြီး ဦးရဲတင့် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားနှင့် ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနရှိ ပုံနှိပ်စက်ရုံများသို့ သွားရောက်ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၁၄

ပြန်ကြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်သည် ယနေ့နံနက်ပိုင်းတွင် တာဝန်ရှိသူများနှင့်အတူ နေပြည်တော် တပ်ကုန်းမြို့ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသို့ ရောက်ရှိပြီး လျှပ်စစ်ဓာတ်အား ပြတ်တောက်နေခြင်းကြောင့် မီးစက်ဖြင့် ရုပ်မြင်သံကြားနှင့်ရေဒီယို အဆက်မပြတ် ထုတ်လွှင့်ပေးနေမှုများ၊ မီးစက်နှစ်လုံးဖြင့် အလှည့်ကျမီးပေးနိုင်ရန် စီစဉ်ဆောင်ရွက်နေမှုများ၊ စက်ရုံလေအေးပေးစနစ်အတွက် ရေရရှိအောင် ဆောင်ရွက်နေမှုများ၊ ဝန်ထမ်းအိမ်ရာများအတွင်း လက်ဆွဲမီးစက်များဖြင့် သောက်သုံးရေအလှည့်ကျ တင်ပေးနေမှုများကို ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများနှင့် တွေ့ဆုံအားပေးစကား ပြောကြားသည်။



ဒုတိယဝန်ကြီးက တာဝန်ရှိသူများနှင့် ဝန်ထမ်းများအား တွေ့ဆုံရာတွင် ပြည်သူ့အတွက် ရုပ်မြင်သံကြားနှင့် ရေဒီယိုအား ဖြစ်နိုင်သည့် နည်းလမ်းများဖြင့် မပြတ်တောက်အောင် ထုတ်လွှင့်နိုင်ရေး ကြိုးစား ဆောင်ရွက်ကြရန်နှင့် လျှပ်စစ်မီး ပြန်လည်ရရှိရေး ညှိနှိုင်းဆောင်ရွက်နေမှုများ၊ မကြာမီ တစ်နိုင်ငံလုံးတွင် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူတော့မည် ဖြစ်ပြီး ဆက်လက်၍ (၂၅) ကြိမ်မြောက် ငွေရတု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ ကျင်းပတော့မည်ဖြစ်ရာ လိုအပ်သည့် အသိပညာပေးမှုများ အဆက်မပြတ် ဆောင်ရွက်ရေး၊ သတင်းထုတ်ပြန်မှုများ ဆောင်ရွက်ရာတွင် အမှားအယွင်းမရှိရေး တို့ကို မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် လျှပ်စစ်ဓာတ်အား ပြန်လည်ရရှိရေးဆောင်ရွက်နေသည့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ အရာထမ်း၊ အမှုထမ်းများအား တွေ့ဆုံနှုတ်ဆက်အားပေးစကား ပြောကြားသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးသည် ဇေယျာသီရိမြို့နယ် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း သတင်းစာတိုက်များနှင့် ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန ပုံနှိပ်စက်ရုံတို့သို့ ရောက်ရှိရာ စက်ရုံများအတွက် ရေရရှိရေးဆောင်ရွက်ပေးသည့် ဆင်သေချောင်းအတွင်းမှ ရေစုပ်စက်နှင့် လျှပ်စစ်ပိုင်းဆိုင်ရာများ မျောပါပျက်စီးမှုကို ကြည့်ရှုစစ်ဆေးကာ ဝန်ထမ်းအိမ်ရာများအတွက် အဝီစိတွင်းနှင့် ရေသယ်ယာဉ်တို့ဖြင့် သောက်သုံးရေဖြန့်ဝေပေးနေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနတွင် ယခုနှစ်ဘတ်ဂျက်ဖြင့် ဆောင်ရွက်မည့် အဝီစိတွင်းတစ်တွင်း တူးဖော်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများနှင့် တွေ့ဆုံ၍ အားပေးစကားပြောကြားကာ လုပ်ငန်းဆိုင်ရာများ မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ရေတာရှည်မြို့နယ်၌ တောင်သူလယ်သမား ဖွံ့ဖြိုးတိုးတက်ရေးသင်တန်းဆင်းပွဲ ပြုလုပ်

ရေတာရှည် စက်တင်ဘာ ၁၄

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန တောင်သူလယ်သမားသင်တန်းခန်းမ၌ ယမန်နေ့နံနက် ၁၀ နာရီက တောင်သူလယ်သမား ဖွံ့ဖြိုးတိုးတက်ရေးအမှတ်စဉ် (၂/၂၀၂၄) သင်တန်းဆင်းပွဲ ပြုလုပ်ခဲ့သည်။

**ပြန်လည်မျှဝေပေးလျက်ရှိ**

ယင်းသင်တန်းတွင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို ခေတ်မီနည်းစနစ်များသုံး၍ အထွက်နှုန်းများ တိုးတက်ကောင်းမွန်စေရေး၊ နိုင်ငံတကာတွင် လိုက်နာကျင့်သုံး ဆောင်ရွက်လျက်ရှိသော ခေတ်မီနည်းစနစ်များကို မြန်မာ့ရေမြေတောတောင်သဘာဝနှင့်အညီ ပြုပြင်ပြောင်းလဲဆောင်ရွက်နိုင်ရေးအတွက် မြန်မာ့စိုက်ပျိုးရေး ပညာရှင်များကလည်း သုတေသနအဆင့်ဆင့် ဆောင်ရွက်ခဲ့ကြပြီး ရရှိလာသော နည်းစနစ်များကို ယခုကဲ့သို့ ပညာပေးသင်တန်းများ ဖွင့်လှစ်၍ တောင်သူဦးကြီးများထံ ပြန်လည်မျှဝေပေးလျက်ရှိကြောင်း တောင်ငူခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမြတ်မင်းထွေးက ပြောကြားခဲ့သည်။

အဆိုပါသင်တန်းအား စက်တင်ဘာ ၁၁ ရက်မှ ၁၃ ရက်အထိ သုံးရက်ကြာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိဦးစီးဌာနဝန်ထမ်းများနှင့် သီးနှံဘာသာရပ်ဆိုင်ရာ စိုက်ပျိုးရေးပညာရှင်များက သင်ကြားပို့ချခဲ့ပြီး သင်တန်းသို့ သင်တန်းသားတောင်သူ ၄၀ တက်ရောက်သင်ကြားခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



**ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်**

# အလေးထားလိုက်နာ နှလုံးကျန်းမာ

ဒေါက်တာဇေယျာဝင်း

၂၁ ရာစုနေထိုင်မှုပုံစံအရ နှလုံးရောဂါ ဖြစ်ပွားနိုင်ခြေ အလွန်များပါတယ်။ အသင့်စား အစားအသောက်တွေ ပေါများလာခြင်း၊ ကိုယ်ခန္ဓာကို အသုံးပြုလုပ်ရတဲ့ အလုပ်အကိုင်တွေထက် ကွန်ပျူတာရှေ့ထိုင်ပြီး လုပ်ကိုင်ရတဲ့အလုပ်တွေ ပေါများလာခြင်း၊ ကိုယ်လက်လှုပ်ရှားမှု နည်းလာခြင်းတို့ကြောင့် ရောဂါဘယ ထူပြောလာကြပါတယ်။

၂၀၁၉ ခုနှစ် အချက်အလက်တွေအရ ကမ္ဘာပေါ်မှာ ရောဂါမျိုးစုံ ခံစားနေရသူတွေအနက် နှလုံးနဲ့ သွေးကြောရောဂါခံစားနေရသူဦးရေဟာ အများဆုံးဖြစ်ပြီး ၃၉၃ ဒသမ ၁၁ သန်းရှိကာ စုစုပေါင်း ရောဂါမျိုးစုံ ခံစားနေရသူဦးရေရဲ့ ၁၄ ဒသမ ၆၆ ရာခိုင်နှုန်းခန့်ရှိကြောင်း သိရပါတယ်။ မြန်မာနိုင်ငံမှာဆိုရင်လည်း ၂၀၁၉ ခုနှစ်စာရင်းဇယားတွေအရ နှလုံးသွေးကြောဆိုင်ရာရောဂါခံစားနေရသူ ဦးရေဟာ ရောဂါအမျိုးမျိုးအနက် အများဆုံးဖြစ်ပြီး ၃ ဒသမ ၂၉ သန်းရှိကာ ရာခိုင်နှုန်းအားဖြင့် ၉ ဒသမ ၇၇ ရာခိုင်နှုန်းခန့်ရှိကြောင်း သိရပါတယ်။ ဒါ့ကြောင့် ဆေးသောက်စရာမလိုဘဲ မိမိဘာသာမိမိ နှလုံးရောဂါ ဖြစ်ပွားနိုင်ခြေ လျှော့ချနည်းတွေကို ဝေမျှလိုပါတယ်။

### လမ်းလျှောက်ပါ

တစ်ခါလျှောက်ပါက မိနစ်သုံးဆယ်ခန့် တစ်ပတ်ကို သုံးကြိမ်မှ လေးကြိမ်ခန့် လမ်းလျှောက်ပေးပါ။ ဒါမှမဟုတ် ရွရွပြေးခြင်းကဲ့သို့သော အပေါ့စား လေ့ကျင့်ခန်းတွေကို တစ်ကြိမ်မှာ ၂၅ မိနစ်ခန့်ပြုလုပ်ပေးပါ။ အာနိသင်အနေနဲ့ သွေးပေါင်ကျခြင်း၊ သွေးတွင်းအဆီဓာတ်ကျခြင်းနဲ့ ကိုယ်အလေးချိန်ကျခြင်းတို့ ရရှိစေနိုင်ပါတယ်။

### မိတ်ဆွေတစ်ယောက်ယောက်နဲ့ ပုံမှန်တွေ့ဆုံပါ

သင့်ရဲ့မိတ်ဆွေသူငယ်ချင်းတွေဟာ သင့်နှလုံးကျန်းမာရေး ကောင်းအောင် လုပ်ပေးနိုင်ပါတယ်။ သုတေသနပြုချက်တွေအရ တစ်ဦးတည်း အထီးကျန်စွာနေထိုင်ခြင်းနဲ့ အထီးကျန်သလို ခံစားနေရခြင်းတွေဟာ ဆေးလိပ်သောက်ခြင်း၊ သွေးတိုးခြင်း၊ အဝလွန်ခြင်းတွေလိုပဲ သင့်နှလုံးကို ဒုက္ခပေးနိုင်ပါတယ်။ မိတ်ဆွေတွေနဲ့တွေ့ဆုံ စကားပြောကြတဲ့အခါတိုင်း တစ်ဦးနဲ့တစ်ဦး နှစ်လိုဖွယ် စိတ်လွတ်လက်လွတ် ပြောဆိုဆွေးနွေးနိုင်ခြင်းက အရေးကြီးပါတယ်။ ဒါ့ကြောင့် မိတ်ဆွေသူငယ်ချင်းတွေနဲ့ တွေ့ကြပါ။ ဆုံကြပါ။ စိတ်လွတ်လက်လွတ် ပေါ့ပေါ့ပါးပါး တရင်းတနှီး ပြောဆိုကြပါ။

### အသီးအနှံတွေနဲ့ ဟင်းသီးဟင်းရွက်တွေ တိုး၍စားပါ

အသီးအနှံတွေမှာပါတဲ့ အာဟာရဓာတ်နဲ့ အမျှင်ဓာတ်တွေဟာ ကယ်လိုရီနဲ့ အဆီဓာတ်လျော့နည်းပြီး နှလုံးကျန်းမာရေးအတွက် ကောင်းပါတယ်။ ဒါ့အပြင် ၎င်းတို့မှာ ဓာတ်တိုးဆန့်ကျင်ပစ္စည်းတွေ ပါတဲ့အတွက် ဆဲလ်တွေပျက်စီးမှုကို ကာကွယ်ပေးနိုင်ပါတယ်။ မိမိစားမယ့် အစားအစာထဲမှာ အသီးအနှံတွေနဲ့ အရောင်စုံပါပါစေ။ မိမိကြိုက်နှစ်သက်တဲ့ အစားအသောက်ထဲမှာလည်း အသီးအနှံတွေကို ထပ်ဖြည့်ကာစားသောက်သင့်ပါတယ်။

### အဆာပြေစားစရာအဖြစ် အခွံမာသီးတွေကို အသုံးချပါ

အခွံမာသီးအမျိုးမျိုးမှာ ပါဝင်တဲ့ အိုမီဂါ-၃ အဆီဓာတ်တွေ၊ မပြည့်ဝဆီတွေနဲ့ အမျှင်ဓာတ်တွေဟာ ခန္ဓာကိုယ်က ရောင်ရမ်းမှုတွေ၊ ခန္ဓာကိုယ်အတွက် မကောင်းတဲ့ ကိုလက်စထရောဓာတ်တွေနဲ့ သွေးကြောထဲမှာ ဖြစ်ပေါ်နေတတ်တဲ့ ချိုး(ဂျိုး ) တွေကို လျော့ကျစေပါတယ်။ လေဖြတ်ခြင်းကိုဖြစ်စေတဲ့ သွေးခဲတွေကိုလည်း ကာကွယ်ပေးနိုင်ပါတယ်။ ဘယ်လို အခွံမာသီးအမျိုးအစားကိုမဆို စားနိုင်ပေမယ့် အလွန်အကျွံတော့လည်း မစားသင့်ပါဘူး။ ၎င်းအသီးတွေက ကယ်လိုရီဓာတ်များစေလို့ပါ။ တစ်ပတ် လက်လေးဆုပ်စာခန့်စားရင် လုံလောက်ပါတယ်။

### အဆီများတဲ့ငါးစားသုံးပါ

အဆီများတဲ့ငါးတွေဖြစ်တဲ့ ဆယ်လ်မွန်ငါး၊ ငါးသေတ္တာငါး၊ တူနာငါးတွေကို တစ်ပတ် နှစ်ကြိမ်ခန့်စားခြင်းဖြင့်လည်း နှလုံးကျန်းမာရေးကို အထောက်အကူပြုပါတယ်။ ၎င်းငါးတွေမှာပါဝင်တဲ့ အိုမီဂါ-၃ ဖက်တီးအက်စစ်အပြင် အခြားသော အာဟာရဓာတ်တွေက ဖြည့်စွက်အစားအစာတွေနဲ့ အားဆေးတွေမှာပါဝင်တဲ့ အဆိုပါဓာတ်တွေထက် ပိုမိုအာနိသင်ရှိပါတယ်။




### အားကစားပြုလုပ်ချိန်တွင်သာမက ကျန်အချိန်တွေမှာလည်း လှုပ်ရှားပေးပါ

တစ်နေကုန် ဘယ်လောက်ကိုယ်လက်လှုပ်ရှားလုပ်တယ်ဆိုတာက အားကစားပြုလုပ်ချိန်တစ်ခုတည်းမှာ လှုပ်ရှားမှုလုပ်တာထက် နှလုံးရောဂါဖြစ်ပွားနိုင်ခြေ လျှော့ချရာမှာ ပိုအရေးပါပါတယ်။ ပေါင်းမြက်ရှင်းခြင်း၊ ကလေးတွေနဲ့ကစားခြင်း၊ ဘတ်စ်ကားဂိတ်ကို လမ်းလျှောက်သွားခြင်း၊ အိမ်သန့်ရှင်းရေးလုပ်ခြင်း စတဲ့ အချိန်တော်တော်များများကို ကိုယ်လက်လှုပ်ရှားနေတာက နှလုံးကျန်းမာရေးအတွက် အရေးပါပါတယ်။

### ယောဂပြုလုပ်ပါ

ယောဂကျင့်ခြင်းဟာ လေ့ကျင့်ခန်းတစ်ခုအနေနဲ့သာမကဘဲ စိတ်ဖိစီးမှုကိုပါ လျော့ကျစေကာ စိတ်ကိုတည်ငြိမ်စေပါတယ်။ နှလုံးခုန်နှုန်းကိုနှေးစေခြင်း၊ သွေးပေါင်ကျစေခြင်းနဲ့ စိတ်လှုပ်ရှားမှုလျော့ကျစေခြင်း စတဲ့ နှလုံးကျန်းမာရေးအတွက် အထောက်အကူပြုတဲ့အရာတွေကို ဖြစ်ပေါ်စေပါတယ်။ ယောဂမကျင့်ဘူးဆိုရင်လည်း တရားထိုင်ခြင်း၊ သီချင်းနားထောင်ခြင်းနဲ့ စိတ်ဝင်စားရာတစ်ခုခုပြုလုပ်ခြင်း စတဲ့ တခြားနည်းလမ်းတွေနဲ့လည်း စိတ်ကိုဖြေလျှော့စေခြင်း၊ စိတ်ဖိစီးမှု လျော့ကျစေခြင်းတို့ကို လုပ်ဆောင်နိုင်ပါတယ်။

### ညအိပ်ချိန် ခုနစ်နာရီ အနည်းဆုံးရှိပါစေ

ခန္ဓာကိုယ်ဟာ စိတ်လွတ်လက်လွတ်အနားယူတာမျိုး အချိန်ကြာကြာ လိုပါတယ်။ အဲဒီလိုအချိန်အတွင်းမှာ နှလုံးခုန်နှုန်းရော သွေးပေါင်ချိန် ပါ အခိုက်အတန့်တစ်ခု ကျသွားပြီး နှလုံးကျန်းမာရေးကောင်းစေပါတယ်။ အဲဒီလိုအိပ်စက်အနားယူခြင်းကာလ ခုနစ်နာရီထက် နည်းမယ်ဆိုရင် ခန္ဓာကိုယ်ဟာ နှလုံးခုန်နှုန်းမြန်စေတဲ့၊ သွေးပေါင်တက်စေတဲ့ ဓာတုပစ္စည်းတွေ ပြန်လည်ထုတ်လုပ်ပါလိမ့်မယ်။ အိပ်ချိန်နည်းခြင်းဟာ ရောင်ရမ်းခြင်းနဲ့ သွေးတွင်းသကြားဓာတ်တိုးခြင်း စတာတွေနဲ့ ချိတ်ဆက်နေပါတယ်။

> ❛တစ်နေကုန်ထိုင်နေခြင်းဟာ နှလုံးရောဂါဖြစ်နိုင်ခြေ မြင့်တက်စေပါတယ်။ ထိုင်နေခြင်းကြောင့် ကယ်လိုရီလောင်ကျွမ်းမှု နှေးကွေးစေပါတယ်။ ထိုင်နေခြင်းဟာ ခန္ဓာကိုယ်ရဲ့ သကြားဓာတ်နဲ့ အဆီဓာတ်ခြေဖျက်မှုလုပ်ငန်းစဉ်တွေကို ပြောင်းလဲစေကာ ထိုမှတစ်ဆင့် နှလုံးရောဂါရစေနိုင်ပါတယ်။ ဒါ့ကြောင့် အလုပ်ခွင်မှာပဲဖြစ်ဖြစ်၊ အိမ်မှာပဲဖြစ်ဖြစ် မကြာခဏ လမ်းထလျှောက်ပါ။ တောက်လျှောက်ထိုင်မနေပါနဲ့။ အနည်းဆုံး တစ်နာရီခြားတစ်ခါလောက် လမ်းလျှောက်ပေးပါ❜

### အိပ်နေချိန်အသက်ရှူရပ်တတ်တဲ့ရောဂါ ရှိနေလားဆိုတာသတိပြုပါ

ကျယ်လောင်စွာ ဟောက်တတ်သလား။ အသက်ရှူကျပ်ပြီး လန့်နိုးတတ်သလား။ တစ်ညလုံးအိပ်ခဲ့ပေမယ့် တစ်နေကုန်နွမ်းနေတာမျိုးဖြစ်တတ်သလား။ အဲဒီလို ခံစားနေရတယ်ဆိုရင် ဆရာဝန်နဲ့ တိုင်ပင်ပါ။ ဒါတွေဟာ အိပ်နေစဉ်အသက်ရှူရပ်တတ်တဲ့ရောဂါ ခံစားနေရလို့ ဖြစ်နိုင်ပါတယ်။ အဲဒီလိုအခြေအနေမျိုး ခံစားနေရတယ်ဆိုရင် သင်ဟာ လေဖြတ်ခြင်းအပါအဝင် သွေးတိုးနဲ့နှလုံးရောဂါရနိုင်ခြေမြင့်မားနေတတ်ပါတယ်။ ဆရာဝန်နဲ့ပြသပြီး သင့်တော်တဲ့ကုသမှုခံယူလိုက်ပါ။

### ဆေးလိပ်ဖြတ်ပါ

ဆေးလိပ်သောက်ခြင်းဟာ သွေးပေါင်ချိန်တက်စေပါတယ်။ သွေးပိုပျစ်စေပါတယ်။ ဒါတွေဟာ လေဖြတ်ရောဂါ ခံစားရစေနိုင်ပါတယ်။ ဒါပေမဲ့ ဆေးလိပ်ဖြတ်လိုက်တာ အနည်းဆုံး ၂၄ နာရီကြာတာနဲ့ ထိုသို့ခံစားရနိုင်ခြေများ လျော့ကျနိုင်ပါတယ်။ ဒါကြောင့် ဆေးလိပ်ဖြတ်လိုက်တာနဲ့ ချက်ချင်းကျန်းမာရေးအတွက် အကျိုးကျေးဇူးတွေ ရနိုင်ပါတယ်။

### ကျန်းမာရေးနဲ့ညီညွတ်တဲ့ ကိုယ်အလေးချိန်ကိုထိန်းသိမ်းပါ

ရှိသင့်တဲ့ ကိုယ်အလေးချိန်ထက် ပိုများတဲ့အခြေအနေဟာ သွေးတွင်းကိုလက်စထရောဓာတ်မြင့်စေခြင်း၊ သွေးပေါင်ချိန်တက်စေခြင်းနဲ့ ဆီးချိုရောဂါတို့ကို ဖြစ်စေနိုင်ပြီးတော့ နှလုံးရောဂါဖြစ်နိုင်ခြေနဲ့ ဆက်စပ်နေပါတယ်။ ကျန်းမာရေးနဲ့ညီညွတ်မျှတတဲ့ အစားအစာစားသုံးခြင်းနဲ့ လေ့ကျင့်ခန်းပြုလုပ်ခြင်းကလည်း ကိုယ်အလေးချိန်ကို ထိန်းသိမ်းနိုင်ပါတယ်။ အရပ်နဲ့ ကိုယ်အလေးချိန်ကို အချိုးချထားတဲ့ BMI အချိုးအစားကို ၁၈ ကနေ ၂၅ အကြား ထိန်းထားနိုင်ပါက အကောင်းဆုံးပါ။

### တုပ်ကွေးကာကွယ်ဆေးတွေ ထိုးထားပါ

အကယ်၍ သင်ဟာ ဆေးလိပ်သောက်ရင် ဒါမှမဟုတ် သွေးတိုး၊ ဆီးချိုနဲ့ သွေးတွင်းအဆီဓာတ်မြင့်မားတဲ့ရောဂါတွေ ရှိနေမယ်ဆိုရင် တုပ်ကွေးကာကွယ်ဆေး မဖြစ်မနေထိုးထားသင့်တယ်လို့ အကြံပြုချက်များရှိပါတယ်။ အကြောင်းပြချက်အနေနဲ့ကတော့ တုပ်ကွေးကြောင့်ဖြစ်တဲ့ ရောင်ရမ်းခြင်းတွေဟာ နှလုံးကိုထိခိုက်စေနိုင်ပြီး လေဖြတ်ခြင်းကိုလည်းဖြစ်စေနိုင်ပါတယ်။ ဒါမှမဟုတ်ရင်လည်း တုပ်ကွေးဗိုင်းရပ်စ်ရဲ့ ဘေးထွက်ဆိုးကျိုးတွေကနေလည်း နှလုံးကို ထိခိုက်စေနိုင်တယ်လို့ ယူဆချက်တွေရှိနေတာကြောင့် တုပ်ကွေးကာကွယ်ဆေးတွေကို ထိုးထားသင့်ပါတယ်။

### တစ်နေရာတည်းမှာ ထိုင်မနေပါနဲ့

တစ်နေကုန် ထိုင်နေခြင်းဟာ နှလုံးရောဂါဖြစ်နိုင်ခြေ မြင့်တက်စေပါတယ်။ ထိုင်နေခြင်းကြောင့် ကယ်လိုရီလောင်ကျွမ်းမှု နှေးကွေးစေပါတယ်။ ထိုင်နေခြင်းဟာ ခန္ဓာကိုယ်ရဲ့ သကြားဓာတ်နဲ့ အဆီဓာတ်ခြေဖျက်မှု လုပ်ငန်းစဉ်တွေကို ပြောင်းလဲစေကာ ထိုမှတစ်ဆင့် နှလုံးရောဂါ ရစေနိုင်ပါတယ်။ ဒါ့ကြောင့် အလုပ်ခွင်မှာပဲဖြစ်ဖြစ်၊ အိမ်မှာပဲဖြစ်ဖြစ် မကြာခဏလမ်းထလျှောက်ပါ။ တောက်လျှောက်ထိုင်မနေပါနဲ့။ အနည်းဆုံး တစ်နာရီခြားတစ်ခါလောက် လမ်းလျှောက်ပေးပါ။

### ပုံမှန်ဆေးစစ်ခံယူပါ

သွေးပေါင်ချိန်နဲ့ သွေးတွင်းအဆီဓာတ်တွေကို ပုံမှန်တိုင်းတာစစ်ဆေးပါ။ ၎င်းတို့ဟာ နှလုံးရောဂါဖြစ်နိုင်ခြေကို အလွန်မြင့်တက်စေပါတယ်။ စောစောတွေ့ရှိပါက စောစောကုသမှုခံယူခြင်းဖြင့် နှလုံးရောဂါ ဖြစ်နိုင်ခြေကို လျှော့ချနိုင်ပါတယ်။ ဒါ့အပြင် ဆီးချို ရှိ/မရှိကိုလည်း မှန်မှန်စစ်ဆေးဖို့လိုပါတယ်။

နှလုံးရောဂါ ဖြစ်ပြီဆိုပါက ကုန်ကျစရိတ်မြင့်မားပါတယ်။ အမေရိကန်ပြည်ထောင်စုမှာ နှလုံးရောဂါအတွက် နိုင်ငံတော်က ကုန်ကျမှု၊ တစ်ဦးချင်းကုန်ကျမှုနဲ့ နှလုံးရောဂါခံစားရတာကြောင့် တစ်ဦးချင်းစီရဲ့ဝင်ငွေလျော့ပါးမှုတို့ကိုပါ ထည့်သွင်းတွက်ချက်မှုအရ နှစ်စဉ် အမေရိကန်ဒေါ်လာ ဘီလီယံ ၃၀၀ ကျော်ခန့် ဆုံးရှုံးနစ်နာမှုရှိကြောင်း သိရပါတယ်။

နေထိုင်မှုပုံစံကို ပြုပြင်လိုက်ရုံနဲ့ နှလုံးရောဂါဖြစ်နိုင်ခြေကို အများကြီး လျော့ကျစေပါတယ်။ ဒါ့ကြောင့် နှလုံးရောဂါဖြစ်ပွားနိုင်ခြေ လျော့ကျအောင် လိုက်နာလုပ်ဆောင်သင့်တဲ့အချက်တွေကို အကြံပြု ရေးသားလိုက်ရပါတယ်။ ။

# ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံ၌ အောက်တိုဘာ ၂ ရက်တွင် မျောက်ကျောက်ရောဂါကာကွယ်ဆေးထိုးနှံခြင်းလှုပ်ရှားမှု စတင်မည်

**ကင်ရှာဆာ စက်တင်ဘာ ၁၄**

ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံ၌ အောက်တိုဘာ ၂ ရက်တွင် မျောက်ကျောက်ရောဂါကာကွယ်ဆေးထိုးနှံခြင်း လှုပ်ရှားမှု၏ ပထမအဆင့် စတင်မည်ဖြစ်ကြောင်း အစိုးရက ယမန်နေ့တွင် ကြေညာခဲ့သည်။

ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံသည် အာဖရိကတွင် လက်ရှိဖြစ်ပွားလျက်ရှိသည့် မျောက်ကျောက်ရောဂါဖြစ်ပွားမှု၏ ဗဟိုချက်ဖြစ်သည်။

ကာကွယ်ဆေးထိုးနှံမှုအစီအစဉ်တွင် ကမ္ဘာ့နိုင်ငံများထံမှ လက်ခံရရှိထားသော ကာကွယ်ဆေး အလုံးရေ ၂၆၅၀၀၀ ကျော်ကို ပြည်သူများအား ထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံအတွင်း၌ ယခုနှစ်စပိုင်းမှစပြီး လက်ရှိအချိန်အထိ မျောက်ကျောက်ရောဂါကူးစက်မှုကြောင့် သေဆုံးသူပေါင်း ၇၁၆ ဦးရှိပြီး ကူးစက်ခံရသူပေါင်း ၂၁၈၁၃ ဦးရှိသည်။ အာဖရိကတွင် ရောဂါဖြစ်ပွားမှု၏ ၉၀ ရာခိုင်နှုန်းသည် ကွန်ဂိုနိုင်ငံမှဖြစ်ကြောင်း သိရသည်။

Bavarian Nordic A/S ဆေးဝါးကုမ္ပဏီမှ ထုတ်လုပ်သော MVA-BN မျောက်ကျောက်ရောဂါကာကွယ်ဆေးကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ပထမဆုံး မျောက်ကျောက်ရောဂါကာကွယ်ဆေးအဖြစ် ကမ္ဘာ့နိုင်ငံများ၌ အသုံးပြုရန် ယမန်နေ့က အတည်ပြုကြေညာခဲ့သည်။

အာဖရိကတွင် လက်ရှိဖြစ်ပေါ်နေသော မျောက်ကျောက်ရောဂါဖြစ်ပွားမှုကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ဩဂုတ်လလယ်တွင် ပြည်သူ့ကျန်းမာရေးအရေးပေါ်အခြေအနေအဖြစ် ကြေညာခဲ့ကြောင်း သိရသည်။

သာမန်မျောက်ကျောက်ရောဂါပိုးထက် ပိုမိုအန္တရာယ်များသော clade 1b မျိုးကွဲကို ၂၀၂၃ ခုနှစ် စက်တင်ဘာလတွင် ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံ၌ ပထမဆုံးတွေ့ရှိခဲ့ခြင်းဖြစ်သည်။ ယင်းမျိုးကွဲ



ကို လက်ရှိအချိန်တွင် ဆွီဒင်နှင့် ထိုင်းနိုင်ငံများ အပါအဝင် နိုင်ငံအချို့၌ ကူးစက်မှုများ စစ်ဆေးတွေ့ရှိခဲ့ကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် -အောင်ကျော်ကျော်



# လွန်ခဲ့သောလအတွင်း ရုရှားနိုင်ငံသို့ လာရောက်လည်ပတ်သည့် နိုင်ငံခြားသားခရီးသည် အရေအတွက် ၁ ဒသမ ၀၅ သန်းရှိ

**မော်စကို စက်တင်ဘာ ၁၄**

လွန်ခဲ့သောလအတွင်း ရုရှားနိုင်ငံသို့ လာရောက်လည်ပတ်သည့် နိုင်ငံခြားသားခရီးသည် အရေအတွက် ၁ ဒသမ ၀၅ သန်းရှိကြောင်းနှင့် အဆိုပါအရေအတွက်သည် လွန်ခဲ့သောနှစ်နှစ်အတွင်း အများဆုံးဖြစ်ကြောင်း ရုရှားဖက်ဒရယ်နိုင်ငံတော်စာရင်းအင်းဝန်ဆောင်မှု၏ ထုတ်ပြန်ချက်တစ်ရပ်အရ သိရသည်။

အေဂျင်စီ၏ မကြာသေးမီက အချက်အလက်များအရ ဩဂုတ်လတွင် ရုရှားနိုင်ငံသို့ လာရောက်လည်ပတ်သည့် နိုင်ငံခြားသား ခရီးသည်ဦးရေသည် ဇူလိုင်လတွင် ၁ ဒသမ ၀၂ သန်းရှိပြီး ဩဂုတ်လတွင် ၁ ဒသမ ၀၅ သန်းရှိကြောင်း သိရသည်။

အလားတူ ၂၀၂၂ ခုနှစ် စက်တင်ဘာလတွင် ရုရှားနိုင်ငံသို့ လာရောက်လည်ပတ်သည့် နိုင်ငံခြားသားခရီးသည် ၁ ဒသမ ၀၅ သန်းရှိခဲ့ကြောင်း သိရသည်။

ယခုနှစ် ဇန်နဝါရီလမှ ဩဂုတ်လအတွင်း ရုရှားနိုင်ငံသို့ နိုင်ငံခြားသားခရီးသည် ၆ ဒသမ ၀၇ သန်း လာရောက်ခဲ့ပြီး ယခင်နှစ် အလားတူကာလအရေအတွက် ၅ ဒသမ ၂၇ သန်းထက် ပိုမိုများပြားကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - အောင်ကျော်ကျော်

# ပါကစ္စတန်နိုင်ငံရှိ လမ်းများ ရာသီဥတုဒဏ်ခံနိုင်ရည်ရှိရေးနှင့် အဆင့်မြှင့်တင်ရန် အာရှဖွံ့ဖြိုးရေးဘဏ်က အမေရိကန်ဒေါ်လာ သန်း ၃၂၀ ထုတ်ချေးမည်

**အစ္စလာမ္မာဘတ် စက်တင်ဘာ ၁၄**

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်း ခိုင်ဘာပက်တွန်ခွာပြည်နယ်ရှိလမ်းများအား ရာသီဥတုဒဏ်ခံနိုင်ရည်ရှိရေးနှင့် အဆင့်မြှင့်တင်ရန် အာရှဖွံ့ဖြိုးရေးဘဏ်က အမေရိကန်ဒေါ်လာ သန်း ၃၂၀ ထုတ်ချေးမည်ဖြစ်ကြောင်း အာရှဖွံ့ဖြိုးရေးဘဏ်က စက်တင်ဘာ ၁၃ ရက်တွင် အတည်ပြုခဲ့ကြောင်း သိရသည်။

အဆိုပါချေးငွေသည် ရေကြီးမှုဒဏ်ခံရမှုများပြားသည့် ခိုင်ဘာပက်တွန်ခွာပြည်နယ်ရှိ ကျေးလက်လမ်း ကီလိုမီတာ ၉၀၀ ခန့်ကို အဆင့်မြှင့်တင်ရာတွင် အထောက်အကူဖြစ်ပြီး ဝေးလံခေါင်သီသော ရပ်ရွာများ၏ ပညာရေး၊ ကျန်းမာရေးစောင့်ရှောက်မှုအပါအဝင် ဒေသအတွင်းဆက်သွယ်ပေးသည့် အဓိကလမ်းကြောင်းများကို လွှမ်းခြုံပေးမည်ဖြစ်ကြောင်း အာရှဖွံ့ဖြိုးရေးဘဏ်၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

စီမံကိန်းတွင် ရာသီဥတုဒဏ်ခံနိုင်သော ဒီဇိုင်း၊ လမ်းဘေးကင်းရေးမြှင့်တင်မှုနှင့် ရေရှည်တည်တံ့သော ပြုပြင်ထိန်းသိမ်းမှုအလေ့အကျင့်များ ပေါင်းစပ်ထည့်သွင်းရန် အစီအမံများ ပါဝင်ကြောင်း အာရှဖွံ့ဖြိုးရေးဘဏ်၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

နှစ်စဉ် မိုးရွာသွန်းမှုကြောင့် အဆိုပါပြည်နယ်၏ ဒေသတချို့တွင် ပျက်စီးမှုသိသိသာသာ မြင့်တက်ခဲ့ပြီး ခံနိုင်ရည်ရှိသော အခြေခံအဆောက်အအုံများ မရှိခြင်းသည် ဒေသတွင်းရှိ ပြည်သူများနှင့် အသက်မွေးဝမ်းကျောင်းမှုဆိုင်ရာ ဘေးအန္တရာယ်များ၏ သက်ရောက်မှုကို တိုးမြင့်လာစေကြောင်း အာရှဖွံ့ဖြိုးရေးဘဏ်က ပြောကြားခဲ့ပြီး ၂၀၁၀ ပြည့်နှစ်နောက်ပိုင်း ရေကြီးရေလျှံမှု ဖြစ်စဉ်များကြောင့် လမ်းပိုင်းဆိုင်ရာ ပျက်စီးမှု သိသိသာသာဖြစ်ပေါ်ခဲ့ခြင်း ဖြစ်သည်။

ထို့ကြောင့် ပြည်နယ်အစိုးရအား ရာသီဥတုဒဏ်ခံနိုင်ရည်ရှိရေးနှင့် လမ်းကွန်ရက်များ ရေရှည်တည်တံ့ခိုင်မြဲစေမည့် လုပ်ဆောင်မှုများကို ပြင်ဆင်ရာတွင်ကူညီရန် နည်းပညာနှင့်ဘဏ္ဍာရေးဆိုင်ရာ ပံ့ပိုးကူညီမှုပေးရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်

# ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ မြေပြိုမှုကြောင့် အနည်းဆုံး ခြောက်ဦး သေဆုံး

**ဒါကာ စက်တင်ဘာ ၁၄**

ဘင်္ဂလားဒေ့ရှ်နိုင်ငံ အရှေ့တောင်ပိုင်း ကော့ဘဇားခရိုင်၌ မိုးသည်းထန်စွာ ရွာသွန်းမှုမှတစ်ဆင့် မြေပြိုမှုများဖြစ်ပွားခဲ့ခြင်းကြောင့် အနည်းဆုံးခြောက်ဦး ထက်မနည်းသေဆုံးပြီး လူနေအိမ်အများအပြား ပျက်စီးခဲ့ကြောင်း အကြီးတန်းအရာရှိတစ်ဦးက စက်တင်ဘာ ၁၃ ရက်တွင် ပြောကြားသည်။

စက်တင်ဘာ ၁၃ ရက်တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ မြို့တော်ဒါကာ အရှေ့တောင်ဘက် ၃၉၂ ကီလိုမီတာအကွာ ကော့ဘဇားခရိုင်ရှိ ဒုက္ခသည် စခန်းတစ်ခုတွင် ကြီးမားသော မြေပြိုမှုတစ်ခု ဖြစ်ပွားခဲ့ကြောင်း နောက်ထပ် ဒုက္ခသည် ကယ်ဆယ်ရေးနှင့် နေရပ်ပြန်ပို့ရေး တာဝန်ရှိသူ မိုဟာမက်ရှမ် ဆွတ်ခူဇာနာယန်က ပြောကြားသည်။

ကော့ဘဇားခရိုင်၏ ဝေးလံခေါင်သီသော တောင်ကုန်းဒေသတွင် စက်တင်ဘာ ၁၃ ရက်အစောပိုင်းက အိမ်နံရံပြိုကျမှုကြောင့် သုံးဦး သေဆုံးခဲ့ကြောင်းနှင့် မြေပြိုမှုအန္တရာယ်ရင်ဆိုင်ရနိုင်ဖွယ်ရှိသည့် တောင်စောင်းများတွင် နေထိုင်သူများအား ဘေးလွတ်ရာတွင် ရွှေ့ပြောင်းနေထိုင်ရန် အာဏာပိုင်များက သတိပေးထားကြောင်း သိရသည်။

မိုးသည်းထန်စွာ ရွာသွန်းမှုအပါအဝင် သစ်တောပြုန်းတီးမှုများကြောင့် မုတ်သုံရာသီ ဇွန်လမှ စက်တင်ဘာလအထိ ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ တောင်ကုန်းများတွင် မြေပြိုမှုများ မကြာခဏ ဖြစ်ပွားလေ့ရှိကြောင်း သိရသည်။

ကိုးကား-ဆင်ဟွာ
ဘာသာပြန်-အလင်းသစ်



# နိုင်ဂျီးရီးယား အရှေ့မြောက်ပိုင်း၌ ရေကြီးမှုကြောင့် လူ ၄၀ နီးပါး သေဆုံး

**အာဘူဂျာ စက်တင်ဘာ ၁၄**

နိုင်ဂျီးရီးယားနိုင်ငံ အရှေ့မြောက်ပိုင်း ဘော်နိုပြည်နယ်၌ ယခုရက်ပိုင်းအတွင်း ဖြစ်ပွားခဲ့သော ရေကြီးရေလျှံမှုများကြောင့် လူပေါင်း ၄၀ နီးပါး သေဆုံးပြီး အခြားလူပေါင်း ၄၁၄၀၀၀ ကျော် ရေကြီးရေလျှံမှုဒဏ်ခံခဲ့ရကြောင်း ယနေ့ဆင်ဟွာသတင်းတစ်ရပ်အရ သိရသည်။

ရေကြီးရေလျှံမှုကြောင့် လူပေါင်း ၅၈ ဦးထက်မနည်း ဒဏ်ရာများ ရရှိခဲ့ကြောင်း နိုင်ဂျီးရီးယားနိုင်ငံရှိ ကုလသမဂ္ဂလူသားချင်းစာနာထောက်ထားမှုရေးရာ ညှိနှိုင်းရေးရုံး၏ ပြောရေးဆိုခွင့်ရှိသူ အန်ဝီရူက နိုင်ငံမြို့တော် အာဘူဂျာ၌ စက်တင်ဘာ ၁၃ ရက်တွင် ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

ရေကြီးမှုကြောင့် ဆေးရုံများ၊ စာသင်ကျောင်းများနှင့် ဈေးများ ပျက်စီးမှုနှင့်အတူ သယ်ယူပို့ဆောင်ရေးကဏ္ဍများတွင် အဟန့်အတားဖြစ်နေကြောင်းနှင့် တံတားများနှင့် အခြေခံအဆောက်အအုံများလည်း ပျက်စီးမှုများဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

လက်ရှိတွင် အရေးပေါ်ကယ်ဆယ်ရေးစခန်း ၁၄ ခု ဖွင့်လှစ်ထားပြီး အဆိုပါကယ်ဆယ်ရေးစခန်းများ၌ လူပေါင်း နှစ်သန်းကျော်ရှိကြောင်း ပြည်နယ်အရေးပေါ်စီမံခန့်ခွဲမှု အေဂျင်စီအကြီးအကဲ ဘာကင်ဒိုမိုဟာမက်က စက်တင်ဘာလ ၁၃ ရက်တွင် သတင်းထောက်များအား ပြောကြားခဲ့သည်။

ထို့ပြင် နိုင်ဂျီးရီးယားသမ္မတ ဘိုလာတီနူဘူသည် သက်ဆိုင်ရာအစိုးရအေဂျင်စီများအား ကယ်ဆယ်ရေးလုပ်ငန်းများ အလျင်အမြန်လုပ်ဆောင်ရန် ညွှန်ကြားခဲ့ပြီး ရေကြီးမှုကြောင့် ဖြစ်ပွားခဲ့သော ဒေသများ၌ နေထိုင်သူများအား ချက်ခြင်းဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးရန် တောင်းဆိုခဲ့ကြောင်း သိရသည်။

ကိုးကား-ဆင်ဟွာ
ဘာသာပြန်-အလင်းသစ်

# အီရတ်နိုင်ငံတွင် အခက်အခဲကြုံတွေ့နေရသည့် ချင်းတိုင်းရင်းသူနှင့် ရခိုင်တိုင်းရင်းသူတို့အား အမိနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်

ရန်ကုန် စက်တင်ဘာ ၁၄

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ပတွင်ရောက်ရှိနေသည့် အမိနိုင်ငံသားများ အခက်အခဲကြုံတွေ့ရပါက နိုင်ငံသားများအပေါ် အလေးအနက်တန်ဖိုးထားသည့်အနေဖြင့် မည်သို့သောအခြေအနေနှင့် တွေ့ကြုံရသည်ဖြစ်စေ မြန်မာသံရုံးနှင့် မြန်မာကောင်စစ်ဝန်ချုပ်ရုံးတို့သည် သက်ဆိုင်ရာသံရုံးများနှင့်ချိတ်ဆက်၍ အမိနိုင်ငံသားများ မြန်မာနိုင်ငံသို့ အမြန်ဆုံး အေးချမ်းလုံခြုံစွာ ပြန်လည်ရောက်ရှိနိုင်ရန် စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ အီရတ်နိုင်ငံ အာဘေးမြို့တွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသား ချင်းတိုင်းရင်းသူ Lal Lawm Tluangi နှင့် ရခိုင်တိုင်းရင်းသူ မစန္ဒီလင်းတို့အား အမိနိုင်ငံသို့ အမြန်ဆုံးပြန်လည်ပို့ဆောင်နိုင်ရန် ကိုင်ရိုမြို့ရှိ မြန်မာသံရုံးသည် ကာဒစ္စတန်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အစိုးရထံ သံတမန်စာပေးပို့၍ ညှိနှိုင်းဆောင်ရွက်ခြင်း၊ SEED Organization နှင့်ပူးပေါင်း ဆောင်ရွက်ခြင်းတို့ဖြင့် ၎င်းတို့နှစ်ဦးသည် မြန်မာနိုင်ငံသို့ ပြန်လည်ထွက်ခွာခွင့်(Exit permit)ရရှိခဲ့ရာ စက်တင်ဘာ ၁၂ ရက်တွင် Erbil – Istanbul – Bangkok – Yangon ခရီးစဉ်ဖြင့် ထွက်ခွာခဲ့ကြပြီး စက်တင်ဘာ ၁၄ ရက် နံနက် ၁၁ နာရီခွဲတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိခဲ့သည်။

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ပတွင် အလုပ်လုပ်ကိုင်စဉ် အခက်အခဲကြုံတွေ့ရသည့် မြန်မာနိုင်ငံသားများအား မြန်မာသံရုံးနှင့်



မြန်မာကောင်စစ်ဝန်ချုပ်ရုံးတို့မှ ညှိနှိုင်းကူညီဆောင်ရွက်မှုဖြင့် အမိနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ပေးလျက်ရှိရာ ယခုကဲ့သို့ အမိနိုင်ငံသားများ အတိဒုက္ခကြုံတွေ့နေရစဉ် ကူညီကယ်တင်ပေးမှုကို အလုပ်သမားနှင့်မိဘဆွေမျိုးများက နိုင်ငံတော်အစိုးရ၊ မြန်မာသံရုံးနှင့် မြန်မာကောင်စစ်ဝန်ချုပ်ရုံးတို့အား လှိုက်လှဲစွာ အထူးကျေးဇူးတင်လျက်ရှိကြောင်း သိရသည်။

ညိမ်းသူ –သတင်းစဉ်၊ ဓာတ်ပုံ – ကနူး

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် စက်တင်ဘာ ၁၄

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄–ကနှင့် ပုဒ်မ ၅၀၅–က၊ အီလက်ထရောနစ်ဆက်သွယ် ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ် စက်တင်ဘာ ၁၂ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် “@karen05479”TikTok အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် ဘောနက်ကြီးကျေးရွာနေ သက်ဖြိုးဦး(ခ)ဗညားထွန်းအား အမရပူရမြို့မ ရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၄ ရက် နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့ ရွှေဆံတော်စေတီတော်မြတ်ကြီး အရှေ့ဘက်မုခ်ရှိ အမေကြည်ကုန်းနတ်စောင်းတန်းတွင် တွံတေးခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးညွန့်နွယ်၊ တွံတေးခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁) ဒုတိယဗိုလ်မှူးကြီးသန့်စင်၊ တွံတေးခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးမျိုးသန့်၊ တွံတေးမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်မြင့်၊ တွံတေးမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမျိုးဦးတို့က ဦးဆောင်၍တပ်ဖွဲ့ဝင် ၆၀၊ မိသားစုဝင်ရဲမေ ၅၀ ၊ အမှတ် (၅၇)ယာဉ်ထိန်းတပ်ဖွဲ့စုမှတပ်ဖွဲ့ဝင် ခုနစ်ဦး စုစုပေါင်း ၁၁၇ ဦးတို့က ချုံနွယ်များနှင့်အမှိုက်များရှင်းလင်းခြင်းဖြင့် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။

တွံတေးသား






သန်လျင်ခရိုင် သန်းခေါင်စာရင်းကောက်ယူရေး ခရိုင်အဆင့်နည်းပြသင်တန်းဆင်းပွဲကို စက်တင်ဘာ ၁၄ ရက်က သန်လျင်မြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ပတ္တမြားခန်းမ၌ ကျင်းပရာ ခရိုင်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်သိုက်ဝင်းက မြို့နယ်အဆင့်သင်တန်းနည်းပြခန့်အပ်လွှာများပေးအပ်စဉ်။

တင်ဝင်းတင်

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၅-၉-၂၀၂၄ တနင်္ဂနွေနေ့

### MRTV HD

- ၀၆:၀၀ မင်းကွန်းဆရာတော်ဘုရားကြီး၏ ပရိတ်တရားတော်(မင်္ဂလသုတ်)
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၈:၄၀ နိုင်ငံတော်မှအလေးထားဆောင်ရွက် ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက်
- ၀၉:၁၅ ကာတွန်းအစီအစဉ် 'တိရစ္ဆာန်ပြိုင်ပွဲတော်၏ဇာတ်လမ်း' (အပိုင်း–၇)
- ၁၀:၀၀ သတင်းသမားပြောတဲ့သတင်းစကား
- ၁၀:၂၀ 'ဝိဘင်္ဂပစ္စာ' တေးဂီတပျော်ပွဲ ထုတ်လွှင့်မှုအစီအစဉ်
- ၁၂:၃၀ This Week's Special Interest
- ၁၃:၀၀ အသိပညာနှင့်အမှန်တရား
- ၁၃:၃၀ MRTV National News
- ၁၄:၀၀ မြန်မာ့ဂန္ထဝင်ရုပ်ရှင် 'ကောလိပ်ဂျင်' (ကောလိပ်ဂျင်နေဝင်း၊မြင့်မြင့်ခင်)
- ၁၆:၄၀ ရုပ်မြင်သံကြားဇာတ်လမ်း 'သန်းခေါင်ကျော်ပြီ' (ဒုတိယပိုင်း)
- ၁၇:၁၅ Sports Diary
- ၁၇:၃၀ ထူးခြားစုံလင် အာရှပစိဖိတ်အစီအစဉ်
- ၁၈:၃၀ ပြည်ချစ်သားမွန်တေးသဝဏ်
- ၁၉:၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ 'ချစ်သူအနားက ချစ်လိပ်ပြာ' (အပိုင်း–၃)
- ၂၀:၀၀ ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၁:၀၀ ဘဝနှင့်အနုပညာ 'သက်ဝင်လှုပ်ရှားပုံရိပ်များနှင့် တေးအလှဆင်ခဲ့သူ' (အပိုင်း–၁) 'အေဝမ်းတင်တင်လှ'
- ၂၁:၂၅ ပြည်ချစ်သားမွန်တေးသဝဏ်
- ၂၁:၄၅ ဆေးရောင်စုံရုပ်ရှင် 'ညဝင်းသား' (ရန်အောင်၊ထွန်းအိန္ဒြာဗို)

### mitv

- 07:02 Evergreen Classic: Myat Hsu Mon (Hnin Yee Thant, Hnin Hnin Htoo, Shwe Yee Win, Sein Lei Lei, Nan Sandy)
- 07:06 Myanma Gone Yi U Sein Tun Kyi
- 07:30 Ancient Historical Kakku Pagoda
- 07:34 The Coloured Glass Ball (Ywal) Juggling Master
- 08:01 News
- 08:27 Global Updates: A Dangerous Beauty Trend
- 08:49 The Art of Taxidermy: U Myo Naing
- 09:02 Swiftlet Birds (Aerodramus Fuciphagus) (Part-I)
- 09:22 Today Myanmar: The 365-Day Dawn Alms-Food Offering Association
- 09:32 A Visit To Ye's Coastal Area
- 09:47 Sagaing: Youth Leader
- 10:01 News

### MRTV NRC

- ဝ (၀၆:၀၀ မှ ၀၈:၀၀) ပြောင်းဖူးဟင်းရည်ပြုလုပ်နည်း
- ကချင် (၀၈:၀၀ မှ ၁၀:၀၀) စားချင်စဖွယ်ကချင်ဆာဖြယ်
- ကယား (၁၀:၀၀ မှ ၁၂:၀၀) သဘာဝအလှတရားတည်ရှိရာထီးပွင့်ကန်တော်ဆီသို့
- စကောကရင် (၁၂:၀၀ မှ ၁၃:၀၀) ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ (အပိုင်း–၁၉)
- အနောက်ပိုးကရင် (၁၃:၀၀ မှ ၁၄:၀၀) အကြေပုဂံလို့တင်စားခေါ်ဝေါ်တဲ့ မြောင်းမြမြို့ဟောင်း
- အရှေ့ပိုးကရင် (၁၄:၀၀ မှ ၁၅:၀၀) စာပေအမြုတေ
- ချင်း (လိုင်ဇို) (၁၅:၀၀ မှ ၁၆:၀၀) အံ့ဖွယ်အစွမ်းထက်ချဉ်ပေါင်
- ချင်း (ချိုး) (၁၆:၀၀ မှ ၁၇:၀၀) မြန်မာ့မြေမှစိုက်ပျိုးစီးပွားလုပ်ငန်းရှင်များ (အပိုင်း–၁) (ချင်းပြည်နယ်က အော်ဂဲနစ်စိုက်ပျိုးရေး)
- မွန် (၁၇:၀၀ မှ ၁၉:၀၀) ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ (အပိုင်း–၈)
- ရခိုင် (၁၉:၀၀ မှ ၂၁:၀၀) တိုင်းရင်းအလှနဲ့ရာသီစာ (အပိုင်း–၂)
- ရှမ်း (၂၁:၀၀ မှ ၂၃:၀၀) ပဒုမ္မာကြာသက်နှင်း

### MRTV NEWS

- ၀၆:၀၀ အဖွင့်၊တေးသီချင်း
- ၀၆:၄၀ အားကစားသတင်း
- ၀၈:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၀၉:၄၅ Weekly Selested News
- ၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၁:၄၅ Next Level
- ၁၂:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၁၄:၀၀ MRTV National News
- ၁၄:၂၀ News Desk
- ၁၆:၀၀ သတင်းမှန်ကဏ္ဍ(LIVE)
- ၁၇:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၁၈:၀၅ လူငယ်ရေးရာအစီအစဉ်
- ၂၀:၀၀ ပြည်တွင်းသတင်း (LIVE)

### MRTV PARLIAMENT

- ၀၉:၀၀ အဖွင့်၊အလံ
- ၀၉:၁၅ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်း သိကောင်းစရာများ 'ရုရှားနိုင်ငံ'
- ၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'အာဟာရ'
- ၁၀:၀၀ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်း သိကောင်းစရာများ 'စစ်မှုထမ်းဥပဒေမကျင့်သုံးသေးတဲ့ နိုင်ငံများအကြောင်း'
- ၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း 'ဂျပန်နိုင်ငံ'
- ၁၁:၃၀ ရှေ့သို့ချီမည်ပန်းတိုင်ဆီ (အပိုင်း–၄၃)

### MRTV FARMERS' / HTV Channel

- ၀၆:၀၀ အဖွင့်၊နိုင်ငံတော်သီချင်း
- ၀၆:၁၅ အနာဂတ်၏ဖွံ့ဖြိုးမြန်မာ စိုက်မွေးပညာ သင်ယူပါ လူငယ့်ဘဝတစ်သက်တာ
- ၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်း
- ၁၈:၀၀ ကျားလန်မပိုးတာတေတိုး (ဇာတ်လမ်း)
- ၂၂:၀၀ The Brith of Sake (နိုင်ငံခြားဇာတ်လမ်း)
- ၂၃:၄၅ Small Farm Rising Family Farm Chores

### MRTV SPORTS / HTV Sports

- ၀၆:၀၀ အဖွင့်
- ၀၆:၂၀ လူငယ်တို့အတွက်လမ်းပြကြယ်
- ၀၆:၄၅ Sports Diary
- ၀၇:၄၀ Soccer View
- ၁၁:၀၀ အားကစားသတင်း
- ၁၅:၄၅ မြန်မာနေရှင်နယ်လိဂ်ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှု (Mahar United FC Vs Shan United FC)

Scan Here

MRTV | MRTV | MRTV Radio | MRTV Radio

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။






နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရေဝတီတိုင်းဒေသကြီး ကျိုက်ပျော်မြို့နယ် ခေတ္တရဲတပ်ဖွဲ့မှူး ရဲမှူး တင်လှိုင်၊ မြို့မစခန်းမှူး ဒုရဲမှူး ဝင်းထွန်းနိုင် ဦးဆောင်သည့် ရဲတပ်ဖွဲ့ဝင်အင်အား ၃၀၊ တပ်ဖွဲ့ဝင်မိသားစု ၂၅ ဦးတို့သည် စက်တင်ဘာ ၁၄ ရက်က ကျိုက်ပရောစေတီတော် ရင်ပြင်နှင့် ဘုရားတန်ဆောင်းတို့တွင် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။ မြို့နယ်(ပြန်/ဆက်)

**သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့**

# ကကြီးခခွေး၊ မတတ်သေး၊ လူရေးညံ့တော့သည်

**ဒေါက်တာထွန်းတင့်**

## မြန်မာဗျည်းအက္ခရာများ

(၉-၉-၂၀၂၄ ရက်နေ့မှအဆက်)



ရ / ယာ့ဂေါက် /

ရ သည် မြန်မာဗျည်းအက္ခရာ သုံးဆယ့်သုံးလုံးတွင် နှစ်ဆယ့်ခုနစ်လုံးမြောက် ဗျည်းအက္ခရာဖြစ်သည်။ ရကောက်ဟု ခေါ်သည်။ ယင်းဗျည်း၏ အသွင်သဏ္ဍာန်မှာ ကောက်ကောက်ကွေးကွေးဖြစ်ခြင်းကြောင့် ရကောက်ဟု ခေါ်ခြင်းဖြစ်သည်။ ယပက်လက်နှင့် ရကောက်ကို ယှဉ်တွဲ၍ ခေါ်ရန်ရှိသောအခါ ယပက်လက်ကိုယငယ်၊ ရကောက်ကို ရကြီးဟူ၍ ခေါ်ဆိုကြသည်။ မြန်မာဗျည်းအက္ခရာများတွင် ဝဂ်ဗျည်းနှစ်ဆယ့်ငါးလုံးကိုချန်၍ ကျန်အဝဂ် ဗျည်းအက္ခရာ ရှစ်လုံးတွင် ရကောက်လည်း တစ်လုံးအပါအဝင်ဖြစ်သည်။ ဃောသဗျည်းဖြစ်သည်။ သံထင်ဗျည်းဟုလည်းကောင်း၊ သံပြင်းဗျည်းဟုလည်းကောင်းဆိုသည်။ မြန်မာဘာသာတွင် ယပက်လက်နှင့် ရကောက်သည် အသံတူသည်။ ယပက်လက်သံသာထွက်သည်။ ထို့ကြောင့် ရကောက်၏ အသံဖြစ်ရာဌာန်သည် အာခေါင်မာဟုလည်း ခေါ်သောအာစောက်အရပ်ဖြစ်သည်။ အကယ်၍ ရကောက်ကို လျှာလိပ်သံဖြင့် အသံထွက်လျှင်မူ ရကောက်၏ အသံဖြစ်ရာဌာန်သည် သွားရင်းနောက် ဖြစ်သည်။ ရကောက်ကို ယပက်လက်သံထွက်လျှင် ရကောက်သည်လည်း ယပက်လက်ကဲ့သို့ပင် သရတစ်ပိုင်း ဗျည်းတစ်ပိုင်းဖြစ်၍ ဗျည်းတာဝန်ကိုသာမက သရတာဝန်ကိုပါ ထမ်းဆောင်သည်။ ထိုအခါ ရရစ် ( -ြ ) အဖြစ်ဖြင့် အခြားဗျည်းများနှင့် သံယုဂ်ဖြစ်ရသည်။ ရကောက်ဖြင့် ရစ်ထားသဖြင့်၊ ရစ်ထားသော ရကောက်ဖြစ်သဖြင့် ရရစ်ဟုခေါ်ခြင်း ဖြစ်သည်။ ရရစ်သည် ရကောက်၏ အသွင်ဖောက်သဏ္ဍာန်ဖြစ်သည်။ မှတ်ရန်တစ်ချက်မှာ ရရစ်သည် မြန်မာမှုတွင်သာ အသံရောအနက်ပါ ထူးခြားသည့် သတ္တိရှိသော်လည်း ပါဠိသက္ကတဘာသာ၊ အချို့မြန်မာ ဝေါဟာရတို့တွင်မူ မူလရ၏ တာဝန်ကိုသာယူသည်။ သာဓကအားဖြင့် ဗြီ၊ ဩြီ၊ ဩဝန်၊ ဆြာ၊ ခြီး (ခရီး)၊ ခြိုန် (ခရိုန်၊ခရိုင်)၊ ကြာ (ကရား) စသည်တို့ ဖြစ်သည်။ ရကောက်နှင့်ပတ်သက်၍ ဒုတိယကျော်အောင်စံထား ဆရာတော်က ဝေါဟာရတ္ထပကာသနီကျမ်းတွင် “ရ အက္ခရာ၌ကား သံယုဂ်ဖြစ်ခါ အောက်၌အမြဲတည်သင့်သောကြောင့် အသွင်ဖောက်သည်ချည်း ဖြစ်၏။ ယ အက္ခရာ၌ကား ယ ချင်း သဒိသသံယုဂ်ရှိ၏။ ဤ ရ အက္ခရာ၌ကား ရ ချင်း သဒိသသံယုဂ်မရှိ။ ထို ရ အက္ခရာသည် အက္ခရာတစ်ပါးနှင့် သံယုဂ်ဖြစ်သော် အောက်၌သာတည်၏”ဟူ၍လည်းကောင်း၊ “ထိုရစ်သော အသွင်လိုရင်းကားအထက်၌တည်သော၊ ယှဉ်ဖက်ဖြစ်သော အက္ခရာ၏နောက်အဖို့ အတန်ငယ်ခြား၍ ရ အက္ခရာ၏ဦးခေါင်းရေးမြဲ အရစ်အကွေးရေးပြီးလျှင် အောက်သို့ငင်သော အမြီးညွန့်ကို နောက်သို့ကွေးညွတ်၍ တက်စေမှ ယှဉ်ဖက်အက္ခရာ၏ နောက်အဖို့ဖြင့် ခွေပတ်၍ရစ်လို၏။ ထိုသို့ ယှဉ်ဖက်အက္ခရာကို ခွေရစ်၍ ရေးသောကြောင့်လည်း ရစ်သည်ဟူ၍ ခေါ်ဝေါ်ကုန်၏။ ထိုသို့ ရေးလိုလျက် ရစ်ပတ်သည်ကားမှန်၏။ ရ အက္ခရာ၏ ဦးခေါင်းအသွင် ခွေရစ်၍တည်ခြင်း၊ ယှဉ်ဖက်အက္ခရာ၏ နောက်အဖို့၌ တည်ခြင်းကို မပြုမူ၍ ယှဉ်ဖက်အက္ခရာ၏ နောက်အဖို့ အောက်အစွန်းနှင့်စပ်လျက် အစထား၍ ရစ်ကုန်၏။ ထိုသို့ထားခြင်းသည် နောက်၌ ယှဉ်ဖက်သရကို မငဲ့ဘဲ အောက်၌ အစွန်းနှင့်စပ်လျက်သာယူ၍ ရစ်ခြင်းသည် သဘောမရောက်ချေ။ ထိုသို့သော်လည်း ဤနှင့်တူသော အရေးမရှိ သိသာပြီဖြစ်၍ တစ်မူကား အပြစ်မဆိုသာပြီ” ဟူ၍လည်းကောင်း အကျယ်တဝင့် ရှင်းပြထားပါသည်။

**ရကောက်**သည် စုတ်ချက်တစ်ချက်ဆွဲ အက္ခရာဖြစ်သည်။



လ / လာ့ /

**လ**သည် မြန်မာဗျည်းအက္ခရာ သုံးဆယ့်သုံးလုံးတွင် နှစ်ဆယ့်ရှစ်လုံးမြောက် ဗျည်းအက္ခရာဖြစ်သည်။ အမည်သီးခြားမမှည့်ဘဲ လ ဟုပင်ခေါ်သည်။ အဝဂ်ဗျည်းအက္ခရာ ရှစ်လုံးတွင် တစ်လုံးအပါအဝင် ဖြစ်သည်။ ဃောသဗျည်းဖြစ်သည်။ သံထင်ဗျည်းဟုလည်းကောင်း၊ သံပြင်းဗျည်းဟုလည်းကောင်းခေါ်သည်။ လ သည်ပါဠိဘာသာတွင် ဒန္တဇအက္ခရာ၊ သွားဌာန်ဖြစ်အက္ခရာဖြစ်သည်။မြန်မာဘာသာတွင်မူ သွားရင်းဖြစ် အက္ခရာဟုသတ်မှတ်သည်။ ဗုဒ္ဓဇအက္ခရာဟု ခေါ်နိုင်သည်။ လ ကို သက္ကတဘာသာတွင် သရတစ်ပိုင်း ဗျည်းတစ်ပိုင်းအက္ခရာအဖြစ် သတ်မှတ်သည်။ ပုဂံခေတ်ကျောက်စာများတွင် က ခ ပ ဖ မ တို့တွင် လဆွဲလျက်သုံးသည်ကို တွေ့ရသည်။ လ သည် သရသဘော သက်ရောက်သည်။ က၊ ခ ကို လဆွဲလျှင် ယခုခေတ် ကယပင့်၊ ခယပင့် နှင့်တူသည်။ (က္လ ၊ ခ္လ = ကျ ၊ ချ)။ ပ၊ ဖ၊ မ ကို လဆွဲလျှင် ယခုခေတ် ပရရစ်၊ ဖရရစ်၊ မရရစ်နှင့်တူသည်။ ( ပ္လ၊ ဖ္လ ၊ မ္လ = ပြ၊ ဖြ၊ မြ)။ မ ကို လဆွဲလျှင် မယပင့် အဖြစ်လည်းပြသည်။ (မ္လ = မျ)။ ယခုအခါ မြန်မာဘာသာ အချို့ဒေသိယ စကားတို့တွင် ကျောင်း၊ ကျီး စသည်ကို (က္လောင်း၊ က္လီး ) စသည်ဖြင့် သုံးဆဲဖြစ်သည်။ လနှင့်ပတ်သက်၍ ဒုတိယကျော်အောင်စံထားဆရာတော်က ဝေါဟာရတ္ထပကာသနီကျမ်းတွင် “လ အက္ခရာ၌ကား တစ်ပါးသော အက္ခရာနှင့် သံယုဂ်ဖြစ်၍လည်းကောင်း၊ သဒိသဒွေးဘော်ဖြစ်၍လည်းကောင်း အောက်၌ တည်သော်လည်း စွမြင်ဆွဲ (စွမျဉ်းဆွဲ) အက္ခရာ၊ ယ အက္ခရာကို အောက်၌ ဆွဲသောအခါ ပင့်၍ရေးသကဲ့သို့ နောက်၌တည်သော အမှီသရနှင့် စပ်သာအောင် နောက်အမြီးကိုပင့်ချီ၍ ရေးသား၏။ ထိုသို့သော်လည်း အတင့်အတယ်၊ သာရုပ္ပရှိအောင်သာ ရေးကုန်၏။ အသွင်မဖောက်ပြီ” ဟူ၍လည်းကောင်း၊ ယ ရ လ ဝ သ ဟ ဠ ဟူသော အဝဂ်ခုနစ်လုံးကား အနာမိက၊ အံ ဟူသော နိဂ္ဂဟိတ်တို့ကား သနာမိက ဟူ၍ ဆရာတို့ မိန့်သည်ကို ထောက်၍ ယ ရ လ ဝ စသည်တို့ကား အမည်မဟုတ်၊ ရွတ်သံမျှသာ ဟူ၍သော်လည်း ယူသင့်၏။ ထိုရွတ်သံကို စွဲ၍ အမည်ဖြစ်၏ဟူ၍လည်းကောင်း ယူသင့်၏” ဟူ၍ ရှင်းပြထားပါသည်။

**လ** သည် စုတ်ချက်နှစ်ချက်ဆွဲ အက္ခရာဖြစ်သည်။



ဝ/ဝါ့/

**ဝ** သည် မြန်မာဗျည်းအက္ခရာ သုံးဆယ့်သုံးလုံးတွင် နှစ်ဆယ့်ကိုးလုံးမြောက် ဗျည်းအက္ခရာဖြစ်သည်။ အမည်သီးခြားမရှိ။ ဝ ဟုပင်ခေါ်သည်။ လုံးလုံးဝန်းဝန်း သဏ္ဍာန်ကြောင့် ဝလုံးဟုလည်း ခေါ်သည်။ ဒုတိယကျော်အောင်စံထားဆရာတော်အဆိုအရ အနာမိကဟု မှတ်ရသည်။ အဝဂ်အက္ခရာရှစ်လုံးတွင် တစ်လုံးအပါအဝင်ဖြစ်သည်။ ဃောသဗျည်းဖြစ်သည်။ သံထင်ဗျည်းဟုလည်းကောင်း၊ သံပြင်းဗျည်းဟုလည်းကောင်း ခေါ်သည်။ ဝ ကိုပါဠိဘာသာတွင် (ဗှ)နှင့် ဆင်သောအသံထွက်သဖြင့် သွားနှုတ်ခမ်းဌာန်ဖြစ် အက္ခရာဟုဆိုသည်။ ဒ္ဓိဇ အက္ခရာ ဖြစ်သည်။ မြန်မာဘာသာတွင်မူ နှုတ်ခမ်းဌာန်ဖြစ်အက္ခရာ ဩဋ္ဌဇအက္ခရာဖြစ်သည်။ ဝ သည် သရတစ်ပိုင်း ဗျည်းတစ်ပိုင်းဖြစ်သည်။ အခြား ဗျည်းအက္ခရာများနှင့် သံယုဂ်ဖြစ်နိုင်သည်။ ကွ ခွ ဂွ ငွ စွ ဆွ ဇွ ညွ ဗျ ဂှ စသည် ဝ နှင့်ပတ်သက်၍ ဒုတိယကျော်အောင်စံထား ဆရာတော်က ဝေါဟာရတ္ထပကာသနီကျမ်းတွင် “ဝ အက္ခရာ၌ကား သံယုဂ်ဖြစ်ခါ အထက်၌လည်းကောင်း၊ အောက်၌လည်းကောင်း ယှဉ်ရာသောကြောင့် အောက်၌ ဆွဲသောအခါသာ အသွင်ဖောက်သည် ဖြစ်၏။”ဟူ၍လည်းကောင်း၊ “ဝဆွဲသော အရာကို ဝ အက္ခရာ၏ အသွင်ပီပြင်အောင် အဝန်းညီစွာသာမရေးဘဲ အထက်အဖို့ကို ချွန်းစေငယ်စေ၍ လည်းကောင်း၊ အောက်အထက်အတန်ငယ် လျားယောင်ရှည်ယောင် ပြု၍လည်းကောင်း ရေးမှတ်ခြင်းသည် ဝ အက္ခရာ၏ အသွင်မပျက်။ အဝန်းညီစွာရေးလျှင် အောက်ကြောင်း အက္ခရာ၌ တင်သော လုံးကြီးတင်အရေးနှင့် လွဲရာခဲ့သောကြောင့်လည်းကောင်း၊ ဝဆွဲမဟုတ်ယိုယွင်းကျနိုင်၍ ထည့်သကဲ့သို့လည်းကောင်း၊ ထင်ဖွယ်ရှိသောကြောင့်လည်းကောင်း အတန်ငယ်လျားစေခြင်း၊ အထက်အဖို့ ချွန်းစေ၊ ညွန့်စေခြင်း ထိုအညွန့်ဖြင့် ယှဉ်ဖက်ဗျည်းကို စပ်ထိစေ၍ ရေးလေသည်ဟူ၍ ယူသင့်၏” ဟူ၍လည်းကောင်း ရှင်းပြထားပါသည်။ ယခုအခါတွင် ဝဆွဲကို ဝ ၏ပုံမပျက်စေဘဲ ဝိုင်းဝိုင်းရေးရန် ပြဋ္ဌာန်းထားသည်။

**ဝ** သည် စုတ်ချက်တစ်ချက်ဆွဲ အက္ခရာဖြစ်သည်။

**(ဆက်လက်ဖော်ပြပါမည်)**

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်**

နေပြည်တော် စက်တင်ဘာ ၁၄

ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့်အရှေ့ပိုင်း)နှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး မကွေးတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။ မိုး/ဇလ

# ရေဝင်ရောက်မှုများဖြစ်ပေါ်ခဲ့သည့်နေရာများတွင် လိုအပ်သည့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများနှင့် သန့်ရှင်းရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်၊ စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်း



နေပြည်တော် စက်တင်ဘာ ၁၄

နေပြည်တော်ကောင်စီနယ်မြေ အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တွင် မိုးအဆက်မပြတ် ရွာသွန်းမှုများ ဖြစ်ပွားခဲ့ပြီး ချောင်းရေ၊ မြစ်ရေများ မြင့်တက်လာမှုနှင့်အတူ မြို့နယ်အချို့ရှိ ရပ်ကွက်၊ ကျေးရွာများအတွင်းသို့ ရေဝင်ရောက်မှုများ ဖြစ်ပေါ်ခဲ့ကာ ကားလမ်း၊ ရထားလမ်းများ ရေကျော်ခြင်း၊ တံတားအချို့ပျက်စီးခြင်း၊ လျှပ်စစ်မီးတိုင်များနှင့် အဆောက်အအုံများ ထိခိုက်ပျက်စီးခြင်း၊ လူနေအိမ်များ ပျက်စီးခြင်းများ ဖြစ်ပွားခဲ့သည်။

ထိုသို့ နေပြည်တော်ကောင်စီနယ်မြေအတွင်း ရေကြီးရေလျှံမှု ဖြစ်ပေါ်ခဲ့သည့် ရပ်ကွက်/ကျေးရွာများမှ ကူညီရွှေ့ပြောင်းရန် လိုအပ်နေသူများကို အချိန်နှင့်တစ်ပြေးညီ ကူညီကယ်ဆယ်ရွှေ့ပြောင်းပေးလျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေအတွင်းမှ ရေကြီးရေလျှံဖြစ်ပေါ်နေသည့် လယ်ဝေးမြို့နယ်၊ ပျဉ်းမနားမြို့နယ်၊ ဇေယျာသီရိမြို့နယ်နှင့် ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများမှ ရေဘေးသင့်ပြည်သူများအား တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် လူမှုဝန်ထမ်းကယ်ဆယ်ရေး အသင်း/အဖွဲ့များက လိုအပ်သည့်ကူညီကယ်ဆယ်ရွှေ့ပြောင်းပေးခြင်း လုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ စားသောက်ဖွယ်ရာများ လိုက်လံဝေငှပေးခြင်းများ တက်ကြွစွာ ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့အပြင် ရေများ ပြန်လည်ကျဆင်းသွားသည့်နေရာများရှိလမ်း၊ တံတားများ၊ ရပ်ကွက်၊ ကျေးရွာများအတွင်း၌ တင်ကျန်ခဲ့သည့် နုန်းများ၊ သစ်ပင်သစ်ကိုင်းများအား ဖယ်ရှားပေးခြင်းအပါအဝင် ကူညီကယ်ဆယ်ရေးနှင့် သန့်ရှင်းရေးလုပ်ငန်းများကို အင်တိုက်အားတိုက် ဝိုင်းဝန်းဆောင်ရွက်ပေးလျက်ရှိသည်။

ရေကြီးမှုကြောင့် ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည့် လမ်း/တံတားများကို လမ်းပန်းဆက်သွယ်ရေး အမြန်ပြန်လည်ကောင်းမွန်စေရန်အတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော် ကောင်စီနယ်မြေရှိ သိုက်ချောင်းတံတားနှင့် နဝင်းချောင်းတံတားတို့ကို သံဘောင်ဘေလီ အစားထိုးပြုပြင်ဆောင်ရွက်ခြင်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ချဉ်းကပ်လမ်းပျက်စီးသွားသော နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်နှင့် ပုဗ္ဗသီရိမြို့နယ်တို့ကို ဆက်သွယ်ထားသော ပုပ္ပါးကုန်းတံတား(ဆင်သေချောင်းကူး)အား ယာယီဘေလီတံတား အစားထိုးခြင်းကို အင်တိုက်အားတိုက် ပြုပြင်ဆောင်ရွက်ခဲ့ရာ ယနေ့ မွန်းလွဲပိုင်းတွင် ပြီးစီးပြီဖြစ်၍ ယာဉ်ငယ်များ ဖြတ်သန်းသွားလာနိုင်ပြီဖြစ်သည်။ ထို့ပြင် ရေကြီးရေလျှံမှုဖြစ်ပေါ်ခဲ့သည့် နေပြည်တော်ကောင်စီနယ်မြေနှင့် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ယာယီရေဘေးရှောင်စခန်းများ ဖွင့်လှစ်ပေးထားပြီး လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကာ ရေဘေးသင့်ပြည်သူများ စားသောက်ရေးအခက်အခဲမရှိစေရေးအတွက် တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုဝင်များ၊

စာမျက်နှာ ၁၇ သို့ »»









»»» စာမျက်နှာ ၁၆ မှ

ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် စေတနာရှင်ပြည်သူများက ထမင်းဘူးများ၊ ရေသန့်များနှင့် အခြားစားသောက်ဖွယ်ရာများကို လိုက်လံဝေငှပေးလျက်ရှိသည်။

ထိုသို့ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများကို တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်နှင့် သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး ရေဘေးသင့် ပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများနှင့် စားသောက်ဖွယ်ရာများပေးအပ်၍ ရင်းရင်းနှီးနှီး အားပေးစကားများ ပြောကြားကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကြသည်။



နေပြည်တော် ကောင်စီနယ်မြေအပါအဝင် ကရင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် (အရှေ့ပိုင်း)နှင့် ဧရာဝတီတိုင်းဒေသကြီးတို့ရှိ မြို့နယ် ၆၄ မြို့နယ်နှင့် ရပ်ကွက်၊ ကျေးရွာပေါင်း ၄၆၂ ရွာတို့တွင် ရေကြီးရေလျှံမှုဖြစ်ပေါ်ခဲ့ပြီး စက်တင်ဘာ ၁၀ ရက်မှ ၁၃ ရက် ညပိုင်းအထိရရှိသော စာရင်းများအရ ပြည်သူ ၇၄ ဦး သေဆုံးခဲ့ပြီး ပျောက်ဆုံးနေသူ ၈၉ ဦးရှိကြောင်းနှင့် တာဝန်ရှိသူများက ကယ်ဆယ်ရေးလုပ်ငန်းများကို အင်တိုက်အားတိုက် တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ ထို့ပြင် အထက်ပါရပ်ကွက်၊ ကျေးရွာများအတွင်း ရေကြီးရေလျှံခဲ့မှုကြောင့် လမ်းအရှည် ၃၂၆၄၅ ပေ၊ တံတား ၂၄ စင်း၊ စာသင်ကျောင်း ၃၇၅ ကျောင်း၊ ဘုန်းကြီးကျောင်း တစ်ကျောင်း၊ ဆည်/တမံ ငါးခု၊ ဘုရားစေတီ လေးဆူ၊ ထရန်စဖော်မာ ၁၄ လုံး၊ ဓာတ်မီးတိုင် ၄၅၆ တိုင်နှင့် လူနေအိမ် ၆၅၇၅၉ လုံး ရေဝင်နစ်မြုပ်၍ ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**





# ရေကြီးရေလျှံမှုဖြစ်ပွားသည့်ဒေသများတွင် ရေဘေးသင့်ပြည်သူများကို ကြက်ခြေနီများ ပါဝင်ကူညီ

**ရန်ကုန် စက်တင်ဘာ ၁၄**

ယခုရက်ပိုင်းအတွင်း မိုးအဆက်မပြတ်သည်းထန်စွာရွာသွန်းမှုများကြောင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ မြို့နယ်အချို့တွင် ရေကြီးရေလျှံမှုများဖြစ်ပေါ်နေရာ ရေဘေးသင့်ပြည်သူများအား ဒေသခံကြက်ခြေနီစေတနာလုပ်အားရှင်များက လူမှုကရုဏာအကူအညီများကို ဆက်လက်ကူညီပေးလျက်ရှိသည်။

**ပါဝင်ကူညီဆောင်ရွက်ပေးလျက်ရှိ**



ထိုသို့ကူညီရာတွင် အလှူရှင်များလှူဒါန်းသည့် စားစရာနှင့် ရေသန့်များဝေငှခြင်း၊ ထိခိုက်ဒဏ်ရာရသူများအား ရှေးဦးပြုစုပေးခြင်း၊ ရေဘေးလွတ်ရာသို့ ကူညီရွှေ့ပြောင်းခြင်းတို့ကို ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့်အတူ ပါဝင်ကူညီဆောင်ရွက်ပေးလျက်ရှိပြီး ယာယီရေဘေးရှောင်စခန်းတွင် မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ ထောက်ပံ့သောစောင်နှင့် တာပေါ်လင်စများကို ထောက်ပံ့ပေးခဲ့သည်။

ထို့အတူ ကရင်ပြည်နယ် မြဝတီမြို့တွင် မိုးသည်းထန်စွာရွာသွန်းမှုများကြောင့် ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့ရာ မြဝတီမြို့နယ် ကြက်ခြေနီစေတနာလုပ်အားရှင်များက မြို့နယ်ကြက်ခြေနီအသင်းခွဲမှ စက်လှေ၊ မော်တော်ယာဉ်များ အသုံးပြုကာ ရေဘေးသင့်ပြည်သူများအား ဘေးလွတ်ရာသို့ ပြောင်းရွှေ့ပေးခြင်းကို ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

အလားတူ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ်တွင် ရေကြီးရေလျှံမှုများကြောင့် ရေဘေးသင့်ပြည်သူများအား ဒေသခံကြက်ခြေနီ စေတနာလုပ်အားရှင်များက ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့်အတူ လူမှုကရုဏာအကူအညီများကို ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထို့အတူ မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ်နှင့် ကျောက်ဆည်မြို့နယ်တို့တွင် ရေဘေးသင့်ပြည်သူများအား ကူညီရာတွင် အသုံးပြုနိုင်ရန်အတွက် မြို့နယ်မှ ကြက်ခြေနီ စေတနာလုပ်အားရှင်များအား အသက်ကယ်အင်္ကျီ ငါးထည်၊ အသက်ကယ်ဖောကွင်း သုံးခု၊ မိုးကာအင်္ကျီ ၁၀ ထည်၊ ဦးထုပ် ၁၀ လုံး၊ ရော်ဘာဖိနပ် ၁၀ ရန်နှင့် Waist Coat ၁၀ ခုစီ တို့ကို တိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှု ကော်မတီမှ ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြန်မာနိုင်ငံကြက်ခြေနီအသင်း**

**MNL မှ**

နှစ်သင်းစလုံး အမာခံကစားသမားများဖြင့် ပွဲထွက်လာခဲ့ပြီး ခြေစွမ်းပိုင်းအရ ကွာခြားမှုမရှိသလို ပြည်တွင်းကစားသမားများဖြင့် ဖွဲ့စည်းထားသည့် နှစ်သင်း တွေ့ဆုံသောကြောင့် ပွဲမှာအပြန်အလှန်ရှိခဲ့သည်။ နှစ်သင်းစလုံး ဂိုးသွင်းခွင့်များ အသုံးမချနိုင်သဖြင့် ဂိုးမရှိသရေရလဒ်ဖြင့် အဆုံးသတ်ခဲ့ခြင်းဖြစ်သည်။

သုဝဏ္ဏကွင်း၌ ကျင်းပသည့်ပွဲတွင် အား/ကာသိပ္ပံအသင်းက သစ္စာအားမာန်အသင်းကို လေးဂိုး-တစ်ဂိုးဖြင့်အနိုင်ရခဲ့သည်။ ဒုတိယပိုင်းမှ သွင်းဂိုးများ တွေ့မြင်ရသော်လည်း နှစ်သင်းပေါင်းသွင်းဂိုး ငါးဂိုးအထိရှိခဲ့ပြီး အား/ကာသိပ္ပံအသင်းက ဂိုးပြတ်အနိုင်ရခဲ့သည်။

အား/ကာသိပ္ပံအသင်းအတွက် ဂိုးများကို ၅၁၊ ၈၅ မိနစ်တွင် သန်းတိုးအောင်၊ ၇၃ မိနစ်တွင် ကျော်ဇေယျ၊ ၈၃ မိနစ်တွင် သိန်းဇော်သီဟတို့က သွင်းယူပြီး သစ္စာအားမာန်အသင်းအတွက် ချေပဂိုးတစ်ဂိုးကို ၆၈ မိနစ်တွင် မြတ်ဘုန်းခန့်က သွင်းယူခဲ့သည်။

ပွဲစဉ်(၁၀)တတိယနေ့ကို စက်တင်ဘာ ၁၅ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး သုဝဏ္ဏကွင်း၌ ရခိုင်ယူနိုက်တက်အသင်းနှင့် ဧရာဝတီယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

**သတင်း - ကိုညီလေး၊ ဓာတ်ပုံ - MNL**

# ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် တောင်ငူမြို့နှင့် ရေတာရှည်မြို့များရှိ ရေကြီးရေလျှံမှုများအား သွားရောက်ကူညီထောက်ပံ့

တောင်ငူ စက်တင်ဘာ ၁၄

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကြည်သိုက်နှင့်အတူ စက်တင်ဘာ ၁၃ ရက် မွန်းလွဲပိုင်းက တောင်ငူမြို့နှင့် ရေတာရှည်မြို့များရှိ ရေကြီးရေလျှံမှုများအား သွားရောက်ကူညီထောက်ပံ့ခဲ့သည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့သည် တောင်ငူမြို့ သာသနာ့ဟိတကာရီဗိမာန်တော်ကြီး၌ ဖွင့်လှစ်ထားသည့် တောင်ငူခရိုင်သဘာဝဘေးကွပ်ကဲမှုရုံးသို့ ရောက်ရှိခဲ့ပြီး ခရိုင်သဘာဝဘေးကော်မတီဝင်များနှင့်တွေ့ဆုံ၍ ရေဘေးကယ်ဆယ်ရေးစခန်းအလိုက် ခရိုင်အဆင့်ဌာနဆိုင်ရာ ဦးဆောင်သောအဖွဲ့ နေထိုင်စားသောက်ရေး၊ ကျန်းမာရေးစီစဉ်ဆောင်ရွက်ပေးရန်၊ ရေသန့်လိုအပ်ချက်အားဖြည့်ဆည်းပေးနိုင်ရေး စီမံဆောင်ရွက်ရန်၊ စက်လှေဖြင့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ စနစ်တကျဆောင်ရွက်နိုင်ရေး လိုအပ်သည်များ ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့သည်။ ၎င်းနောက် စေတနာရှင်အလှူရှင်များ၏ တန်ဖိုးငွေကျပ် ၄၆၂၀၀၀၀၀ တန်ဖိုးရှိ အလှူငွေနှင့် လှူဖွယ်ပစ္စည်းများအား လက်ခံရယူခဲ့ပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့သည်။



ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် တောင်ငူမြို့ အမှတ်(၆)အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းတို့၌ ဖွင့်လှစ်ထားသည့် ယာယီရေဘေးရှောင်စခန်းများအား သွားရောက်ကြည့်ရှုခဲ့ပြီး ရေဘေးရှောင်ပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးစကားပြောကြားပြီး ဆန်၊ ဆီနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ခဲ့သည်။ ၎င်းနောက် တောင်ငူမြို့ စစ်တောင်းတံတားမြစ်ရေ တက်နေမှုနှင့် တောင်ငူမြို့အတွင်း စစ်တောင်းမြစ်ရေ ဝင်ရောက်မှုတို့အား ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ရေတာရှည်မြို့ အောင်သစ္စာဘုန်းတော်ကြီးကျောင်းနှင့် ဝက်တိုးဘုန်းတော်ကြီးကျောင်းတို့၌ ဖွင့်လှစ်ထားသည့် ယာယီရေဘေးရှောင်စခန်းများသို့ သွားရောက်၍ ရေဘေးရှောင်ပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးခဲ့ပြီး ဆန်၊ ဆီနှင့် စားသောက်ဖွယ်ရာများနှင့် ကလေးငယ်များအတွက် အာဟာရမုန့်များ ထောက်ပံ့ပေးအပ်ခဲ့ကာ ကျန်းမာရေးဝန်ထမ်းများအတွက် သီးခြားထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။ ၎င်းနောက် ကျောင်းတိုက်ပဓာနနာယက ဆရာတော်ကြီးများအား သာသနာရေးဆိုင်ရာများ လျှောက်ထားခဲ့ပြီး နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)



## မုဒုံမြို့၌ မုန်တိုင်းဘေးအန္တရာယ်တုံ့ပြန်ရေးဆိုင်ရာ ဇာတ်တိုက်လေ့ကျင့်ခြင်း ဆောင်ရွက်

မုဒုံ စက်တင်ဘာ ၁၄

မွန်ပြည်နယ် မုဒုံမြို့၌ မုန်တိုင်းဘေးအန္တရာယ် တုံ့ပြန်ရေးဆိုင်ရာနှင့် ပြည်သူလူထုပါဝင်သော ဇာတ်တိုက်လေ့ကျင့်ခြင်းကို ယမန်နေ့က ပင်လယ်ဆိပ်ကမ်းနားရှိ ကတုံးပေါ်ကျေးရွာ၌ ပြုလုပ်ခဲ့သည်။

### ဇာတ်တိုက်လေ့ကျင့်

ဦးစွာ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးဖုန်းမြင့်အေးက မုန်တိုင်းသတိပေး အရေးပေါ်ထုတ်ပြန်ချက် (အညိုရောင်အဆင့်) သတင်းအား ကျေးရွာနေပြည်သူများ သိရှိနိုင်ရန် အသံချဲ့စက်ဖြင့် ကြေညာပြီး ကြိုတင်ပြင်ဆင်သတ်မှတ်ထားသည့် ကုန်းမြင့်ပိုင်း ဘေးလွတ်ရာနေရာသို့ ပြောင်းရွှေ့ကြရာ ကလေးသူငယ်၊ မသန်စွမ်းသူများအား ကူညီရွှေ့ပြောင်းပေးခြင်း၊ ကျန်ရှိသူများကို ရှာဖွေကယ်ဆယ်ဆောင်ရွက်ခြင်း၊ ထိခိုက်ဒဏ်ရာရရှိသူများအား ရှေးဦးသူနာပြုစုစောင့်ရှောက်ခြင်းနှင့် ဆေးရုံဆေးခန်းသို့ လူနာတင်ယာဉ်ဖြင့် ကူညီပို့ဆောင်ခြင်းများကို ဇာတ်တိုက်လေ့ကျင့်ခဲ့သည်။

အဆိုပါ ဇာတ်တိုက်လေ့ကျင့်ဆောင်ရွက်ခြင်းကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးပြည်သိမ်းနှင့်အဖွဲ့ဝင်များက ကြည့်ရှုအားပေးပြီး မြို့နယ်မီးသတ်ဦးစီးဌာနမှ ဦးဆောင်၍ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ လူမှုကယ်ဆယ်ရေးအသင်းအဖွဲ့များနှင့် ကျေးရွာနေပြည်သူ စုစုပေါင်း ၁၂၀ ခန့် စုပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အောင်မျိုးသူ (ပြန်/ဆက်)

## မြဝတီမြို့၌ သောင်ရင်းမြစ်ရေလျှံတက်မှုကြောင့် ကျန်ရှိသည့်သဲနုန်းမြေများအား သန့်ရှင်းရေးဆောင်ရွက်

မြဝတီ စက်တင်ဘာ ၁၄

ကရင်ပြည်နယ် မြဝတီမြို့၌ ယနေ့ နံနက် ၇ နာရီက အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းခွဲ၌ သောင်ရင်းမြစ်ရေလျှံတက်မှုကြောင့် ကျန်ရှိခဲ့သည့် အမှိုက်များနှင့် သဲနုန်းမြေများ ရှင်းလင်းခြင်းကို စုပေါင်းဆောင်ရွက်ကြသည်။



### အမှိုက်များရှင်းလင်း

အဆိုပါ စုပေါင်းသန့်ရှင်းရေးကို မြဝတီ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကောင်းစံလင်း၏ ဦးဆောင်လမ်းညွှန်မှုဖြင့် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်လွင်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဝင်များ၊ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်ကျော်ဦး၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အရပ်ဘက်၊ မိတ်ဖက်အဖွဲ့အစည်းမှ တာဝန်ရှိသူများနှင့် တပ်ဖွဲ့ဝင်များ၊ နယ်မြေခံတပ်ရင်းတပ်ဖွဲ့မှ တပ်မတော်သားများ၊ ခရိုင်နှင့် မြို့နယ် ရဲတပ်ဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ် ဌာနဆိုင်ရာဝန်ထမ်းများ၊ ခရိုင်နှင့် မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ၊ မြို့နယ် ကုန်တင်ကုန်ချကော်မတီ ရုံးဝန်ထမ်းများနှင့် ပရဟိတလူမှုကူညီရေးအသင်း အဖွဲ့ဝင်များက ကျောင်းဝင်း အတွင်း/ အပြင်၌ ကျန်ရှိနေသော အမှိုက်များ ရှင်းလင်းခြင်း၊ သဲနုန်းမြေများအား မီးသတ်ပိုက်ဖြင့် ရေဆေးချခြင်း၊ ကျောင်းခန်းအတွင်း/ အပြင် အမှိုက်များ၊ ရွှံ့များ လှည်းပေးခြင်းနှင့် စာသင်ခုံများ စနစ်တကျဖြစ်စေရန် ဆောင်ရွက်ခြင်းတို့ကို စုပေါင်းအားဖြင့် အင်တိုက်အားတိုက် ဆောင်ရွက်ပေးသည်။

ထို့အတူ မြေနိမ့်ပိုင်းရပ်ကွက်များတွင် ကျန်ရှိသည့် အခြေခံပညာကျောင်းများတွင် ဌာနဆိုင်ရာများ၊ နယ်မြေခံတပ်ရင်းတပ်ဖွဲ့မှ တပ်မတော်သားများနှင့် ပရဟိတလူမှုကူညီရေး အသင်းအဖွဲ့များ ပူးပေါင်း၍ ပြည်သူ့အကျိုးပြု စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။ ဇာဖြူဝင်း(မြဝတီ)

## နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဖြူးပြည်သူ့ဆေးရုံ သွေးလှူဘဏ်၌ စုပေါင်းသွေးလှူဒါန်း

ဖြူး စက်တင်ဘာ ၁၄

နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အမြန်လမ်းမကြီးရဲစခန်းမှ စခန်းမှူးနှင့် ရဲတပ်ဖွဲ့ဝင်များသည် ယနေ့နံနက်ပိုင်းက ဖြူးပြည်သူ့ဆေးရုံ သွေးလှူဘဏ်၌ ပြည်သူ့အကျိုးပြု စုပေါင်းသွေးလှူဒါန်းကြသည်။

ထိုသို့သွေးလှူဒါန်းရာတွင် ဖြူးအမြန်လမ်းမကြီးရဲစခန်းမှ စခန်းမှူး ဒုတိယရဲမှူး ကျော်စိုးဦးစီးသော ရဲတပ်ဖွဲ့ဝင် ၁၅ ဦးအား ဆေးရုံအုပ်ကြီး ဒေါက်တာအောင်ကျော်မိုးနှင့် ဆရာဝန်၊ သူနာပြုများက လိုအပ်သော ဆေးစစ်ဆေးမှုများ ပြုလုပ်ပေးပြီး သွေးလှူဒါန်းခဲ့ကြောင်းနှင့် သွေးလှူဒါန်းသူများအား ကြက်ဥ၊ အာဟာရဖြည့်စာများ၊ အားဆေးများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

နေမျိုးလွင်(ပြန်/ဆက်)





## တောင်ငူမြို့ရှိ ကွန်ပျူတာတက္ကသိုလ်နှင့် အစိုးရနည်းပညာအထက်တန်းကျောင်းရှိ ရေဘေးသင့် ဆရာ ဆရာမများ၊ ဝန်ထမ်းများနှင့် ကျောင်းသား ကျောင်းသူများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်

တောင်ငူ စက်တင်ဘာ ၁၄

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန် ဒေါက်တာစိုင်းကျော်နိုင်ဦး ခေါင်းဆောင်သည့်အဖွဲ့သည် ယနေ့နံနက်ပိုင်းက ကွန်ပျူတာတက္ကသိုလ်(တောင်ငူ)နှင့် အစိုးရနည်းပညာအထက်တန်းကျောင်း(တောင်ငူ)ရှိ ရေဘေးသင့်ဆရာ ဆရာမများ၊ ဝန်ထမ်းများနှင့် ကျောင်းသား ကျောင်းသူများအား တွေ့ဆုံ၍ အားပေးစကားပြောကြားကာ ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်းခဲ့သည်။

### မြစ်ရေများဝင်ရောက်

တောင်ငူမြို့နယ်အနေဖြင့် စစ်တောင်းမြစ်ရေမြင့်တက်လာမှုကြောင့် မြေနိမ့်ပိုင်းရှိ ကျေးရွာများနှင့် ရပ်ကွက်များအတွင်းသို့ မြစ်ရေများ ဝင်ရောက်လျက်ရှိပြီး ရေဘေးသင့်ပြည်သူများအား ကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ဆောင်ရွက်ထားရှိလျက်ရှိကြောင်းနှင့် အဆိုပါကွန်ပျူတာတက္ကသိုလ်မှ ရေဘေးသင့် ကျောင်းသား ကျောင်းသူ ၂၂၀ အား တောင်ပိုင်းတိုင်းစစ်ဌာနချုပ်မှ ယနေ့မွန်းလွဲပိုင်းက စက်လှေများဖြင့် အကြိမ်ကြိမ်ကယ်ထုတ်ခဲ့ပြီး တောင်ငူတက္ကသိုလ်သို့ ပို့ဆောင်ပေးနိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၄ ရက်တွင် မွန်ပြည်နယ် ပေါင်မြို့နယ် ကဒါရပ်ကွက် ရွှေတိဂုံစေတီတော်မြတ်ကြီး၌ ပေါင်မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး သံမရောင်းနှင့် ရဲတပ်ဖွဲ့ဝင်များက အမှိုက်လှည်းခြင်း၊ အမှိုက်ကောက်ခြင်း၊ မြက်ရှင်းခြင်း၊ လျှောက်လမ်းများအား ထုံးဖြူးကာ ရေညှိတိုက်ခြင်း၊ ဘုရားရင်ပြင်တော်အား သန့်ရှင်းရေးဆောင်ရွက်ခြင်းများ ပြုလုပ်ကြစဉ်။

မွန်မလေး(ပြန်/ဆက်)



နှစ် (၆၀) ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၄ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးတင်ဇော်ထွန်း၊ ဒုတိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီးအောင်ဆန်းဝင်း၊ ဦးစီး(ပ) (ဦး/ရေး/ထောက်) ဒုရဲမှူးကြီး ထွန်းရွှေတို့ဦးစီး၍ တိုင်းရဲတပ်ဖွဲ့မှူးရုံး၊ ပုသိမ်ခရိုင်ရဲတပ်ဖွဲ့နှင့် လက်ရုံးတပ်ဖွဲ့များပါဝင်သော တပ်ဖွဲ့ဝင်/စာရေးဝန်ထမ်းများက ပုသိမ်ခရိုင် ပုသိမ်မြို့ (၈) ရပ်ကွက် တဂေါင်းဘုရားလမ်းရှိ တဂေါင်းမင်္ဂလာစေတီတော်ပရိဝုဏ်ဝင်းအတွင်း ချုံနွယ်ပိတ်ပေါင်းများ၊ အပင်များခုတ်ထွင်ရှင်းလင်းခြင်း၊ ရင်ပြင်တော် သန့်ရှင်းရေးပြုလုပ်ခြင်း၊ ရုပ်ပွားတော်များ ရောင်တော်ဖွင့်ခြင်းများ ဆောင်ရွက်ကြစဉ်။ ပုသိမ်လှကြည်

## သထုံမြို့၌ စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲ ကျင်းပ

သထုံ စက်တင်ဘာ ၁၄

မွန်ပြည်နယ် သထုံမြို့နယ်၌ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲကို ယနေ့နံနက်ပိုင်းက အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်း ဉာဏ်ဝေယံခန်းမ၌ ကျင်းပသည်။

ဟောပြောပွဲတွင် မြို့နယ်စာရေးဆရာများအသင်းဥက္ကဋ္ဌ စာရေးသူရွှေထုံခင်သီတာလှိုင်နှင့် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်လှလှဌေးတို့က လူငယ်များ ဗလငါးတန်ဖွံ့ဖြိုးအောင် စာပေများဖတ်ရှုကြရေး၊ အကျင့်စာရိတ္တကောင်းမွန်ရေး၊ ယဉ်ကျေးလိမ္မာရေး၊ အနာဂတ်အတွက် ရည်မှန်းချက်ထားရှိကြရေး၊ ပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေနေတတ်စေရေး၊ အချိန်ကို စီမံခန့်ခွဲတတ်စေရေးစသည့် လူငယ်များဘက်စုံဖွံ့ဖြိုးရေးဆိုင်ရာများကို ဆွေးနွေးဟောပြောကြရာ ကျောင်းသား ကျောင်းသူများက သိလိုသည်များကို မေးမြန်းကြပြီး ဟောပြောသူများက ပြန်လည်ရှင်းလင်းပေးခဲ့သည်။

အဆိုပါအခမ်းအနားတွင် စာအုပ်စာစောင်များ၊ သိမှတ်ဖွယ်ရာနံရံကပ်စာစောင်များကို ခင်းကျင်းပြသထားရာ ဟောပြောပွဲသို့ တက်ရောက်လာကြသူများက စိတ်ပါဝင်စားစွာဖြင့် ကြည့်ရှုလေ့လာကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



## မြန်အောင်မြို့နယ်၌ စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ကျင်းပ

ပုသိမ် စက်တင်ဘာ ၁၄

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် အဖွဲ့သည် မြန်အောင်မြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းတွင် ယနေ့နံနက်ပိုင်းက ကျင်းပသည့် စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကို တက်ရောက်ခဲ့ပြီး မုခ်ဦးဆိုင်းဘုတ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။



### အမှာစကားပြောကြား

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားများပြောကြားပြီး မြန်အောင်မြို့နယ်အတွင်းရှိ စာကြည့်တိုက်ကိုးတိုက် အတွက် အလှူငွေများနှင့် စာအုပ်စာစောင် ၂၃၂ အုပ်အား လည်းကောင်း၊ စာဖတ်ရှိန်မြှင့်တင်ရေး ပွဲတော်ဖျော်ဖြေရေး အစီအစဉ်များတွင် ပါဝင် ဆောင်ရွက်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုငွေများကိုလည်းကောင်း ပေးအပ်ချီးမြှင့်ခဲ့ရာ တာဝန်ရှိသူများက လက်ခံရယူခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များသည် ကျောင်းသား ကျောင်းသူများ၏ တေးသီချင်းများဖြင့် သီဆိုကပြဖျော်ဖြေမှုများ၊ စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်တွင် ပြသထားသည့် ပြခန်းများနှင့် ပြိုင်ပွဲများကျင်းပနေမှုအား လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်းသိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

## မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ နေပြည်တော်အတွင်းရှိ ရေဘေးသင့်ပြည်သူများထံ သွားရောက်ထောက်ပံ့လှူဒါန်း

နေပြည်တော် စက်တင်ဘာ ၁၄

မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာစန်းစန်းမြင့်အောင်နှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များသည် ယမန်နေ့မွန်းလွဲပိုင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ ရေဘေးသင့်ပြည်သူများအတွက် နေရာချထားပေးသော လယ်ဝေးမြို့နယ် ဂိုဏ်းထောက်ဘုန်းကြီးကျောင်းနှင့် သရက်တောဘုန်းကြီးကျောင်းများသို့ လည်းကောင်း၊ ပုဗ္ဗသီရိမြို့နယ်ရှိ တပေါင်းကွင်းနှင့် ပျဉ်းမနားမြို့နယ်ရှိ မင်္ဂလာဗျူဟာ သာသနာ့ဗိမာန်တို့သို့ လည်းကောင်း သွားရောက်ပြီး ရေဘေးသင့် ပြည်သူများထံ အဝတ်အထည်နှင့် လူသုံးကုန်ပစ္စည်းများ၊ ရေသန့်နှင့် အစားအစာများ ထောက်ပံ့လှူဒါန်းခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ရမည်းသင်းမြို့နယ်၌ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းဆိုင်ရာ ခရိုင်အဆင့်နည်းပြသင်တန်းဆင်းပွဲကျင်းပ



ရမည်းသင်း စက်တင်ဘာ ၁၄

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့၌ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းဆိုင်ရာ ခရိုင်အဆင့်နည်းပြသင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန သင်းရတနာခန်းမ၌ ကျင်းပသည်။

ဦးစွာ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးဇော်မင်းဟန်က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ခရိုင်သန်းခေါင်စာရင်းကောက်ယူရေး ကော်မတီအတွင်းရေးမှူး ဦးစိုးမြင့်က မြို့နယ်အဆင့်စာရင်းစစ်၊ စာရင်းကောက်သင်တန်းနည်းပြခန့်အပ်လွှာများကိုပေးအပ်သည်။ **ခရိုင်(ပြန်/ဆက်)**

## တနင်္သာရီမြို့နယ်ရဲတပ်ဖွဲ့ မှုခင်းကျဆင်းရေး အသိပညာပေးဟောပြော

တနင်္သာရီ စက်တင်ဘာ ၁၄

တနင်္သာရီ တိုင်းဒေသကြီး တနင်္သာရီမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးမင်းအောင်၏ လမ်းညွှန်မှုအရ မြို့မရဲစခန်းမှူးနှင့် အဖွဲ့က ရပ်ကွက်နေ ပြည်သူများအား မြို့နယ်အတွင်း မှုခင်းကျဆင်းစေရေးအတွက် ယမန်နေ့မွန်းလွဲပိုင်းက မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနအတွင်း အသိပညာပေး ဟောပြောခဲ့သည်။

၎င်းအသိပညာပေးဟောပြောပွဲသို့ တနင်္သာရီမြို့နယ်ချောင်းငယ်ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးမြင့်ကိုနှင့်အတူ ရပ်ကွက်အတွင်းမှ ဒေသခံပြည်သူများ တက်ရောက်ခဲ့ကြသည်။



အသိပညာပေး အခမ်းအနားတွင် မြို့မရဲစခန်းမှူး ဒုရဲမှူး မြင့်အောင်က မှုခင်းကျဆင်းရေးအတွက် အသိပညာပေးဟောပြောပွဲပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်နှင့် သတင်းတု/သတင်းမှားများကို သတိပြုဆင်ခြင်ကြရန် လည်းကောင်း၊ ဒုရဲအုပ် ဝင်းမင်းထွန်းနှင့် အောင်မျိုးဦးတို့က အကြမ်းဖက်ဆိုင်ရာအဖွဲ့များနှင့် ပတ်သက်ဆက်နွယ်မှု၊ အားပေးကူညီမှုမပြုလုပ်ကြရန်နှင့် ဥပဒေဆိုင်ရာအကြောင်းအရာများကို ပညာပေးရှင်းလင်းဆွေးနွေးပေးကြပြီး တက်ရောက်လာသူများက သိလိုသည်များမေးမြန်းရာ မြို့မရဲစခန်းမှူးက ပြန်လည်ဖြေကြားပေးကြောင်း သိရသည်။

နန်းသာရီ-ထိန်ဝင်း(ပြန်/ဆက်)



ဝတ္ထုတို




## ■ မေချိုးသွယ်(တွံတေးမြေ)

=====================

(၁)

"အဖေလည်း မရှိတော့ဘူးဆိုတော့ သားတို့ကို အမွေခွဲပေးပါအမေ"

သားသမီးသုံးဦးထံမှပြိုင်တူထွက်ပေါ်လာသော စကားသံဖြစ်သည်။ ဒေါ်မိုးစိန်မှာ သားသမီးသုံးဦးကိုကြည့်ကာသက်ပြင်းကိုချလိုက်ပြီး...

"အမွေခွဲပေးပြီးရင် အမေက ဘယ်မှာသွားနေရမှာလဲ သမီးတို့ သားတို့ရယ်"

စိတ်မသက်သာစွာ စကားဆိုလိုက်လျှင် သားကြီးဖြစ်သည့် ကိုသိန်းစိုးသည် မိခင်လက်ကို ဆုပ်ကိုင်ပြီး

"သားတို့ရှိတယ်လေ အမေ။ သားတို့တစ်လှည့်စီ စောင့်ရှောက်မယ်လေ"

"ဟုတ်တယ်အမေ။ သမီးတို့အမေကို စောင့်ရှောက်ပါမယ်"

ကျန်သည့် သားသမီးနှစ်ဦးကလည်း တညီတညွတ်တည်း ထောက်ခံကြလျှင် ဒေါ်မိုးစိန်မှာ အမွေခွဲပေးရန် သဘောတူလိုက်ရသည်။

(၂)

အမွေခွဲပေးရန် ဆုံးဖြတ်ပြီးသည့်အချိန်မှစ၍ လယ်ယာမြေ ၁၂ ဧကအား ရောင်းချလိုက်သည်။ တောထဲရှိဝါးခြံအား မောင်နှမသုံးယောက်အား အညီအမျှခွဲဝေပေးရန် စီစဉ်ခဲ့သည်။

"အစ်မ တကယ်ပဲ နင့်သားသမီးတွေကို ရှိသမျှပစ္စည်းတွေ ခွဲပေးတော့မှာလား"

မောင်ဖြစ်သူ ဦးအောင်စိန်သည် အစ်မဖြစ်သူအား အားမလိုအားမရဖြစ်ကာ စကားဆိုလိုက်သည်။ ဒေါ်မိုးစိန်သည် လယ် ၁၂ ဧကအား ရောင်းချ၍ရသည့်ငွေများကို သားသမီးသုံးဦးအတွက် အညီအမျှခွဲဝေပေးပြီး...

"တစ်ချိန်မှာလည်း သူတို့ကို ခွဲပေးရမှာပဲ အောင်စိန်ရယ်။ အခုကတည်းက ခွဲပေးလိုက်တော့ စိတ်အေးရပြီပေါ့"

ဦးအောင်စိန်သည် ဒေါ်မိုးစိန်စကားကြောင့် သက်ပြင်းကိုချ၍ ခေါင်းကိုခါယမ်းလိုက်ပြီး

"ငါတော့ မထင်ဘူးအစ်မ။ အဲလိုခွဲပေးလိုက်မှ နင့်အတွက် သောကတွေ ပိုများနေရမယ်။ ငါပြောတာမယုံရင် နင်စောင့်ကြည့်နေ"

ဦးအောင်စိန်သည် ထိုမျှသာပြောပြီး နှုတ်ဆိတ်သွားခဲ့သည်။ ဒေါ်မိုးစိန်သည်လည်း ရှေ့လျှောက် မည်သို့သောကိစ္စရပ်များ ကြုံရဆုံရမည်နည်းဟု တွေးမိသည့်အခါ အနည်းငယ်စိတ်မေသွားရသည်။

(၃)

အမွေခွဲပေးမည့် မနက်ခင်းသို့ရောက်ချိန်တွင် ဒေါ်မိုးစိန်သည် သားသမီးတို့အား သူ၏အိမ်သို့ခေါ်ယူ၍ လယ်ယာမြေများကို ရောင်းချ၍ရသည့်ငွေများကို အညီအမျှခွဲဝေပေးခဲ့သည်။ တောခြံကိုလည်း သားသမီးသုံးဦးအတွက် သီးသန့်ဖြစ်စေရန် တောခြံကိုသုံးပိုင်းခွဲ၍ အညီအမျှယူစေခဲ့သည်။ ပိုင်ဆိုင်သမျှ လယ်ယာမြေနှင့် တောခြံကို ခွဲဝေပြီးသည့်အခါ သူနေထိုင်ရာ အိမ်ခြံလေးသာ ကျန်ရစ်နေခဲ့သည်။ ထိုအိမ်ခြံလေးကိုပင် မက်မောနေသည့် သားသမီးသုံးဦးအနက်မှ အငယ်ဆုံးသမီး စုစုစိန်က စကားစလာ၏။

"သမီးတို့ကို ခွဲဝေပေးတဲ့အထဲမှာ ဒီခြံရောမပါဘူးလားအမေ"

"ဟင်"

ဒေါ်မိုးစိန်မှာ သမီးဖြစ်သူ၏စကားကြောင့် အံ့သြသွားရသည်။ ပိုင်ဆိုင်မှုအားလုံးကို ခွဲဝေပေးပြီးသည့်အပြင် ဖခင်ကြီးခေါင်းချခဲ့ရာ အိမ်နှင့်ခြံကိုပင် ထပ်မံလိုချင်နေသည့် သမီးဖြစ်သူကို ကြည့်ပြီး ဘာပြောရမှန်းမသိအောင်ပင် ဆွံ့အသွားခဲ့ရသည်။

"ဟုတ်တယ်အမေ။ အမေက အသက်ကြီးနေပြီ။ အမေတစ်ယောက်ထဲကို သားတို့က စိတ်မချဘူးအမေ။ အဲဒီအတွက် ဒီခြံနဲ့ဒီအိမ်ကိုပါရောင်းပြီး သားတို့နဲ့လိုက်နေပါအမေ။ သားတို့ အမေ့ကို ကောင်းကောင်းမွန်မွန်စောင့်ရှောက်မှာပါ"

"ဟုတ်တယ်အမေ။ သားတို့ကိုယုံပါ။ သားတို့အမေ့ကို စောင့်ရှောက်မှာပါ"

သားသမီးတို့သည် အိမ်နှင့် ခြံကို ရောင်းရန် ဒေါ်မိုးစိန်ကို ဖိအားပေးကြပြန်ပါသည်။ ဒေါ်မိုးစိန်မှာ ချက်ချင်းခေါင်းမညိတ်နိုင်ဘဲ တွေဝေသွားခဲ့ရသည်။ ခင်ပွန်းဖြစ်သူ နောက်ဆုံးခေါင်းချသွားခဲ့သည့် အိမ်လေးကို ရောင်းချရန်က သူ့အတွက် လွန်စွာခက်ခဲလွန်းပါသည်။

(၄)

"ဘာ အိမ်နဲ့ခြံကိုရောင်းမယ် ဟုတ်လား"

တအံ့တသြမေးလိုက်သည့် ဦးအောင်စိန်၏စကားကို ဒေါ်မိုးစိန်သည် လေးတွဲ့စွာခေါင်းညိတ်၍ အဖြေပေးရှာသည်။ ပြေးကြည့်မှ မောင်နှမနှစ်ယောက်တည်း ရှိကြသည်မို့ အစ်မဖြစ်သူ ဒုက္ခရောက်မည့်အဖြစ်ကို ဦးအောင်စိန်သည် မကြည့်ရက်နိုင်ခဲ့ပေ။

"နင် ရူးသွားတာတော့မဟုတ်ပါဘူးနော်အစ်မ"

"ငါ မရူးပါဘူး အောင်စိန်ရယ်။ ငါ အိမ်နဲ့ခြံကိုရောင်းဖို့ တကယ်ဆုံးဖြတ်လိုက်တာပါ"

"မဟုတ်သေးဘူးအစ်မ။ နင့်သားသမီးတွေပြောတိုင်း အကုန်လိုက်လုပ်ပေးနေရအောင် နင်ကဘယ်မှာသွားနေမှာလဲ"

"သူတို့ ငါ့ကို အလှည့်ကျစောင့်ရှောက်ပါမယ်လို့ ပြောကြပါတယ်"

တည်ငြိမ်စွာပြောနေသည့် အစ်မပုံစံကိုကြည့်ပြီး ဦးအောင်စိန်မှာ အားမလိုအားမရဖြစ်ရပါသည်။

"သူတို့က ဘယ်လောက်အချိန်အထိ နင့်ကိုသူတို့ဆီမှာထားနိုင်မလဲ။ သုံးယောက်လုံးက အိမ်ထောင်သည်တွေ။ သူတို့ကြည်ဖြူတယ်ဆိုရင်တောင် သူတို့ရဲ့ယောကျ်ား မိန်းမတွေက နင့်ကိုလက်ခံနိုင်မယ်တဲ့လား။ သေချာစဉ်းစားအုံးအစ်မ။ တစ်ခုခုကိုမလုပ်ခင်မှာ တွေးတောစဉ်းစားဖို့အချိန်ရပါသေးတယ်"

ဦးအောင်စိန်သည် အစ်မဖြစ်သူအား သတိပေးစကားဆိုခဲ့သည်။ ဒေါ်မိုးစိန်မှာလည်း ဆုံးဖြတ်ပြီးသား ကိစ္စဖြစ်နေ၍ ထိုဆုံးဖြတ်ချက်ကို ပြန်လည်ပြင်ဆင်ရန် မတွေးမိတော့ပေ။

(၅)

အိမ်နှင့်ခြံကို ရောင်းပြီးချိန်တွင် ဒေါ်မိုးစိန်၏ စိတ်ထဲတွင် ဝမ်းနည်းလာသည့်ခံစားချက်ကြီးသည် လူကိုမောဟိုက်ပင်ပန်းစေခဲ့သည်။ ခင်ပွန်းဖြစ်သူနှင့် အိမ်ထောင်ကျကတည်းက ဆိုတူကောင်းတူဘဝဖြင့် အတူဖြတ်သန်းခဲ့ရသည့် ယခုအိမ်လေးကို ဒေါ်မိုးစိန် သံယောဇဉ်ရှိခဲ့ပါသည်။ သားသမီးများကို လူလားမြောက်အောင် ပျိုးထောင်ခဲ့ရသည့်ဘဝတွင် ယခုအိမ်လေးသည် မိသားစုဝင်အားလုံး၏ ခိုနားရာအရိပ်လေးဖြစ်ခဲ့ပါသည်။ ယခုတော့ ခင်ပွန်းဖြစ်သူလည်း အိမ်ကြီးကို စွန့်ခွာသွားသလို သူနှင့်သားသမီးများသည်လည်း ထိုအိမ်ကြီးကို စွန့်ခွာရပြန်ပါသည်။

အိမ်ကြီးကို ဝယ်ယူသူလက်ထဲအပ်လိုက်ချိန်တွင် ဒေါ်မိုးစိန်၏ ဝမ်းနည်းမှုတို့သည် လှိုက်တက်လာခဲ့သည်။ ဘဝ၏ခြေလှမ်းများစတင်ခဲ့သည့် အိမ်လေးသည် ယခုတော့ ပိုင်ရှင်အသစ်၏လက်ထဲတွင် နဂိုအတိုင်း မပြောင်းလဲစွာ ကျန်ရစ်ခဲ့လေသည်။ ပြောင်းလဲသွားသည်က သူ့ဘဝဖြစ်သည်။ သူသည် ယခုဆိုလျှင် သားသမီးတို့၏ စောင့်ရှောက်မှုအောက်တွင်သာ သူ့ဘဝရှင်သန်ရတော့မည်ဖြစ်သည်။

(၆)

အိမ်ရောင်း၍ရသော ငွေများကို သားသမီးသုံးဦးအား အညီအမျှခွဲဝေပေးခဲ့သည်။ ထိုသို့ခွဲဝေပြီးသည့်အခါ ဒေါ်မိုးစိန်မှာ ပိုင်ဆိုင်တာ ဘာတစ်ခုမျှမရှိတော့ဘဲ လက်မဲ့ဖြစ်သွားခဲ့သည်။ ထိုအခါ အိုးပိုင်အိမ်ပိုင်မရှိတော့သည့်သူသည် သားသမီးတို့နှင့် လိုက်နေရန် အကြောင်းဖန်လာခဲ့သည်။

"အမေ့ကို ဘယ်သူအရင်ခေါ်ထားမှာလဲ"

သားအကြီးဆုံးဖြစ်သည့် ကိုစိုးသိန်း၏မေးလိုက်သံဖြစ်သည်။

"အစ်ကိုကြီးက အကြီးဆုံးပဲ။ အစ်ကိုကြီး အရင်ခေါ်ထားလိုက်လေ။ အမေမပျော်မှ ကျွန်တော်ခေါ်ထားမယ်"

သားလတ်ဖြစ်သူ ကိုစိုးမင်းမှပြောလိုက်ခြင်း ဖြစ်သည်။ ဤသည်ကို စုစုစိန်ကလည်း ဝင်၍ထောက်ခံစကားဆို၏။

"ဟုတ်တယ်။ စုစုတို့မောင်နှမတွေ အမေ့ကို တစ်ယောက်တစ်လှည့်ပြုစုကြတာပေါ့။ အမေလည်း သဘောတူတယ်မဟုတ်လား"

"သားတို့သမီးတို့ ကောင်းသလိုသာ စီစဉ်ကြပါကွယ်"

ဒေါ်မိုးစိန်သည် ထိုမျှသာပြောပြီး နှုတ်ဆိတ်နေလိုက်သည်။ ယခုအချိန်တွင် သူ၏ကိုယ်ပိုင်ဆုံးဖြတ်ချက်ထက် သားသမီးတို့ဆုံးဖြတ်ချက်အတိုင်းသာ လက်ခံရန်ရှိပါတော့သည်။

(၇)

သားကြီးကိုစိုးသိန်း၏ အိမ်တွင် လိုက်နေစဉ်မှာ အစပိုင်းက အဆင်ပြေခဲ့သော်လည်း ရေရှည်ဖြစ်လာသည့်အခါ အဆင်မပြေမှု အဖုအထစ်လေးများ ဖြစ်လာခဲ့သည်။

"ယောကျ်ား ရှင့်အမေက အစားအသောက် သိပ်ရွေးတာပဲ"

ကိုစိုးသိန်း၏ ဇနီးဖြစ်သူသည် စိတ်အလိုမကျစွာ စကားဆိုလိုက်ခြင်းဖြစ်သည်။

"မင်းကလည်းကွာ အမေစားချင်တာလေး အဆင်ပြေအောင် ချက်ကျွေးလိုက်ပေါ့"

"ချက်ကျွေးရအောင် သူက ပိုက်ဆံဘယ်လောက်ပေးထားလို့လဲ။ ကျွန်မကျွေးတာစားနိုင်ရင်စား။ မစားနိုင်ရင် မစားနဲ့ပေါ့။ အချိန်သီးသန့်ပေးပြီးတော့ မလုပ်ပေးနိုင်ဘူးရှင်"

"မင်းနဲ့တော့ ခက်လိုက်တာ မိန်းမရယ်"

ကိုစိုးသိန်းသည် စိတ်ရှုပ်စွာ စကားဆိုလိုက်၏။ သူတို့စကားပြောနေသည်ကို မထင်မှတ်စွာ ကြားလိုက်ရသည့် ဒေါ်မိုးစိန်မှာလည်း ကျလာသည့်မျက်ရည်တို့ကို သုတ်လိုက်မိသည်။ သူ့ကြောင့် သားကြီးကို ဝန်ထုပ်ဝန်ပိုးမဖြစ်စေလိုပေ။ ထို့ကြောင့် သူဆုံးဖြတ်လိုက်သည်မှာ သားလတ်ဖြစ်သူ ကိုစိုးမင်းအိမ်သို့ သွားနေရန် ကိုစိုးသိန်းအား ဖွင့်ပြောခဲ့သည်။

"သားရေ အမေတော့ စိုးမင်းအိမ်မှာ သွားနေအုံးမယ်ကွယ်"

"ဘယ်တော့သွားမှာလည်း အမေ။ အခုလား"

အလောတကြီး ဝင်မေးလိုက်သည့် ချွေးမဖြစ်သူကြောင့် ဒေါ်မိုးစိန်မှာ မချိပြုံးပြုံးလိုက်မိသည်။ ကိုစိုးသိန်းမှာလည်း ဇနီးဖြစ်သူ၏မေးခွန်းကြောင့် မျက်နှာပျက်သွားရသည်။

"ခဏနေပါအုံးလား အမေရယ်။ သားတို့အမေ့ကို တလှည့်ပြန်လုပ်ကျွေးပြုစုခွင့် ရချိန်လေးမို့ပါ"

သားဖြစ်သူက ကြည်ဖြူလျှင်ပင် ချွေးမက ကြည်ဖြူရန်ခက်ခဲနေသည်ကို ဒေါ်မိုးစိန်မှာ ကောင်းကောင်းနားလည်ထားသည်။ ထို့ကြောင့် ဒေါ်မိုးစိန်မှာ သက်ပြင်းကိုချလိုက်ပြီး...

"သားငယ်အိမ်မှာလည်း သားတို့လာလည်လို့ရနေတာပဲကွယ်။ သားငယ်တို့လည်း အမေလာနေမှာကို မျှော်နေကြမှာပါပဲ"

ကိုစိုးသိန်းမှာ အမေ့၏ပြင်းပြလွန်းသည့်စိတ်ဆန္ဒကြောင့် ညီဖြစ်သူထံသွားနေရန်ကို ကိုယ်တိုင်လိုက်ပို့ပေးခဲ့သည်။ ဒေါ်မိုးစိန်မှာ သားလတ်ဖြစ်သူ၏ ဇနီးသည် သူ့ကို ကြည်ဖြူစွာလက်ခံသည့်အခါ စိတ်သက်သာရာရခဲ့သည်။ ချွေးမဖြစ်သူသည် သူ့အား မိခင်ဟုသတ်မှတ်၍ စောင့်ရှောက်သည့်အခါ သူ့မှာ လွန်စွာကျေနပ်ရသည်။

အစပိုင်းတွင် အဆင်ပြေခဲ့သော ယောက္ခမနှင့်ချွေးမ ဆက်ဆံရေးသည် ကြာလာသည့်အခါ အဖုအထစ်လေးများ ဖြစ်လာခဲ့သည်။ ထိုသို့ဖြစ်လာသည့်အပေါ် ချွေးမဖြစ်သူသည် အမြင်မကြည်ဖြစ်လာခဲ့သည်။ ထိုသို့ဖြစ်လာသည့်အခါ ကြားနေဖြစ်သော သားမှာ လွန်စွာစိတ်ဆင်းရဲရရှာသည်။ ထို့ကြောင့် ဒေါ်မိုးစိန် ဆုံးဖြတ်လိုက်သည်မှာ ဘိုးဘွားရိပ်သာသို့ သွားနေရန်သာဖြစ်သည်။ ထို့အတွက်ကြောင့် သားသမီးသုံးဦးနှင့် ချွေးမ သမက်တို့ကို ခေါ်ယူကာ ဘိုးဘွားရိပ်သာသို့သွားနေရန် ပြောလိုက်၏။

"အမေ ဘိုးဘွားရိပ်သာမှာ သွားနေတော့မယ် သားတို့ သမီးတို့"

အမေ၏စကားကို အစ်ကိုနှစ်ယောက်သည် ဘာမျှသိပ်ခံစားရပုံမပေါ်သော်လည်း စုစုစိန်မှာ လွန်စွာအံ့သြသွားရသည်။

"ဘာဖြစ်လို့ ဘိုးဘွားရိပ်သာ သွားနေမှာလဲအမေ။ အမေ့မှာ သားတွေ၊ သမီးတွေရှိနေတာပဲ။ သားသမီးတွေက အမေ့ကို အလှည့်ကျပြုစုစောင့်ရှောက်ရမဲ့ တာဝန်ရှိနေတာပဲလေအမေ"

သမီးဖြစ်သူ၏စကားကြောင့် ဒေါ်မိုးစိန်ပြုံးရုံသာပြုံးနိုင်ခဲ့သည်။ စုစုစိန်သည် အမေဖြစ်သူ၏လက်ကို လှမ်းကိုင်လိုက်ပြီး

"မသွားလို့မရဘူးလားအမေရယ်။ အစ်ကိုတို့ဆီနေလို့အဆင်မပြေရင် သမီးဆီလာနေလေ။ သမီးအမေ့ကို သေချာပြုစုမှာပါ"

"ဟုတ်ပါတယ်အမေ။ ကျွန်တော်တို့ဆီလာနေပါ"

သမက်ဖြစ်သူလည်း ဝင်ပြောသည့်အခါ ဒေါ်မိုးစိန်မှာ ခေါင်းကိုသာခါယမ်းမိသည်။

"အမေအသက်ကြီးပြီကွယ်။ သားတို့သမီးတို့အတွက် အမေဟာ ဝန်ထုပ်ဝန်ပိုး မဖြစ်ချင်ဘူးကွယ်။ ပြီးတော့ အမေအသက်ရလာပြီ။ အေးချမ်းတဲ့နေရာမှာနေပြီး အေးအေးဆေးဆေး တရားဘာဝနာနဲ့ပဲ နေချင်ပါတယ်"

စုစုစိန်သည် အမေ့ကို နားချမရသည့်အခါ လွန်စွာစိတ်ထိခိုက်ရပါသည်။ သူလုပ်ပေးနိုင်သည်မှာ အမေစိတ်ချမ်းသာစေရန် ဘိုးဘွားရိပ်သာသို့ လိုက်ပို့ရန်သာဖြစ်သည်။ ဒေါ်မိုးစိန်သည် သားသမီးများအတွက် သူက လူပိုတစ်ယောက်ဖြစ်နေ၍ သူ့ကြောင့် သားသမီးများမှာ ဝန်ထုပ်ဝန်ပိုးမဖြစ်စေလို၍ ဘိုးဘွားရိပ်သာဆိုသည့် နေရာကို ရွေးချယ်လိုက်ခြင်း ဖြစ်သည်။ သူနားလည်လိုက်သည်မှာ လူတို့သည် အသက်ကြီးလာသည့်အခါ လူငယ်တွေကြားထဲမှာ လူပိုတစ်ယောက်ဖြစ်ပြီး ဝန်ထုပ်ဝန်ပိုးအဖြစ်သာ ရှိတော့သည်ဟူ၍သာဖြစ်သည်။ ။

## ဆေးကောင်းတစ်ခွက်

❖ တစ်နေ့တာ ခရီးအစ
လျှောက်လှမ်းကြ အခါဝယ်။
မင်္ဂလာပါ နှုတ်ခွန်းဆက်
အပြုံးဖက်တွယ်။

❖ ချိုသာစကား နှုတ်ဖျားမယ်
ဟုတ်တာကွယ် ပြောကြား။
အများအကျိုးကို တွေးချင့်
ပြောသင့်စကား။

❖ လူတိုင်းအပေါ် လေးစား
မေတ္တာထား စကားချို၊
သူ့လိုအင် ဖြည့်ဆည်းပေး
ဖေးကူပြောဆို။

❖ အမုန်းစကား ရှောင်ရှားပို
သွေးသားလို စောင့်ရှောက်၊
အားငယ်သူ ကမ်းသောလက်
ဆွဲလျက်တွဲလျှောက်။

❖ စကားချို နေ့တိုင်းသောက်လို့
ထွန်းတောက်ဖို့ လူ့ဂုဏ်အင်၊
ကြမ်းတမ်းဖွယ် ဆိုးစကား
ရှောင်ရှားအစဉ်။

❖ နှုတ်ချိုတော့ ကမ္ဘာတစ်ခွင်
အမုန်းကင်းစင် ငြိမ်းချမ်းအေး၊
လူသားတွေ သောက်သုံးသင့်တဲ့
မြင့်မြတ်သောဆေး။ ။

ချစ်သက်(မြန်မာစာ)

---

## ပရဟိတစိတ်ထား

❖ ပိုလျှံလျှင် လှူဒါန်းစို့
ကောင်းမှုတို့ ပြုရအောင်။
ဒုက္ခသည် စိတ်နှလုံး
ရွှင်ပြုံးဂုဏ်ရောင်။

❖ စာနာစိတ် အသိဆောင်
ခွင်းအမှောင် လင်းစေသား။
လိုအပ်ရာ ပရဟိတကို
ပြုကြလှုပ်ရှား။

❖ ပြဿစိုရ် နှလုံးသား
အပြုံးများ ဖြန့်ဝေပါ။
တတ်နိုင်ရာ ကူညီပေး
ရင်အေးချမ်းသာ။

❖ ဖြူသန့်ရှင်း စေတနာ
ထားရှိကာ ပူးပေါင်း။
အကျိုးဆောင် မေတ္တာလွှမ်း
ရွှင်လန်းလျက်ကောင်း။

❖ စာနာဖွယ် သနားစိတ်
ကုသိုလ်အရိပ် ပေးကြမယ်။
တစ်ပါးသူ စေတနာထား
ကြိုးစားရှက်သယ်။

❖ ကောင်းစေဖို့ မြဲရည်ရွယ်
ကမ်းလက်ရယ် တွဲဆက်ပေး။
လှူဒါန်းကာ မေတ္တာလမ်း
ငြိမ်းချမ်းမည်လေး။ ။

မောင်မျိုးချစ်(အညာမြေ)

## နိုင်ငံချစ်စိတ်

❖ ကိုယ့်နိုင်ငံ ကိုယ်ချစ်လို့
ပျိုးမျစ်တဲ့ စိတ်ကိုဆောင်။
အတ္တမာန် အစွယ်ဖြတ်
ပယ်သတ်ခုနှောင်။

❖ အနာဂတ် တို့ပြည်ထောင်
သာယာအောင် ဖန်တီးပေး။
ကိုယ့်တာဝန် ကျေပွန်ထမ်း
လမ်းဖြောင့်စေလေး။

❖ နိုင်ငံ့ဂုဏ် မြင့်မားရေး
စဉ်စားတွေး မင်းသူငါ။
သည်မြေနေ သည်မြေအကျိုး
သယ်ပိုးထမ်းပါ။

❖ ရိုးသားမှု အတူယှဉ်ကာ
ဖြူစင်စွာ စိတ်ကိုထား။
အမျိုးဘာသာ သာသနာတွက်
ရှေ့ဆက်လှုပ်ရှား။

❖ သိဉာဏ်တွေ ရင်မှာပွားလို့
အစဉ်နိုးကြား ဘဝတွင်။
နိုင်ငံအပေါ် သစ္စာကတိ
စောင့်သိအစဉ်။

❖ အမှန်အမှား ခွဲခြားမြင်
လွဲမှားညဥ် ပယ်ဖျောက်ရင်း။
ကိုယ့်ပြည်ရွာ အလှတရားကို
ထွန်းကားစေမင်း။ ။

ရဲသွေးနီ (တက်ဝန်)

ဆောင်းပါး

# ခေါင်းဆောင်ကောင်းဟူသည်...

## မြပုလဲ(တပ်ကုန်း)

ဓမ္မဘေရီ ဆရာတော်ကြီးက “ခေါင်းဆောင်လုပ်သူဟာ ယုံကြည်ထိုက်သူဖြစ်အောင် ရိုးသားဖြောင့်မှန်ရမယ်။ အားကိုးထိုက်သူဖြစ်အောင် ကြိုးစားရမယ်။ လေးစားထိုက်သူဖြစ်အောင် ကိုယ်ကျင့်သိက္ခာဖြူစင်ရမယ်”ဟု ဟောကြားထားပါသည်။

ခေါင်းဆောင်မှုဟူသည် အခြေခံအုတ်မြစ်လည်းဖြစ် ခေါင်မိုးဆိုလည်း ဟုတ်ပါသည်။

ခေါင်းဆောင်ကောင်းပြီဆိုလျှင် ရပ်ရွာလည်းကောင်း အဖွဲ့အစည်းလည်းကောင်းပြီး။ ခေါင်းဆောင်သည်အလွန်အရေးကြီးသည်။ ခေါင်းဆောင်မှားလျှင် စိုးရိမ်ရသော အခြေအနေသို့ ရောက်နိုင်လေသည်။ လူတစ်ဦးတစ်ယောက်သည် နေရာတစ်နေရာကို တစ်သမတ်တည်းရှိနေခြင်းမဟုတ်၍ ခေါင်းဆောင်မှု အရည်အချင်းများကို ခေါင်းဆောင်ကောင်းဖြစ်လာဖို့အတွက် အမြဲလေ့လာသင်ယူနေရပါမည်။

ခေါင်းဆောင်သည် အကုန်သိ၊ အကုန်တတ်ထားရမည်ဟု မဆိုလိုပေ။ ခေါင်းဆောင်ဟူသည် အတတ်နိုင်ဆုံး အမှားနည်းအောင်လုပ်ရပါမည်။

### သဘောထားကြီးကြီးနှင့် ကောင်းမွန်ရိုးသားစွာ စီမံတတ်ရန်လို

ခေါင်းဆောင်သည် သဘောထားကြီးကြီးနှင့် ကောင်းမွန်ရိုးသားစွာ စီမံတတ်ရန်လိုသည်။ ခေါင်းဆောင်၏ ဦးဆောင်မှုနောက်လိုက်ရန် ခေါင်းဆောင်သည် အထက်မှပေးအပ်သော ရည်မှန်းချက် တာဝန်များကို ပြီးမြောက်အောင်မြင်အောင် လက်အောက်ငယ်သားများနှင့်အတူ ဆောင်ရွက်ခြင်းပင်ဖြစ်သည်။ ဆရာမှားလျှင် တစ်သံသရာလုံး မှောက်နိုင်သလို ခေါင်းဆောင်တင်မှားလျှင်လည်း လက်အောက်ငယ်သားများ ဆင်းရဲဒုက္ခနှင့်ကြုံတွေ့ရတတ်သည်။

ခေါင်းဆောင်ကောင်းသည် မဖြစ်မနေ အမြဲကြိုးစားနေသင့်သည်။ သိပြီးသားပညာလေးနှင့် ကျောက်ချနေမည်ဆိုလျှင် ဝေဟင်၌ ပျံသန်းနေသော ရဟတ်ယာဉ်သည် လေထဲတွင် စက်ရပ်သွားခြင်းနှင့် တူလေသည်။

နောက်လိုက်ကောင်းဖြစ်အောင် ကြိုးစားပြီး ခေါင်းဆောင်ကောင်းနေရာကို ရောက်အောင်သွားနိုင်ရမည်။ နောက်လိုက်နေရာတွင် ကျောက်ချနေ၍မရပါ။

ခေါင်းဆောင်ဖြစ်နေချိန်တွင် မာန်မာနထောင်လွှားနေရန်မလိုသကဲ့သို့ နောက်လိုက်ဖြစ်နေချိန်တွင်လည်း သိမ်ငယ်စိတ်ဝင်စရာမလိုပေ။

အဖွဲ့အစည်းတစ်ခု၊ အသင်းအဖွဲ့တစ်ခု အောင်မြင်မှုရရန် ခေါင်းဆောင်ကောင်း လိုအပ်ပါသည်။ ခေါင်းဆောင်ဟူသည် အရည်အချင်းများနှင့် လွှမ်းမိုးနေရပါမည်။

မိမိအဖွဲ့အစည်း၏ လုပ်ငန်းကို ပြီးမြောက်အောင်မြင်အောင် လုပ်ဆောင်နိုင်သော ပတ်ဝန်းကျင်ကို ဖန်တီးပေးနိုင်ရပါမည်။ မတူညီသော ရည်ညွှန်းချက်များနှင့် စီမံခန့်ခွဲနိုင်ရပါမည်။

ခေါင်းဆောင်၏ အပြုအမူ၊ စိတ်နေသဘောထား၊ ဆုံးဖြတ်ချက်ချပုံများ၊ လုပ်ကိုင်ဆောင်ရွက်ပုံများသည် အခြေနေကိုလိုက်ပြီး ကောင်းမွန်သောနည်းလမ်းများနှင့် ပြုပြင်လုပ်ကိုင်ဆောင်ရွက်ရပါမည်။

ခေါင်းဆောင်သည် ကိုယ့်အကျိုး၊ ကိုယ့်အတ္တကို ရှေ့တန်းမတင်ရပါ။ အပြောင်းအလဲတစ်ရပ်ကို ဖန်တီးနိုင်ရပါမည်။ လိုအပ်လာလျှင် အမုန်းခံနိုင်ရပါမည်။ အမြဲအချစ်ခံနေ၍မရပါ။ နောက်လိုက်များမညီလျှင် ခေါင်းဆောင်၏ ပုံစံပြောင်းရပါမည်။

ခေါင်းဆောင်သည် အများ၏ ယုံကြည်မှုရထားသူဖြစ်အောင် ကြိုတင်ပြင်ဆင်ထားရမည်။

လက်အောက်ငယ်သားများ၏ အကြံဉာဏ်ကို လိုလိုလားလား လက်ခံပေးရမည်။ အဖွဲ့အစည်း၏ ဆန္ဒကိုလည်း ညှိယူရပါမည်။

မတူညီသော ခေါင်းဆောင်မှုပုံစံများစွာ ရှိပါသည်။ ခေါင်းဆောင်သည် ရှေ့ကဦးဆောင်နိုင်ရမည်။ အနစ်နာခံစိတ်၊ သည်းခံစိတ်ရှိရမည်။ မေတ္တာတရားထားရမည်။ သဘောထား ပြည့်ဝမှန်ကန်ရမည်။ ဩဇာအာဏာနှင့်ပြည့်ဝအောင် လေ့လာသင်ယူနေရပါမည်။

ခေါင်းဆောင်ဟူသည် နောက်လိုက်ငယ်သားနားမလည်သည်၊ မသိသည်များရှိသော် နားလည်လက်ခံလာသည်အထိ ရှင်းလင်းရပါမည်။ လှောင်ပြောင်ခြင်းမပြုသင့်ပါ။

လက်အောက်ငယ်သားမသိသည်၊ မတတ်သည်ကို ရှေ့ဆောင်လမ်းပြအဖြစ် နည်းလမ်းကျနစွာ ရှင်းလင်းပြမှသာ ခေါင်းဆောင်ပီသပါလိမ့်မည်။

မိမိသိသည်၊ တတ်သည်တို့ကို နောက်လိုက်အားဂဃနဏ ရှင်းပြရန်လိုအပ်ပါသည်။ တိကျသော လမ်းညွှန်မှုပေးရန် လိုအပ်ပါသည်။

ခေါင်းဆောင် သို့မဟုတ် အထက်လူကြီးက တိကျသော လမ်းညွှန်ချက်မပေးနိုင်လျှင် လုပ်ငန်းသည် အလုံးစုံပြီးမြောက်အောင်မြင်လိမ့်မည်မဟုတ်ပေ။

လိုအပ်ချက်ရှိနေသော လက်အောက်ငယ်သားကို တတ်သိကျွမ်းကျင်လာအောင် သင်ကြားပြသပေးရန် ခေါင်းဆောင်တိုင်း၌ တာဝန်ရှိသည်။

ခေါင်းဆောင်နှင့်နောက်လိုက် အပြန်အလှန်ဖေးမကူညီရင်း ပြုလုပ်သောလုပ်ငန်းသည် အောင်မြင်မှုရရှိနိုင်သည်။

ခေါင်းဆောင်များ နေရာတိုင်းမတော်နိုင်သကဲ့သို့ နောက်လိုက်တိုင်းသည်လည်း အရည်အချင်းညံ့သူမဟုတ်ပါ။

ခေါင်းဆောင်တိုင်းသည် နေရာတိုင်းမှာ အကုန်သိ၊ အကုန်တတ်နေသူမဟုတ်ပါ။ ခေါင်းဆောင်များသည် နေရာအလိုက် ကျွမ်းကျင်သူများကို စနစ်တကျ ပေါင်းစည်းပြီး သူ့နေရာနှင့်သူ အသုံးချတတ်ရန်သာ လိုအပ်ပါသည်။

ခေါင်းဆောင်သည် နားလည်တတ်ကျွမ်းသူများကို ရှာဖွေရွေးထုတ်နိုင်စွမ်းရှိရမည်ဖြစ်သကဲ့သို့ မတတ်သေးသူများကို ကျွမ်းကျင်တတ်မြောက်လာအောင် လေ့ကျင့်ပေးနိုင်စွမ်းရှိရန်လည်း လိုအပ်ပါသည်။

ခေါင်းဆောင်နှင့်နောက်လိုက် အပြန်အလှန် ယုံကြည်မှုရှိရန်လည်း လိုအပ်သည်။

ခေါင်းဆောင်ကောင်းသည် လက်အောက်ငယ်သားကို လက်တွဲခေါ်နိုင်ရပါမည်။

ဖြစ်ပေါ်လာသော ပြဿနာအရပ်ရပ်တိုင်းကို ဦးဆောင်ဖြေရှင်းပေးနိုင်ရပါမည်။ ဘက်လိုက်မှုကင်းကင်းနှင့် ဆုံးဖြတ်ချက်ကို ခိုင်မာစွာ ချမှတ်ပေးနိုင်ရမည်။

ခေါင်းဆောင်၏ အင်္ဂါရပ်များထဲတွင် ပြတ်ပြတ်သားသား ဆုံးဖြတ်လုပ်ကိုင်တတ်ခြင်းသည်လည်း တစ်ချက်အပါဝင်ဖြစ်ပါသည်။ မရေရာ မပြတ်သားသည့် ခေါင်းဆောင်၏လုပ်ရပ်ကြောင့် မိမိတပည့်၊ လက်အောက်ငယ်သားများ နစ်နာမှုရှိနိုင်ပါသည်။

ခေါင်းဆောင်တို့မည်သည် မိမိအထက် အရာရှိလာသောအခါ လက်အောက်ငယ်သားအား မာန်မဲကြိမ်းမောင်းမှုမျိုးလည်း မပြုသင့်ပေ။ ဤအချက်မျိုးသည် ခေါင်းဆောင်ဖြစ်သူအတွက် အလွန်တရာ သိက္ခာမဲ့စေသော အမူအရာပင်ဖြစ်သည်။

ရာထူးနောက်ကို ပညာလိုက်ရမည်ဖြစ်သည်။ ရာထူးငယ်လျှင် ပညာနုခြင်းကို လက်ခံ၍ရပေမယ့် ရာထူးကြီးလာလျှင်တော့ ပညာရင့်ရမည်ကို အထူးသတိပြုသင့်ပါသည်။ ခေါင်းဆောင်သည် လက်အောက်ငယ်သားကို တာဝန်ပေးအပ်ပြီး ပြဿနာတစ်စုံတစ်ရာဖြစ်ပေါ်ပါက ခေါင်းခံဖြေရှင်းရပါမည်။ အပြစ်တင်ခြင်း မလုပ်သင့်ပေ။

ခေါင်းဆောင်တာဝန်ယူထားလျှင် ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုရှိရပါမည်။သို့မှသာလက်အောက်ငယ်သားကရှိသေမည်။

ခေါင်းဆောင်ကောင်း၏စိတ်တွင် ရှင်သာရိပုတ္တရာမထေရ်မြတ်ကြီး၏ ထုံးကိုနှလုံးမူသင့်သည်။

ရှင်သာရိပုတ္တရာသည် မြတ်စွာဘုရားရှင်၏ လက်ယာရံသာဝကကြီးဖြစ်သော်လည်း ခုနစ်နှစ်သားလေး၏ သင်္ကန်းကေသီညီအောင်ဝတ်ရန် ထောက်ပြခဲ့ပုံကို လေးလေးစားစား လိုက်နာပြုပြင်ခဲ့ပါသည်။ ခေါင်းဆောင်သည်လည်း ငယ်သား၏ အမှားအမှန်ဝေဖန်ထောက်ပြမှုကို လက်ခံသင့်သည်။ မိမိလုပ်ရပ်သာ အမြဲမှန်သည်ဟု မထင်သင့်ပေ။

ခေါင်းဆောင်ကောင်းတို့သည် မိမိတို့လိုရာပြီးမြောက်အောင်မြင်အောင် ညင်ညင်သာသာဖြင့် လိုရာဆွဲယူနိုင်သော နည်းပရိယာယ် ကြွယ်ဝရမည်။

ငယ်သားအပေါ် သနားငဲ့ညှာမှု၊ စာနာမှု၊ ဖေးမကူညီမှု၊ ခွင့်လွှတ်သည်းခံမှုဖြင့် မေတ္တာတရားထားကာ အောင်မြင်မှုကို ကြိုးစားရယူရမည်။

ခေါင်းဆောင်က မိမိလက်အောက်ငယ်သားကို မလျော့မတင်း စီမံကွပ်ကဲအုပ်ချုပ်သင့်သည်။ တင်းမာလွန်းလျှင် မအောင်မြင်နိုင်သကဲ့သို့ ဖြေလျှော့လွန်းလျှင်လည်းဆုံးရှုံးရတတ်သဖြင့် မလျော့မတင်း ဆက်ဆံခြင်းသည် အကောင်းဆုံးပင်ဖြစ်ပါသည်။

ထို့ကြောင့် နေရာဌာန အသီးသီး၌ရှိကြကုန်သော ခေါင်းဆောင်တို့သည် လက်အောက်ငယ်သားအပေါ်၊ နောက်လိုက်အပေါ် နည်းစနစ်တကျ စည်းကမ်းကျနစွာဖြင့် ဗြဟ္မစိုရ်တရားလေးပါးနှင့်အညီ အုပ်ချုပ်နိုင်ကြပါစေဟု ဆန္ဒပြုလိုက်ရပါသည်။ ။

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဇေယျာသီရိမြို့နယ်အတွင်း ရေကြီးရေလျှံမှုကြောင့် လမ်းများပေါ်တွင် တင်ကျန်နေသော နုန်းမြေများနှင့် လမ်းဘေးရေမြောင်းများအတွင်း ရေစီးရေလာကောင်းမွန်စေရေးဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၁၄

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီး ရဲမိုး၊ နေပြည်တော်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ လိုက်ပါလျက် ယနေ့ညနေပိုင်းတွင် ဇေယျာသီရိမြို့နယ်အတွင်း ရေကြီးရေလျှံမှုကြောင့် လမ်းများပေါ်တွင် တင်ကျန်နေသော နုန်းမြေများနှင့် လမ်းဘေးရေမြောင်းများအတွင်း ရေစီးရေလာကောင်းမွန်စေရေး ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။



ကြည့်ရှုစစ်ဆေးရာတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးက ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း မိုးသည်းထန်စွာရွာသွန်းပြီး ရေလွှမ်းမိုးမှုကြောင့် ကားလမ်းမကြီးများပေါ်တွင် တင်ကျန်နေသည့် နုန်းမြေများ ဖယ်ရှားရှင်းလင်းနေမှုနှင့် ရေစီးရေလာ ကောင်းမွန်စေရေးအတွက် လမ်းဘေးရေမြောင်းများအတွင်းရှိ သစ်ကိုင်းသစ်ခက်များ၊ အမှိုက်များနှင့် နုန်းများအား စက်ယန္တရားများဖြင့် ဖယ်ရှားရှင်းလင်းနေမှုကို ကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ရှိသူများက ရှင်းလင်းတင်ပြမှုအပေါ် လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း သဘာဝဘေးလျော့ပါးရေး လုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ယနေ့ညပိုင်းတွင် နေပြည်တော်ကောင်စီရုံး အစည်းအဝေးခန်းမ(၁)၌ ကျင်းပရာ နေပြည်တော် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန်နှင့် ကော်မတီဝင်များ၊ နေပြည်တော်အဆင့်ဌာနဆိုင်ရာများ၊ နေပြည်တော် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ဝင်များ၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများ တက်ရောက်ကြသည်။

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးက အဖွင့်အမှာစကား ပြောကြားရာတွင် ရေဘေးသင့်ပြည်သူများအတွက် အစားအသောက်များနှင့် သောက်သုံးရေများ ပြတ်လပ်မှုမရှိစေရန် စီမံဆောင်ရွက်ပေးရေး၊ ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်ရေးနှင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုစာရင်းများ မှန်ကန်တိကျစွာရရှိရေးတို့ကို သက်ဆိုင်ရာကဏ္ဍအလိုက် ပူးပေါင်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသူများက လုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့်အခြေအနေများကို သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြခဲ့ရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးက လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**အေးလင်းထွန်း(ပြန်/ဆက်)**



## မှော်ဘီမြို့နယ်၌ သန်းခေါင်စာရင်းကောက်ယူရေး ခရိုင်အဆင့်နည်းပြသင်တန်းဆင်းပွဲ ကျင်းပ

မှော်ဘီ စက်တင်ဘာ ၁၄

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ခရိုင်အဆင့် နည်းပြသင်တန်းဆင်းပွဲကို ယနေ့မွန်းလွဲ ၂ နာရီက အထက(၁) ပညာရတနာခန်းမ၌ ကျင်းပသည်။

ဦးစွာ မှော်ဘီခရိုင် သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ မှော်ဘီခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်နိုင်က သင်တန်းဆင်းအမှာစကား ပြောကြားသည်။ ထို့နောက် ခရိုင်အဆင့်နည်းပြသင်တန်းတွင် တက်ရောက်ခဲ့သည့် သင်တန်းသား သင်တန်းသူများအား မြို့နယ်အဆင့်သင်တန်းနည်းပြခန့်အပ်လွှာများကို တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်သည်။

အဆိုပါသင်တန်းကို စက်တင်ဘာ ၃ ရက်မှ ၁၄ ရက်အထိ စာတွေ့၊ လက်တွေ့သင်ကြားပို့ချခဲ့ကာ သင်တန်းသား ၂၄ ဦး တက်ရောက်သင်ကြားခဲ့ပြီး စက်တင်ဘာ ၁၇ ရက်တွင် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း မြို့နယ်အဆင့်သင်တန်းကို ဆက်လက်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဝင်းဇော်(မှော်ဘီ)**

## ရန်ကုန်အနောက်ပိုင်းခရိုင်၌ သန်းခေါင်စာရင်းကောက်ယူရေးဆိုင်ရာ အသိပညာပေးဆွေးနွေး

ရန်ကုန် စက်တင်ဘာ ၁၄

ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်အနောက်ပိုင်းခရိုင် လူထုအခြေပြု ဗဟိုဌာန(ဗဟန်း)၌ စက်တင်ဘာ ၁၂ ရက် မွန်းလွဲပိုင်းတွင် ကမာရွတ်ခရိုင်အတွင်း၌ ၂၀၂၄ခုနှစ် အောက်တိုဘာ ၁ ရက်မှ ၁၅ ရက်အတွင်း စာရင်းကောက်ယူကြမည့် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲ ကျင်းပသည်။

အဆိုပါ အသိပညာပေးဆွေးနွေးပွဲတွင် ရန်ကုန်အနောက်ပိုင်းခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အေးအေးခိုင်နှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကမာရွတ်ခရိုင် ဦးစီးဌာနမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခင်မာစန်းတို့က လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူရေးဆိုင်ရာ လုပ်ငန်းအကြောင်းအရာများနှင့်ပတ်သက်၍ ဆွေးနွေးဟောပြောခဲ့ကြကြောင်း သိရသည်။ **အောင်မြင့်(ပြန်/ဆက်)**






## ပုသိမ်မြို့၌ သန်းခေါင်စာရင်းကောက်ယူရေး ခရိုင်အဆင့်နည်းပြသင်တန်းဆင်းပွဲ ကျင်းပ

ပုသိမ် စက်တင်ဘာ ၁၄

၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း ခရိုင်အဆင့်နည်းပြသင်တန်းဆင်းပွဲ အခမ်းအနားကို ပုသိမ်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ရတနာတန်ဆောင်ခန်းမ၌ ယနေ့ညနေပိုင်းက ကျင်းပခဲ့သည်။

သင်တန်းဆင်းပွဲအခမ်းအနားတွင် ဧရာဝတီတိုင်းဒေသကြီး သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးအစိုးရအဖွဲ့ အတွင်းရေးမှူး ဦးကျော်စိုးက သင်တန်းဆင်းအမှာစကား ပြောကြားခဲ့သည်။ ထို့နောက် တိုင်းဒေသကြီးသန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌက မြို့နယ်အဆင့်နည်းပြခန့်အပ်လွှာများအား ပေးအပ်ရာ သင်တန်းသား သင်တန်းသူများကိုယ်စား သင်တန်းသူတစ်ဦးက လက်ခံရယူခဲ့သည်။

ခရိုင်အဆင့်နည်းပြသင်တန်းကို စက်တင်ဘာ ၃ ရက်မှ ၁၄ ရက်အထိ ၁၀ ရက်ကြာ ဖွင့်လှစ်ပို့ချပေးခဲ့ပြီး သင်တန်းသား သင်တန်းသူ ၅၄ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

## သန်းခေါင်စာရင်းကောက်ယူရေး သင်တန်းဆင်းပွဲနှင့် သင်တန်းနည်းပြခန့်အပ်တာဝန်ပေးအပ်ပွဲကျင်းပ

**မန္တလေး စက်တင်ဘာ ၁၄**

၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူရေး ခရိုင်အဆင့် သင်တန်းဆင်းပွဲနှင့် မြို့နယ်အဆင့် သင်တန်းနည်းပြ ခန့်အပ်တာဝန်ပေးအပ်ပွဲ အခမ်းအနားကို စက်တင်ဘာ ၁၄ ရက် မွန်းလွဲ ၃ နာရီက မန္တလေးမြို့ အောင်မြေသာစံမြို့နယ်ရှိ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် ခရိုင်သန်းခေါင်စာရင်းကော်မတီ ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ဆွေက အမှာစကားပြောကြားပြီး သင်တန်းသား သင်တန်းသူများအား မြို့နယ်အဆင့် နည်းပြခန့်အပ် တာဝန်ပေးအပ်လွှာများ ပေးအပ်သည်။

အဆိုပါ ခရိုင်အဆင့် သင်တန်းသို့ အောင်မြေသာစံမြို့နယ်နှင့် ပုသိမ်ကြီးမြို့နယ်တို့မှ သင်တန်းသား သင်တန်းသူ ၂၇ ဦး တက်ရောက်ကြပြီး အဆိုပါသင်တန်းသား သင်တန်းသူများသည် သက်ဆိုင်ရာ မြို့နယ်များတွင် ဆင့်ပွားသင်တန်းများ ဆက်လက်ဖွင့်လှစ် သင်ကြားပေးကြမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မူးယစ်ဆေးဝါးပပျောက်ရေး အထိမ်းအမှတ်ပြတိုက်(ရန်ကုန်) တာဝန်ခံ ဒုတိယရဲမှူးကြီးစိုးလှိုင် ဦးစီးသော တပ်ဖွဲ့ဝင်များ စက်တင်ဘာ ၁၃ ရက်က စမ်းချောင်းမြို့နယ် ဟံသာဝတီလမ်းရှိ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းအတွင်း စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။ မြို့နယ်(ပြန်/ဆက်)



# အားကောင်းသောမုန်တိုင်းငယ် အိန္ဒိယနိုင်ငံကုန်းတွင်းပိုင်းဒေသများကို ဆက်လက်ဖြတ်ကျော်ကာ မုန်တိုင်းငယ်အဖြစ်သို့ အားလျော့သွားနိုင်




၁၄-၉-၂၀၂၄ ရက်နေ့ မြန်မာစံတော်ချိန် ( ၁၇:၃၀ )နာရီအချိန် တိုင်းထွာချက်အရ
အားကောင်းသောမုန်တိုင်းငယ်လမ်းကြောင်းပြမြေပုံ




နေပြည်တော် စက်တင်ဘာ ၁၄

**အားကောင်းသောမုန်တိုင်းငယ်အခြေအနေ**

ယနေ့ညနေ ၅ နာရီခွဲ တိုင်းထွာချက်များအရ အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလားပြည်နယ်နှင့် ယင်းနှင့် ဆက်စပ်လျက်ရှိသော ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့တွင် ဖြစ်ပေါ်နေသည့် အားကောင်းသောမုန်တိုင်းငယ်သည် အနောက် - အနောက်တောင် ဘက်သို့ ရွေ့လျားခဲ့ပြီး အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလား ပြည်နယ် ကုန်းတွင်းပိုင်း ဒေသများသို့ ဆက်လက်ဖြတ်ကျော် လျက်ရှိသည်။

**နောက် (၄၈)နာရီအတွင်းခန့်မှန်းချက်**

အဆိုပါ အားကောင်းသောမုန်တိုင်းငယ်သည် အနောက်ဘက်သို့ ရွေ့လျားနိုင်ပြီး နောက် ၄၈ နာရီအတွင်း အိန္ဒိယနိုင်ငံ ကုန်းတွင်းပိုင်း ဒေသများကို ဆက်လက်ဖြတ်ကျော် နိုင်ကာ မုန်တိုင်းငယ်အဖြစ်သို့ အားလျော့သွားနိုင်သည်ဟု ခန့်မှန်းရသည်။

**သတိပေးနှိုးဆော်ချက်**

အဆိုပါ အားကောင်းသောမုန်တိုင်းငယ်၏ အရှိန်ကြောင့် ယနေ့ညမှ စက်တင်ဘာ ၁၅ ရက်အတွင်း မကွေးတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးနိုင်ကာ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး မိုးသည်းထန်ခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်းများ ဖြစ်ပေါ်နိုင်သည်။ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရှစ်ပေမှ ၁၀ ပေခန့် ရှိနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ အားကောင်းသောမုန်တိုင်းငယ်၏ အရှိန်ကြောင့် မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင် သတိပြုနိုင်ပါရန်နှင့် ပြည်တွင်းလေကြောင်း ပျံသန်းရေး၊ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန် ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**

# မိုးညိုမြို့နယ်၌ သန်းခေါင်စာရင်းကောက်ယူရေးဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေ

မိုးညို စက်တင်ဘာ ၁၄

ပဲခူးတိုင်းဒေသကြီး မိုးညိုမြို့နယ်၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များကို မိုးညိုမြို့အတွင်း လူအသွားအလာများသည့်နေရာများတွင် ယမန်နေ့နံနက်ပိုင်းက ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။



ထိုသို့ဖြန့်ဝေရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ခေတ္တဥက္ကဋ္ဌ ဦးဖြိုးဝေလင်းနှင့် အဖွဲ့ဝင်များ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ မြို့နယ်ဦးစီးမှူး ဦးချစ်ကိုကိုနှင့် ဝန်ထမ်းများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ရဲတပ်ဖွဲ့၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များက လူအသွားအလာများသည့် ဗိုလ်ချုပ်အောင်ဆန်းလမ်းမကြီး၊ စည်ပင်သာယာဈေးနှင့် ကားဂိတ်တို့တွင် လက်ကမ်းစာစောင်များဖြန့်ဝေခြင်း၊ ဗီနိုင်းပိုစတာနှင့် စတစ်ကာများကပ်ထားပေးခြင်းတို့ ဆောင်ရွက်ခဲ့သည်။ **ကိုမင်း(ပြန်/ဆက်)**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၅-၉-၂၀၂၄ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၃၀၅၀ | ၃၁၃၅ | ၃၁၁၀ | ၃၀၆၀ | ၃၁၃၅ | ၃၁၄၅ | ၃၁၆၀ | ၃၁၁၅ | ၃၂၄၀ | ၃၂၇၀ | ၃၁၂၀ | ၃၁၄၀ | ၃၁၇၀ | ၃၁၆၀ | ၃၁၇၀ | ၃၅၇၅ | ၄၉၀၀ |
| 95 Ron | ၃၁၉၅ | ၃၂၇၅ | ၃၂၅၅ | ၃၂၀၅ | ၃၂၈၀ | ၃၂၉၀ | ၃၃၀၅ | ၃၂၆၀ | ၃၃၈၅ | ၃၄၁၅ | ၃၂၆၅ | ၃၂၈၀ | ၃၃၁၅ | ၃၃၀၀ | ၃၃၁၅ | ၃၇၂၀ | ၅၁၀၀ |
| HSD (500 ppm) | ၂၆၁၀ | ၂၆၉၀ | ၂၆၆၅ | ၂၆၁၅ | ၂၆၉၀ | ၂၇၀၀ | ၂၇၁၅ | ၂၆၇၀ | ၂၇၉၅ | ၂၈၂၅ | ၂၆၈၀ | ၂၆၉၅ | ၂၇၂၅ | ၂၇၁၅ | ၂၇၂၅ | ၃၁၃၀ | ၄၉၀၀ |
| HSD (50 ppm) | ၃၂၇၅ | ၃၃၆၀ | ၃၃၃၅ | ၃၂၈၅ | ၃၃၆၀ | ၃၃၇၀ | ၃၃၈၅ | ၃၃၄၀ | ၃၄၆၅ | ၃၄၉၅ | ၃၃၄၅ | ၃၃၆၅ | ၃၃၉၅ | ၃၃၈၅ | ၃၃၉၅ | ၃၈၀၀ | ၄၉၀၀ |
| HSD (10 ppm) | ၃၂၇၅ | ၃၃၆၀ | ၃၃၃၅ | ၃၂၈၅ | ၃၃၆၀ | ၃၃၇၀ | ၃၃၈၅ | ၃၃၄၀ | ၃၄၆၅ | ၃၄၉၅ | ၃၃၄၅ | ၃၃၆၅ | ၃၃၉၅ | ၃၃၈၅ | ၃၃၉၅ | ၃၈၀၀ | ၄၉၀၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၈၉၄ | ၂၉၈၅ |
| 95 Ron | ၃၀၃၄ | ၃၁၂၈ |
| HSD (500 ppm) | ၂၄၆၃ | ၂၅၄၂ |
| HSD (50 ppm) | ၃၁၁၂ | ၃၂၀၄ |
| HSD (10 ppm) | ၃၁၁၂ | ၃၂၀၄ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# တောင်ငူ၊ ပဲခူး၊ ဘားအံ၊ မြစ်ငယ်နှင့် မဒေါက်မြို့တို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်း နေထိုင်သူများ အထူးသတိပြုနေထိုင်ကြပါရန် အကြံပြု

နေပြည်တော် စက်တင်ဘာ ၁၄

ယနေ့ညနေ ၅ နာရီခွဲ တိုင်းထွာချက်များအရ ဒုဋ္ဌဝတီမြစ်ရေသည် မြစ်ငယ်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၂၈ ဒသမ ၅၄ ပေ (၈၇၀ စင်တီမီတာ) အထက်သို့ သုံးပေခွဲကျော် (၁၁၁ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ပေဝက်ခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့ညနေ ၅ နာရီခွဲ တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၁၉ ဒသမ ၆၉ ပေ (၆၀၀ စင်တီမီတာ) အထက်သို့ ခြောက်ပေခွဲခန့် (၁၉၆ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါ မြစ်ရေသည် နောက်တစ်ရက်အတွင်း တစ်ပေခွဲခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့ညနေ ၅ နာရီခွဲ တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၃၅ ဒသမ ၁၀ ပေ (၁၀၇၀ စင်တီမီတာ) အထက်သို့ နှစ်ပေခွဲခန့် (၇၆ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ပေဝက်ခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့ညနေ ၅ နာရီခွဲ တိုင်းထွာချက်အရ ပဲခူးမြစ်ရေသည် ပဲခူးမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၂၈ ဒသမ ၈၇ ပေ (၈၈၀ စင်တီမီတာ)အထက်သို့ ပေဝက်ကျော် (၂၂ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ပေဝက်ခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့ညနေ ၅ နာရီခွဲ တိုင်းထွာချက်အရ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၂၄ ဒသမ ၆၁ ပေ (၇၅၀ စင်တီမီတာ) အထက်သို့ ခုနစ်ပေကျော် (၂၁၈ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ပေဝက်ခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ တောင်ငူမြို့နယ်၊ ပဲခူးမြို့နယ်၊ ဘားအံမြို့နယ်၊ မြစ်ငယ်မြို့နှင့် မဒေါက်မြို့ အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။ **မိုး/ဇလ**

## ရေကြီးခြင်း ဖြစ်ပေါ်နေချိန်တွင် ရှောင်ရှားသင့်သည့်အချက်များ

၁။ တိရစ္ဆာန်များကို မလိုအပ်ဘဲ ချည်နှောင်ထားခြင်း မပြုလုပ်ပါနှင့်။



၂။ ရေကြီးသော ဒေသများတွင် မြစ်၊ချောင်း ကမ်းပါး တိုက်စားပြီး ပြိုကျ တတ်သောကြောင့် မြစ်၊ချောင်းကမ်းပါးများ အနီးသို့ မသွားပါနှင့်။



၃။ ရေထဲတွင် ရေကူးခြင်း လမ်းလျှောက်ခြင်းများ မပြုလုပ်ပါနှင့်။





၄။ ရေစိုနေသော လျှပ်စစ်ပစ္စည်းများကို အသုံးမပြုပါနှင့်။

၄။ အန္တရာယ်ရှိနိုင်သော ဓာတ်ကြိုးများ၊ ဓာတ်တိုင် သစ်ပင်သစ်ကိုင်းများကို သတိပြုရှောင်ရှားပါ။ သက်ဆိုင်ရာသို့အကြောင်း ကြားပြီး ကူညီ ရှင်းလင်းပါ။



၅။ ရေကြီးခြင်း၏နောက်ဆက်တွဲအနေဖြင့်ဖြစ်ပေါ်နိုင် သော ဘေးအန္တရာယ်များနှင့် ကူးစက်ရောဂါများကို ဂရုပြုပါ။

၆။ ကယ်ဆယ်ရေးနှင့် အရေးပေါ်ပြန်လည်ထူထောင်ရေး လုပ်ငန်းများတွင် ပူးပေါင်းလုပ်ဆောင်ပါ။




## ရေကြီးပြီးနောက် ပြုလုပ်ရန်အချက်များ

၁။ မိသားစုဝင်များ ပျောက်ဆုံး၊ ကွဲကွာပါက သက်ဆိုင်ရာသို့ အကြောင်းကြားပါ။

၂။ သက်ဆိုင်ရာအစိုးရ ဌာနမှ ထုတ်ပြန် ကြေညာသော မိုးလေဝသ သတင်းများကို စဉ်ဆက်မပြတ်နားထောင်ပြီး အကြံပြုချက်များကို လိုက်နာပါ။



၃။ အမှိုက်များအား စနစ်တကျ ရှင်းလင်းခြင်း၊ တိရစ္ဆာန်အသေကောင် များအား စနစ်တကျမီးရှို့ ခြင်း(သို့) မြေမြှုပ်ခြင်း များပြုလုပ်ပါ။



## ရေကြီးပြီးနောက် ရှောင်ရှားသင့်သည့် အချက်များ

၁။ သက်ဆိုင်ရာအစိုးရဌာနမှ ထုတ်ပြန်ကြေညာခြင်း မဟုတ်သည့် ကောလာဟလသတင်းများကို မယုံပါနှင့်။

၂။ မသန့်ရှင်းသော ရေအရင်း အမြစ်များကို မသုံးစွဲပါနှင့်။

၃။ ရေစိုပြီး အနံ့အသက် မကောင်းသော အစား အစာများမစားပါနှင့်။





၄။ ရေထဲတွင် ဖိနပ်မပါဘဲ လမ်းမလျှောက် ပါနှင့်။


**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**


### "သက်ဆိုင်သူနှင့် အများသိရှိနိုင်ရန် ကြေညာခြင်း"

(အဖ) ဦးကျော်ငွေး ၏ အမွေခံ တတိယသားဖြစ်သူနှင့် ၎င်း၏ ရှေ့နေတို့မှ (၆-၂-၂၀၂၂)ရက်စွဲ ကြေးမုံသတင်းစာ စာမျက်နှာ(၃၀)ပါ ကြေညာချက်နှင့်စပ်လျဉ်း၍ (၂၀-၉-၂၀၂၀)နေ့၌ (အဖ) ဦးကျော်ငွေး၏ သားအဖြစ် ကျမ်းကျိန်ဆိုသူ ကိုမြင့်ဟိန်းငွေး အသက်(၄၄)နှစ် [၉/ခအဇ(နိုင်)၀၀၃၈၃၉]သည် ၎င်း၏ ဖခင် ဦးကျော်ငွေး ကွယ်လွန်ချိန်၌ ဦးကျော်ငွေး၏ အမွေခံ တတိယသားအဖြစ် (၁၉-၈-၂၀၁၈)နေ့ ကြေးမုံ၊ မြန်မာ့အလင်းသတင်းစာများတွင်ကြေညာပါသည်။ (၂၄-၇-၂၀၂၀) နေ့ ၎င်း၏ ကြီးဒေါ်ကြီး ဒေါ်တင်ကြည်ဦး ကွယ်လွန်ပြီး (၈၆)ရက်အကြာတွင် ဒေါ်တင်ကြည်ဦး ၏ တရားဝင်ကိုယ်စားလှယ်အဖြစ် လျှောက်ထားပါသည်။ ၎င်းအမှုကို တရားရုံးမှ စစ်ဆေးနေဆဲဖြစ်ပါသည်။ တရားရုံးစစ်ဆေးဆဲ မည်သည့်အမှုမျိုးတွင် မဆို၊ အမှု မဆုံးဖြတ်မီ အချိန်ကာလအတွင်း တည်ဆဲဥပဒေပြဋ္ဌာန်းချက်များကို ကျော်လွန်ပြီး သတင်းစာကြေညာခြင်းမျိုးကို ပြုလုပ်ခွင့်မရှိပါ။ ၎င်းတို့၏ သတင်းစာ ကြေညာခြင်းသည် တည်ဆဲဥပဒေပြဋ္ဌာန်းချက်များကို ကျော်လွန်ပြီး၊ စစ်ဆေးဆဲ အမှု မဆုံးဖြတ်မီ တရားရုံးအဆင့်ဆင့် အမှုမပြီးဆုံးမီအချိန်တွင် ကြေညာခွင့်မရှိသည့်အတွက် (၆-၂-၂၀၂၂)နေ့စွဲပါ ကြေးမုံသတင်းစာ၌ ကြေညာခဲ့ခြင်းနှင့် ယနေ့တိုင် အဆိုပါ သတင်းစာကြေညာချက်ကို ပြန်လည်ရုပ်သိမ်းမှုမရှိခြင်းတို့အား လက်မခံပါကြောင်း၊ ပြင်းထန်စွာ ကန့်ကွက်ပါကြောင်း (အဖ)ဦးကျော်ငွေး၏ တတိယသား ကိုမြင့်ဟိန်းငွေးနှင့် အများသိရှိနိုင်ရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဦးမြင့်ဦး ပါ (၄)**
**[၁၂/လမန(နိုင်) ၀၆၄၁၇၃]**

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးဝင်းဆောင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**(စဉ်-၇၂၆၁/၈-၁၀-၂၀၀၄)**
**တိုက်အမှတ်(၅၅၀)၊ အခန်းအမှတ်(၂၀၁)**
**ရွှေဝါလမ်း၊ မေတ္တာညွန့်ရပ်ကွက်**
**တာမွေမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၂၅၀၇၆၆၂၄၅**

**ဦးဝင်းမြင့် [B.A(Law); LL.B, D.B.L]**
**တရားလွှတ်တော်ရှေ့နေ**
**(စဉ်-၄၇၁၇/၃၀-၈-၁၉၈၈)**
**မ-၉၃(မြေညီ)၊ ဘယသုဒ္ဓိလမ်း၊ ပုသိမ်ညွန့်ရပ်ကွက်**
**တာမွေမြို့နယ်၊ ရန်ကုန်မြို့။**
**Ph : 09-5167173**

### နေပြည်တော်စည်ပင်သာယာရေးကော်မတီ
### နေပြည်တော်မြို့အဝင်မုခ်ဦး Conceptual Design ရေးဆွဲရန် စိတ်ဝင်စားသူများကို ဖိတ်ခေါ်ခြင်း

နေပြည်တော်မြို့အဝင် ရာဇသင်္ဂဟလမ်းမကြီးပေါ်တွင် မြို့အဝင်မုခ်ဦးပုံစံ Conceptual Design ကို ရေးဆွဲရန်အတွက် စိတ်ပါဝင်စားသူများကို မုခ်ဦးပုံစံ ဒီဇိုင်းရေးဆွဲပေးပို့ရန် ဖိတ်ခေါ်အပ်ပါသည်။

**မုခ်ဦးဒီဇိုင်းဆိုင်ရာအချက်အလက်များ**

(က) မုခ်ဦးအလျားခန့်မှန်း ၂၀၀ ပေခန့်၊ အနံ ၅၀ပေခန့်။(Clear Span ၁၁၈ ပေ)
( ခ ) အခြေခံပုံစံအဖြစ် အဆိုပြုနေရာတွင် မုခ်ဦးအဆောက်အဦသည် လမ်းလယ်ကျွန်း မပါသော ၈ လမ်းသွား (8 Lanes)လမ်းအား မိုးထားသည့် ပုံစံအဖြစ် လျာထားရေးဆွဲရန်နှင့် အခမ်းအနားများကျင်းပသည့် အချိန်တွင် ယာဉ်များ ရှောင်ကွင်းသွားလာရန်အတွက် မုခ်ဦး၏ ဘယ်/ညာ တွင် 2 Lanes လမ်းများ လျာထားရေးဆွဲရန်။
( ဂ ) အဓိကလမ်းမကြီးဖြစ်သော ၈ လမ်းသွားလမ်းနှင့် ရှောင်ကွင်းလမ်း ( 2 Lanes လမ်း)ကြားရှိ မြေဧရိယာ အား Landscaping Area အဖြစ် ဆောင်ရွက်သွားရန်။
(ဃ) မုခ်ဦးပုံစံတွင် မြန်မာမှု စုလစ်မွမ်းချွန်ပုံစံ (Classis Design)များ ထည့်သွင်းရေးဆွဲရန်။

**စည်းကမ်းသတ်မှတ်ချက်များ**

(က) မုခ်ဦးပုံစံရေးဆွဲရန် စိတ်ဝင်စားသူသည် A3 Size ဖြင့် ဒီဇိုင်းပေးပို့ရာတွင် Hard Copy (၂)စုံနှင့် CD တွင် Jpeg Format (4K)ဖြင့် လူကိုယ်တိုင်ဖြစ်စေ၊ Email ဖြင့် ဖြစ်စေ ပေးပို့တင်ပြရမည်။
( ခ ) မုခ်ဦးပုံစံရေးဆွဲရာတွင် တစ်ဦးချင်းဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ ဒီဇိုင်းအရေအတွက် အကန့်အသတ်မရှိ ကိုယ်ပိုင်ရေးဆွဲထားသော ဒီဇိုင်းများဖြင့် ပေးပို့နိုင်ပါသည်။
( ဂ ) ရေးဆွဲပေးပို့လာသော ဒီဇိုင်းကို လိုအပ်ပါက ရေးဆွဲထားသူကိုယ်တိုင် စိတ်ကူးအကြံဉာဏ်များကို ထည့်သွင်း၍ Persentation ပြုလုပ်ရမည်ဖြစ်ပြီး မိမိတို့ကိုယ်တိုင် ရေးဆွဲထားသော ဒီဇိုင်းဖြစ်ကြောင်း ဝန်ခံချက် ပါရှိရပါမည်။
(ဃ) နေပြည်တော်သည် မြန်မာနိုင်ငံ၏ မြို့တော်ဖြစ်သည့်အားလျော်စွာ မြို့တော်၏ပုံရိပ်ကို ဂုဏ်ယူဝင့်ကြွားစွာဖော်ဆောင်သော ဒီဇိုင်းများဖြင့်သာ ရေးဆွဲရမည်။
( င ) ပေးပို့လာသော မုခ်ဦးပုံစံဒီဇိုင်းများကို စိစစ်ရွေးချယ်ပြီး အသုံးပြုသွားပါမည်။ ရွေးချယ်ခံရသည့် ဒီဇိုင်းများအတွက် ထိုက်သင့်သောချီးမြှင့်ငွေ ပေးအပ်သွားမည် ဖြစ်ပါသည်။
( စ ) ရေးဆွဲပြီးသည့် မုခ်ဦးဒီဇိုင်းကို (၃၀-၉-၂၀၂၄)ရက်နေ့နောက်ဆုံးထား၍ ရုံးချိန်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)သို့ လာရောက်ပေးပို့ရန် ဖြစ်ပါသည်။

- မုခ်ဦးဒီဇိုင်းရေးဆွဲပေးပို့လိုသူများသည် နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)၊ မြို့တော်ခန်းမ(ဖုန်း-၀၆၇-၈၁၀၈၂၁၂) တွင် အခြေခံရမည့်အချက်များကို လာရောက်ဆက်သွယ် ဆောင်ရွက်နိုင်ပါသည်။

**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

### ဖခင်အမည်မှန်

မွန်ပြည်နယ်၊ ချောင်းဆုံမြို့နယ်၊ အ.ထ.က(ခွဲ)ကမာမိုး၊ ကျောင်းမှ မိကေသီခိုင်(Grade-12)၏ ဖခင်အမည်မှန်မှာ ဦးဇော်မင်းထွန်း [၁၀/ခဆန(နိုင်) ၀၇၅၉၉၈] ဖြစ်ပါကြောင်း။

**ဦးဇော်မင်းထွန်း**

### ဖခင်အမည်မှန်

သာကေတမြို့နယ်၊ အမက (၁၁) Grade-5မှ မောင်အောင်မြင့်မြတ်၏ ဖခင် အမည်မှန်မှာ ဦးစန်းရီမောင် [၈/ဆဖန(နိုင်)၀၅၈၁၁၂]ဖြစ်ပါကြောင်း။

**ဦးစန်းရီမောင်**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ (၄)ရပ်ကွက်၊ ဟံသာရိပ်မွန်အိမ်ရာ၊ တိုက်အမှတ်(၂၁၈/၂၁၂)၊ အခန်းအမှတ်(၀၀၁)၊ မြေညီထပ်ကို မူလအမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်သန်းသန်းငွေ [၁၂/ကမရ(နိုင်)၀၂၅၉၉၅] ထံမှ မေတ္တာဖြင့်အပိုင်ပေးကမ်းခြင်းခံရသော တူမဖြစ်သူ ဒေါ်ယဉ်ယဉ်ကြည် [၁၂/ကမရ(နိုင်)၀၀၇၉၉၂]နှင့် ဒေါ်တင်တင်ငွေး [၁၂/ကမရ(နိုင်)၀၀၇၉၅၃] တို့က ၎င်းတို့အမည်ဖြင့် တိုက်ခန်းပိုင်ဆိုင်ခွင့်စာအုပ် ပြုလုပ်ပေးပါရန် ဌာနသို့လျှောက်ထားလာပါသည်။ ထုတ်ပေးရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း စာရွက်စာတမ်း အထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

### "အများသိစေရန်ကြေညာခြင်း"

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မြသီတာ[၁၂/ဥကမ(နိုင်)၀၂၈၆၁၀]နှင့် ဦးကျော်ကျော်လင်း (ဘ) ဦးစိန်သောင်း [၆/တသရ(နိုင်)၀၃၇၁၁၂] (CDC No.83944)ကိုင်ဆောင်သူတို့သည် (၂-၆-၂၀၁၆)ရက်နေ့၌ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် တရားရုံးတော်၌ လက်ထပ်ထိမ်းမြားခဲ့သော တရားဝင်အကြင်လင်မယားများဖြစ်ကြပြီးသားဖြစ်သူ မောင်သုဖွဲလင်း ထွန်းကားခဲ့ပါကြောင်းနှင့် ခင်ပွန်းဖြစ်သူ၏ အကျိုးခံစားခွင့်အရပ်ရပ်မှာ ကျွန်ုပ်မိတ်ဆွေနှင့် ၎င်းတို့၏သားဖြစ်သူတို့မှလွဲ၍ မည်သူတစ်ဦးတစ်ယောက်ထံတွင်မျှ ခံစားခွင့်မရှိပါကြောင်း၊ ကျွန်ုပ်မိတ်ဆွေ၏သဘောဆန္ဒမပါရှိဘဲ ခင်ပွန်းဖြစ်သူ၏အကျိုးခံစားခွင့်များ အား လက်ခံရယူခဲ့သည်ရှိသော် တည်ဆဲဥပဒေများအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ယုယုခင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၈၀၇)**
**အမှတ်(၂၈၆)၊ ဒုတိယထပ်(ယာ)(A-3)၊ သုမိတ္တာ(၉)လမ်း၊ (၁)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၄၂၀၇၇၄၄၈၇**

သင့် သွေး ဖြင့် အ သက် ကယ် ပါ

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

( ခ ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

( ဂ ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

( ခ ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍ မြှင့်တင်ရေး။

( ဂ ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

( ခ ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

( ဂ ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **မျက်မှောက်ကာလတွင် အင်အားကြီးနိုင်ငံများက ဖွံ့ဖြိုးဆဲနိုင်ငံငယ်များအပေါ် စစ်ရေးအရ လွှမ်းမိုးချုပ်ကိုင်လိုမှု၊ နိုင်ငံရေးအရ မိမိဩဇာခံအဖြစ် ထားရှိလိုမှုများကြောင့် နောက်ကွယ်မှ ဘက်စုံစစ်ပွဲအသွင်ဖော်ဆောင်ကာ လုပ်ဆောင်နေကြသည်ကို တွေ့မြင်ကြရမည်ဖြစ်ပါသည်။**

❖ **သို့ဖြစ်၍ ပြည်ထောင်စုကြီး အဓွန့်ရှည်ကြာ ထာဝစဉ်တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားပြည်သူအားလုံးက ပြည်ထောင်စုစိတ်ဓာတ်အရင်းခံလျက် ထိန်းသိမ်းကာကွယ်စောင့်ရှောက်သွားကြရန် အလေးအနက် တိုက်တွန်းအပ်ပါသည်။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ကျရောက်သော (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ပေးပို့သည့် သဝဏ်လွှာမှ ကောက်နုတ်ချက်)

## မြန်မာအမျိုးသမီးလိဂ်တွင် ရှမ်းယူနိုက်တက်အသင်း ပထမဆုံးနိုင်ပွဲရရှိ

**ရန်ကုန် စက်တင်ဘာ ၁၄**

၂၀၂၄ ရာသီ မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၆) နောက်ဆုံးနေ့ကို စက်တင်ဘာ ၁၄ ရက်က စလင်းကွင်း၌ကျင်းပရာ ရှမ်းယူနိုက်တက်အသင်းက လက်ရှိချန်ပီယံ မြဝတီအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

ယခုရာသီတွင် ပထမဆုံးဝင်ရောက်ယှဉ်ပြိုင်သည့် ရှမ်းယူနိုက်တက်အသင်းသည် တတိယအကျော့မှ ပထမဆုံးနိုင်ပွဲရယူနိုင်ခဲ့ပြီး လက်ရှိချန်ပီယံ မြဝတီအသင်းကို အနိုင်ကစားခဲ့ခြင်းဖြစ်သည်။ လက်ရှိချန်ပီယံ မြဝတီအသင်းသည် ခြောက်ပွဲမြောက် ရှုံးပွဲနှင့်အတူ ချန်ပီယံဆုကာကွယ်နိုင်ရန် အခွင့်အရေးနည်းသွားပြီဖြစ်သည်။

စာမျက်နှာ ၂၂ ကော်လံ ၃ သို့ ○

## မန်ယူအသင်းက ဆောက်သမ်တန်အသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိ



မန်ယူအသင်းနှင့် ဆောက်သမ်တန်အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

ဆောက်သမ်တန်အသင်းနဲ့ မန်ယူအသင်းတို့ စက်တင်ဘာ ၁၄ ရက်ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ ပရီမီယာလိဂ်ပွဲစဉ်မှာ မန်ယူအသင်းက ဆောက်သမ်တန်အသင်းကို သုံးဂိုး-ဂိုးမရှိနဲ့ အနိုင်ရရှိခဲ့ပါတယ်။

**သွင်းယူ**

အဲဒီပွဲစဉ်မှာ ဧည့်သည်အဖြစ် လာရောက်ကစားခဲ့ရတဲ့ မန်ယူအသင်းအတွက် သွင်းဂိုးတွေကို ပထမပိုင်းပွဲကစားချိန် ၃၅ မိနစ်မှာ ဒီလစ်က တစ်ဂိုး၊ ၄၁ မိနစ်မှာ ရက်ဖို့ဒ်က တစ်ဂိုးနဲ့ သာမန်ပွဲကစားချိန်အပြီး နာကျင်အချိန်ပို ခြောက်မိနစ်မှာ ဂါနာချိုက တစ်ဂိုး သွင်းယူပေးခဲ့တာဖြစ်ပါတယ်။

အိမ်ရှင်အသင်းဖြစ်တဲ့ ဆောက်သမ်တန်အသင်းဟာ ချေပဂိုးပြန်လည်ရရှိရေး ကြိုးပမ်းခဲ့ပေမယ့် ဒုတိယပိုင်းပွဲကစားချိန် ၇၉ မိနစ်မှာ စတီဖန် တိုက်ရိုက်အနီကတ်ပြသခံခဲ့ရတာကြောင့် တစ်ယောက်လျော့နဲ့ ကစားခဲ့ရတာဖြစ်ပါတယ်။

စာမျက်နှာ ၁၀ ကော်လံ ၅ သို့ ❖




ရန်ကုန်ယူနိုက်တက်အသင်းနှင့် ဒဂုံစတားယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

## MNL ပြိုင်ပွဲတွင် ရန်ကုန်နှင့် ဒဂုံစတား သရေကျပြီး အား/ကာသိပ္ပံအသင်း ဂိုးပြတ်နိုင်ပွဲရရှိ

**ရန်ကုန် စက်တင်ဘာ ၁၄**

၂၀၂၄-၂၀၂၅ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၁၀) ဒုတိယနေ့ကို ယနေ့ဆက်လက်ကျင်းပရာ ရန်ကုန်နှင့် ဒဂုံစတားအသင်း သရေကျပြီး အား/ကာသိပ္ပံအသင်း ဂိုးပြတ်အနိုင်ရရှိသည်။

YUSC ကွင်း၌ကျင်းပသည့်ပွဲတွင် ရန်ကုန်ယူနိုက်တက်အသင်းနှင့် ဒဂုံစတားယူနိုက်တက်အသင်း ဂိုးမရှိသရေကျခဲ့သည်။ ရန်ကုန်ယူနိုက်တက်အသင်းသည် ထိပ်ဆုံးမှ ရှမ်းယူနိုက်တက်အသင်းကို ဖိအားပေးရန် ကြိုးစားရင်းမှ ခြေချော်ခဲ့ပြီး သရေရလဒ်ကြောင့် လေးမှတ်အထိ ပြတ်သွားခဲ့သည်။

စာမျက်နှာ ၁၇ ကော်လံ ၅ သို့ ✪

## ယနေ့ ဖတ်စရာ

**ရေဘေးသင့်ပြည်သူများအတွက် ပြည်တွင်း/ ပြည်ပ စေတနာရှင်ပြည်သူများက အလှူငွေများ လှူဒါန်းနိုင်ရေး ထပ်မံအသိပေးကြေညာခြင်း**
စာမျက်နှာ » ၁၀

**အလေးထားလိုက်နာ နှလုံးကျန်းမာ**
ဆောင်းပါး စာမျက်နှာ » ၁၂

**အီရတ်နိုင်ငံတွင် အခက်အခဲကြုံတွေ့နေရသည့် ချင်းတိုင်းရင်းသူနှင့် ရခိုင်တိုင်းရင်းသူတို့အား အမိနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်**
စာမျက်နှာ » ၁၄

**ရေဝင်ရောက်မှုများဖြစ်ပေါ်ခဲ့သည့်နေရာများတွင် လိုအပ်သည့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများနှင့် သန့်ရှင်းရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်၊ စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်း**
စာမျက်နှာ » ၁၆